


The VOICE Daily




Vol. 4 / No. 206 Established in 2004 ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်၊ (Wednesday, December 7, 2016)

# မဟာမိတ်တပ်ပေါင်းစုကို အကြမ်းဖက်အဖွဲ့အစည်း သတ်မှတ်ရန် ရှမ်းလွှတ်တော် အရေးကြီးအဆိုတင်

**တောင်ကြီး၊ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့်တိုက်ပွဲများ၌ KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်များကို ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း အရေးကြီးအဆိုကို ဒီဇင်ဘာလ ၆ ရက်နေ့က ကျင်းပသည့် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေးတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ မှ ဦးအောင်သူက တင်သွင်းခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအတွင်း လက်နက်ကြီးများကျရောက်ပေါက်ကွဲစေခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအပြင် နယ်စပ်ဒေသ ငြိမ်းချမ်းရေးကို စာ 28

**မိုးကိုးတိုက်ပွဲအတွင်း ပျောက်ဆုံးနေသည့် ရဲတပ်ဖွဲ့ဝင် သုံးဦးပြန်တွေ့၊ နှစ်ဦးကျဆုံး** စာ 24

## ပြည်တွင်းစစ်ရပ်စဲရေး အိမ်နှင့် ဆိုင်များ အလံဖြူထောင် တောင်းဆိုကြရန် တိုက်တွန်း



စာ 3

ဓာတ်ပုံ – အောင်နိုင်

ပြည်တွင်းစစ်ပွဲများ ချက်ချင်းရပ်ရန် တောင်းဆိုသည့် အလံဖြူလှုပ်ရှားမှုချီတက်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၌ စုဝေးကာ မဟာဗန္ဓုလလမ်းအတိုင်း စတင်ခဲ့ကြစဉ်



ဓာတ်ပုံ – အောင်နိုင်

## ရခိုင်အရေးသည် အာဆီယံ တည်ငြိမ်မှုကို မပျက်ပြားနိုင်ဟု ကိုဖီအာနန်ဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်အရေးသည် အာဆီယံနိုင်ငံများ၏ တည်ငြိမ်မှုများကို မပျက်ပြားစေနိုင်ကြောင်း ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောကြားလိုက်သည်။

ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်သည် ဒုတိယ အကြိမ်မြောက် ရခိုင်ပြည်နယ်ခရီးစဉ်အပြီး ဒီဇင်ဘာလ ၆ ရက်က ရန်ကုန်မြို့တော်ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုကို အထက်ပါ အတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

"ရခိုင်ပြည်နယ်ရဲ့အခြေ စာ 28




## မူဝါဒအပြောင်းအလဲကြောင့် မော်တော်ယာဉ်အရောင်းအဝယ်သွက်

စာ 9

## မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်မှုကို ရက်အကန့်အသတ်မရှိ ခေတ္တရပ်ဆိုင်း

စာ 3



# ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းနေရသည့် မြန်မာနိုင်ငံအပေါ် နားလည်မှုရှိရန်လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**နေပြည်တော်၊ ဒီဇင်ဘာ ၆**


Ministry of Foreign Affairs Myanmar

ဆယ်စုနှစ်များစွာကြာမြင့်နေပြီဖြစ်သည့် ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းဆောင်ရွက်နေရသည့် မြန်မာနိုင်ငံအပေါ် အချိန်ယူဆောင်ရွက်ခွင့်ပေးရန်နှင့် နားလည်မှုရှိရန် လိုအပ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မစ္စတာကိုဖီအာနန် ခေါင်းဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့နှင့်တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးမှု၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့လုပ်ငန်းများ ဆောင်ရွက်နေမှု၊ NV ကတ် စိစစ်ထုတ်ပေးမှုလုပ်ငန်းစဉ်အပါအဝင် ဒေသအတွင်း လွတ်လပ်စွာ ကူးသန်းသွားလာမှုဆိုင်ရာကိစ္စရပ်များတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ထပ်လောင်းပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုဖီအာနန်ခေါင်းဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အနေနှင့်လည်း နိုဝင်ဘာလ ၉ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့အထိ ခရီးစဉ်များအတွင်း လေ့လာတွေ့ရှိချက်များကို နိုင်ငံတော် အတိုင်ပင်ခံထံ တင်ပြခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းတွေ့ဆုံမှုတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ■

## ရန်ကုန်တွင် နိုဝင်ဘာလအတွင်း မီး ၂၈ ကြိမ် လောင်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ (၂၈)ကြိမ်မီးလောင်ခဲ့ပြီးဆုံးရှုံးမှု တန်ဖိုးခုနစ်ရာရှစ်ဆယ့်လေးသိန်းကျော် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါမီးလောင်မှုများတွင် လျှပ်စစ်ဝါယာရှော့ခ်ဖြစ်သဖြင့် လောင်ကျွမ်းမှုအများဆုံးဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးအများဆုံးမှာ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းက လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ စံပယ်ခြံလမ်းရှိ ပလတ်စတစ်စက်ရုံ မီးလောင်မှုနှင့် နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းက လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မီးခွက်ဈေးအနီးရှိအကယ်ဒမီကုန်စုံဆိုင်မီးလောင်မှုတို့ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“မီးလောင်မှုတွေက လျှပ်စစ်ဝါယာရှော့ခ်ဖြစ်မှုတွေ များတယ်၊ လျှပ်စစ်မီးသုံးစွဲတဲ့သူတွေက ပေါ့ပေါ့ဆဆမနေဘဲ အိမ်သုံးလျှပ်စစ်ဝါယာကြိုးတွေကို သေချာစစ်ဆေးသွားဖို့လိုပါတယ်၊ အခိုကကတော့ မီးလောင်တဲ့နေရာကိုသွားရတဲ့ မီးသတ်ကားတွေက လမ်းပိတ်နေလို့ ကြာသွားတာတွေရှိတယ်၊ အများအားဖြင့်တော့ နားလည်မှု ပေးကြတယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံ ဘယ်လောက် ဥသြဆွဲဆွဲ ပိတ်နေတာတွေ ကြုံရတယ်၊ အဲဒါကြောင့် ဆုံးရှုံးမှုများရတာများပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းက စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ မကြီးကြီးလမ်းတွင် (100 KVA) ရှိ ထရန်စဖော်မာ အဝင်အထွက်ကြိုးများတွင် အသုံးပြုသည့် ထရန်စဖော်မာဆီများယိုစိမ့်ရာမှ စတင်မီးလောင်ခဲ့ပြီး မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၈၀ ခန့်ဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း၊ မီးပေါ့ဆ သုံးစွဲသူအသက် ၆၃ နှစ်အရွယ် အမျိုးသားကို ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် စမ်းချောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရှိရသည်။

■ J 16

## စရိတ်လစာနှင့် ကော်မရှင်အဖွဲ့ခွဲဝင်သက်တမ်းကို ပြင်ဆင်ရန် ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပြင်ဆင်မည်

**နေပြည်တော်၊ ဒီဇင်ဘာ ၆**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ သက်တမ်းကို ၅ နှစ်ထားရှိရာမှ ကိုးလအဖြစ်သို့ ပြင်ဆင်ခြင်းနှင့် လစဉ်ချီးမြှင့်ငွေများကို ပြင်ဆင်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက လွှတ်တော်သို့ တင်ပြလိုက်သည်။

ဒီဇင်ဘာလ ၆ ရက်နေ့က ကျင်းပသော အမျိုးသားလွှတ်တော်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်ရန် ၎င်းက တင်ပြခဲ့ခြင်းဖြစ်ပြီး ယင်းအချက်တို့ပြင်ဆင်လိုကြောင်း ၎င်း က ရှင်းပြသည်။

“ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေကို ဖွဲ့တာ သက်တမ်းငါးနှစ်လုံး မဟုတ်ဘဲ သက်တမ်းကာလသတ်မှတ်တာ၊ လုပ်မယ့်နှစ်မှာ ကိုးလပဲ သတ်မှတ်ဖို့ ပြင်ဆင်တာ၊ နောက်တစ်ခုက စရိတ်ချီးမြှင့်ငွေကို အစိုးရအဖွဲ့နဲ့ညှိပြီး ပြင်ဆင်မှာ၊ ကော်မရှင်သစ်မှာ လွှတ်တော်က သတ်မှတ်တဲ့နှုန်းနဲ့ ပေးအောင် အစိုးရအဖွဲ့နဲ့ ညှိပြီး သတ်မှတ်မှာပါ” ဟု ၎င်းက ပြောသည်။

ရွေးကောက်ပွဲသည် ၅ နှစ်သက်တမ်းအတွင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ ကျင်းပသောကြောင့် အဖွဲ့ခွဲဝင်များကို လစဉ်ချီးမြှင့်ငွေပေးခြင်းသည် နိုင်ငံတော်အတွက် ကုန်ကျစရိတ်များပြားနိုင်သောကြောင့် ယင်းဥပဒေ ပြင်ဆင်ပြီးပါက ဧပြီလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌လည်း ကျင်းပမည့် မြို့နယ် ၂၂ မြို့နယ်မှ အဖွဲ့ခွဲဝင်များကိုသာ စရိတ်ချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကော်မရှင်ဥက္ကဋ္ဌ ပြင်ဆင်လိုသည့် ကိစ္စများသည် ပြင်ဆင်သင့်သည့်ကိစ္စများဖြစ်ပြီး အမျိုးသားလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည်က ကော်မတီကိုယ်စား တင်ပြပြောကြားသည်။

လက်ရှိတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်မြို့နယ်များတွင် အိမ်တိုင်ရာရောက် စာရင်းစစ်နေပြီး ကွန်ပျူတာစာရင်းသွင်းနေပြီဖြစ်ကြောင်း၊ လူဦးရေများပြားသည် မြို့နယ်များကို ဆက်လက်ကောက်ခံနေကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။ ■ S-01

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း (LL.B)
Ph: 01-394727, 01-399426
09-73009994, 09-5152521
E.mail:sayagyiyarzarzawwin@gmail.com

အောင်ပြည့်စုံ
10',14',16'-8ft
09-421041338,
09-73224763,09-250095114

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ အရိုး၊ အကြော
09 - 73121554
09 - 73038158, 09 - 43088215



ဓာတ်ပုံ- အောင်နိုင်

# ပြည်တွင်းစစ်ရပ်စဲရေး အိမ်နှင့် ဆိုင်များ အလံဖြူထောင် တောင်းဆိုကြရန် တိုက်တွန်း

ရန်ကုန်၊ ဒီဇင်ဘာ ၆

ကချင်၊ ရှမ်း စသော တိုင်းရင်းသား ဒေသများတွင် ဆင်နွှဲလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများချက်ချင်းရပ်စဲရေးအတွက် ပြည်သူများအနေနှင့် မိမိတို့၏အိမ်နှင့် ဈေးဆိုင်များတွင် အလံဖြူများထောင်ပြီး တောင်းဆိုကြရန် ပြည်သူ့လှုပ်ရှားမှုကွန်ရက် အဖွဲ့က တိုက်တွန်းလိုက်သည်။

ဒီဇင်ဘာလ ၆ ရက် မွန်းလွဲပိုင်းက ပြည်သူ့လှုပ်ရှားမှု ကွန်ရက်အဖွဲ့က ဦးဆောင်ကာ ငြိမ်းချမ်းရေးကိုလိုလားသော ပြည်သူလူထု ၅၀ ကျော်က ပြည်တွင်းစစ်ပွဲများကို ချက်ချင်းရပ်တန့်ပေးရေးအတွက် ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် စုဝေးခဲ့ပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ် အလံဖြူများ ကိုင်ဆောင်ကာငြိမ်းချမ်းရေးကို ထောက်ခံကြ၊ ပြည်တွင်းစစ်တွေချက်ချင်းရပ်၊ အလံဖြူတွေ လွှင့်ထားကြ၊ညီညွတ်ရေးကို မြှင့်တင်ကြ စသည့်ကြွေးကြော်သံများဖြင့် ရန်ကုန်မြို့တော်ခန်းမရှေ့ထိ ချီတက်ဆန္ဒပြတောင်းဆိုခဲ့ရာတွင် ယင်းသို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းစစ်ဖြစ်နေလို့ ဘယ်နိုင်ငံမှ တိုးတက်မှာမဟုတ်ဘူး၊ အခုပြည်တွင်းစစ်ကြီးက ဖွဲ့စည်းပုံကနေပေးအပ်ထားတဲ့ အချုပ်အခြာအာဏာပိုင်ရှင် ပြည်သူလူထုကို ခြိမ်းခြောက်နေတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြုတ်တိုက်၊ အပြတ်ရှင်းလို့ ရခဲ့တဲ့ငြိမ်းချမ်းရေးဆိုတာမရှိဘူး၊ အမုန်းတရား၊ သံသယ၊ အာဃာတတွေများလာတာပဲရှိတယ်၊ အဲဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဇင်ဘာလတစ်လလုံးမိမိတို့ရဲ့အိမ်၊ ဈေးဆိုင်စတဲ့နေရာတွေမှာအလံဖြူထောင်ထားပြီးတောင်းဆိုကြပါ။ ပြည်တွင်းစစ်ရပ်စဲဖို့ ပြည်သူလူထုပူးပေါင်းပါဝင်ပေးကြပါလို့ပြောကြားချင်ပါတယ်"ဟု ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်တာဝန်ခံ ဦးမြတ်ကျော်က ပြောကြားသည်။

ယခုကဲ့သို့ ဆန္ဒပြလှုပ်ရှားမှုကို မည်သည့်ပါတီ၊ အဖွဲ့အစည်းများ၏ စေခိုင်းချက်ကြောင့်မျှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ပြည်သူ့ဘက်မှ ရပ်တည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ (၂၁)ရာစု ပင်လုံညီလာခံမကျင်းပမီအချိန်ကတည်းက သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီး လှုပ်ရှားလာခြင်းဖြစ်ကြောင်း၊ နောင်စစ်ပွဲမရပ်မချင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထောက်ခံပူးပေါင်းသွားမည်ဖြစ်ကြောင်း ယင်းကော်မတီဝင် ဦးကြည်မြင့်က ဆိုသည်။

"ပြည်သူလူထုခံစားနေရတဲ့ စစ်ဘေးဒုက္ခတွေကို ကိုယ်တိုင်မြင်တွေ့ခံစားခဲ့ရလို့ ဒီပွဲလုပ်တာပါ။ တိုက်ပွဲတွေတိုင်းမှာ တပ်မတော်သားတွေသေသလို၊ တိုင်းရင်းသားလက်နက်ကိုင်တွေလည်း သေနေတာပဲ၊ သူတို့အားလုံးဟာ ကျွန်တော်တို့ ပြည်သူတွေပါ၊ ပြီးတော့ တိုက်ပွဲဖြစ်လို့ ဒုက္ခခံစားနေရတဲ့ ပြည်သူတွေအတွက် ကိုယ်ချင်းစာနာကြဖို့ လိုအပ်ပါတယ်၊ အဲဒါကြောင့် နှစ်ဖက်စလုံးကစစ်ပွဲတွေ ရပ်တန့်ပြီး စားပွဲဝိုင်းမှာ ဆွေးနွေးကြဖို့ တိုက်တွန်းပါတယ်"ဟု ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်မှ ဦးဆောင်ကော်မတီဝင် ဦးခင်စိုးက ပြောကြားသည်။

■ J- 16

# မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်မှုကို ရက်အကန့်အသတ်မရှိ ခေတ္တရပ်ဆိုင်း

ရန်ကုန်၊ ဒီဇင်ဘာ ၆

မလေးရှားနိုင်ငံဝန်ကြီးချုပ်ဦးဆောင်၍မြန်မာနိုင်ငံအပေါ် ပြင်းထန်စွာ ဆန္ဒပြသည့်ဖြစ်စဉ်များကြောင့် မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်မှုကို ရက်အကန့်အသတ်မရှိ ခေတ္တရပ်ဆိုင်းလိုက်ကြောင်း အလုပ်သမား၊လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ သိရသည်။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားနေသော ဆန္ဒပြမှုများကြောင့် မလေးရှားနိုင်ငံမှ အလုပ်ခေါ်စာ(Demand Letter) အသစ်များ လက်ခံခြင်းကို အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒီဇင်ဘာလ ၆ ရက်တွင် အဆိုပါဝန်ကြီးဌာနက စတင်ရပ်ဆိုင်းလိုက်ခြင်း ဖြစ်သည်။

"ခေတ္တပိတ်သိမ်းမှုကတော့ ရက်အကန့်အသတ် မရှိပါဘူး။ ဟိုဘက်က ဖြစ်ပေါ်နေတဲ့အခြေအနေကြောင့် ကျွန်တော်တို့ရဲ့နိုင်ငံသားတွေကို ကာကွယ်တဲ့အနေနဲ့ရပ်ဆိုင်းလိုက်တာပါ။ မလေးဘက်က ရပ်ဆိုင်းတာမဟုတ်ပါဘူး။ မြန်မာဘက်က မပို့တော့တာပါ"ဟု နေပြည်တော် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းကဆိုသည်။

အလုပ်သမားစေလွှတ် ခေါ်ယူခွင့်ပြုပြီးသည့်အလုပ်ခေါ်စာ (Calling Letter) များအတွက် ပို့ဆောင်ပေးမည့် အေဂျင်စီများအနေနှင့် အလုပ်သမားများအပေါ် အပြည့်အဝတာဝန်ယူသည်ဟူသော ကတိပြုလက်မှတ်ရေးထိုးမှုဖြင့်သာ စေလွှတ်ခွင့်ပြုထားကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မြန်မာလုပ်သားခေါ်ယူမှု ရပ်ဆိုင်းရန် မလေးရှားနိုင်ငံတွင် လှုံ့ဆော်မှုများရှိသည့်အပြင် ယခုရက်များအတွင်း မလေးရှားနိုင်ငံရှိ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် NGOs များ ဦးဆောင်၍ မြန်မာသံရုံးသို့ လာရောက် ဆန္ဒပြခြင်းများ ရှိနေသောကြောင့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများကို သတိပြုသွားလာကြရန် မြန်မာသံရုံး(ကွာလာလမ်ပူ)က ထုတ်ပြန်ထားသည်။

"လေယာဉ်လက်မှတ်ဖြတ်ပြီးသား အေဂျင်စီတွေနဲ့ အခမဲ့စနစ်နဲ့ပို့ဆောင်ဖို့ စီစဉ်ထားတဲ့ အေဂျင်စီတွေကတော့ မဖြစ်မနေ ပို့ရမှာပဲ။ နောက်မို့ဆို မပို့ဖြစ်ရင် ပြန်လျော်ရမှာတွေက ပမာဏများတယ်။ အခုလိုမျိုး မလေးမှာ တစ်ခုခု ဖြစ်ရင် အေဂျင်စီက အလုပ်သမားတွေကို ပြန်ခေါ်ပေးရမယ်ဆိုတဲ့ ခံဝန်ကတိကလည်း ပို့ဆောင်ရမယ့် အေဂျင်စီတွေအတွက် အကျပ်တကယ်ရိုက်စေတယ်"ဟု မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းရှင်များ အဖွဲ့ချုပ်၊ မလေးရှားနိုင်ငံ လုပ်ငန်းကော်မတီခေါင်းဆောင် ဦးသန်းထွန်းဦးက ဆိုသည်။

လက်ရှိတွင် မလေးရှားနိုင်ငံမှ မြန်မာလုပ်သားခေါ်ယူမှုအတွက် ပြောင်းလဲမှု မရှိသေးဘဲ လစဉ်နှစ်ထောင်ကျော်မှ သုံးထောင်ခန့်အထိ မြန်မာအလုပ်သမားများကို ပို့ဆောင်နေရပြီး အလုပ်လုပ်ကိုင်ခွင့် သုံးနှစ်ရရှိကာ အနည်းဆုံး တစ်လလျှင် လုပ်ခရင်းဂစ် တစ်ထောင်ရရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းရှင်များထံမှသိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အောက်တိုဘာလအထိ စာရင်းများအရ မလေးရှားနိုင်ငံတွင် တရားဝင် ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းကိုးသောင်းကျော်ရှိကြောင်း ထုတ်ပြန်ထားပြီး လက်ရှိမလေးရှားနိုင်ငံတွင် ရွှေ့ပြောင်းမြန်မာလုပ်သား ငါးသိန်းမှ ခုနစ်သိန်းကျော်အထိ ရှိနိုင်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများထံမှသိရသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ် ဦးဆောင်၍ မြန်မာနိုင်ငံအပေါ် ပြင်းထန်စွာ ဆန္ဒပြမှုဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့် ရှိသူ ဦးဇော်ဌေးက အာဆီယံ ပဋိညာဉ်ကို ချိုးဖောက်ရာရောက်ကြောင်း တုံ့ပြန်ပြောဆိုထားသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော မလေးရှားဝန်ကြီးချုပ်ဦးဆောင်သည့်ဆန္ဒပြမှုများကို ကန့်ကွက်ရှုတ်ချသည့်အနေနှင့် ရဟန်းသံဃာတော်များနှင့်မြန်မာနိုင်ငံသားများက ဒီဇင်ဘာလ ၃ ရက်တွင် ရန်ကုန်မြို့ မလေးရှားသံရုံးရှေ့၊ ဒီဇင်ဘာလ ၄ ရက်တွင် မြို့တော်ခန်းမရှေ့များ၌ ဆန္ဒပြခဲ့သည်။

■ J-14




# မမှန်ကန်မှုနှင့် တရားမျှတမှုမရှိခြင်းများကို လွှတ်တော်သို့ အကြောင်းကြားရန် လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြား

**နေပြည်တော်၊ ဒီဇင်ဘာ ၆**

မမှန်မကန်မှုများနှင့် မတရားမှုများကို တိတိကျကျ ဖော်ထုတ်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနအပါအဝင် လွှတ်တော်သို့ ပေးပို့အကြောင်းကြားကြရန် လွှတ်တော်အမတ်များကို ဦးဝင်းမြင့်က ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၆ ရက်နေ့က ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဒေါက်တာခင်စိုးစိုးကြည် (ပြည်မဲဆန္ဒနယ်) တင်သွင်းသည့် 'မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနှင့် စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ကျေးရွာအရောက် သွားရောက်ချေးပေးသော ပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း' အဆိုကို လွှတ်တော်အမတ်များ ဆွေးနွေးနေစဉ် ၎င်းက ဝင်ရောက်ပြောဆိုခဲ့ခြင်းဖြစ်သည်။

"လက်ဆုပ်လက်ကိုင်နဲ့ လုပ်စမ်းပါ၊ ဖော်ထုတ်စမ်းပါ။ ဖော်ထုတ်ပေးလို့ မလုပ်ပေးရင် မလုပ်ပေးတဲ့ ဌာနကိုပြော။ ဘယ်ဝန်ကြီးဌာနက မလုပ်ပေးလဲ၊ ဘယ်အုပ်ချုပ်ရေးဌာနက မလုပ်ပေးလဲ၊ ပြောပါ" ဟု ၎င်းကပြောသည်။

သာယာဝတီ မဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ ဆွေးနွေးချက်တွင် စိုက်စရိတ်ချေးငွေနှင့်ပတ်သက်၍ မရိုးသားမှုများရှိနေကြောင်း လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ဟုခေါ်သော ပုံစံ (၇) ဖြင့် အမှန်တကယ် လယ်မလုပ်ဘဲ စိုက်စရိတ်ချေးငွေထုတ်ချေးနေသည့် ဝိသမသမားများလည်းရှိနေကြောင်း ဆွေးနွေးခဲ့ခြင်းကြောင့် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကိုယ်စားလှယ်တွေဘက်က ကြိုးစားပေးပါ၊ ဖော်ထုတ်ပေးပါ။ မှန်မှန်ကန်ကန်ဖြစ်အောင်၊ ဥပဒေနဲ့အညီဖြစ်အောင် သွားနေတဲ့ မူဝါဒနဲ့လမ်းစဉ်၊ မှန်ကန်တဲ့ အဖြေရလဒ်ဖြစ်အောင် ဖော်ထုတ်ပေးပါ" ဟု ဦးဝင်းမြင့်က ပြောသည်။

ဒေါက်တာခင်စိုးစိုးကြည်၏ အဆိုကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာခဲ့သည်။ ■




# ရန်ကုန်ရှိ ကျန်ရှိလမ်းဘေးဈေးသည်အချို့ကို နေရာထပ်ပေး

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မြို့တွင်း လေးမြို့နယ်မှ နေရာမရရှိသေးသည့်လမ်းဘေးဈေးသည်များကို ဒီဇင်ဘာလ ၅ ရက်မှစ၍ အရံနေရာများ ဖော်ဆောင်ပြီး နေရာချပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောကြားသည်။

ကမ်းနားလမ်းညဈေးတန်းတွင် နေရာ မရရှိသေးသည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော်မှ လမ်းဘေးဈေးသည်များကို မဟာဗန္ဓုလပန်းခြံလမ်းနေရာနှင့် ကမ်းနားလမ်းညဈေးတန်းဘက် နေရာများတွင် ချထားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားဆိုသည်။

"ကမ်းနားလမ်း ညဈေးတန်းဘက်မှာ အရန်နေရာ ဖော်ဆောင်နေတာပြီးပါပြီ။အခုလက်ရှိ မြို့တွင်း လေးမြို့နယ်မှာ နေရာ မရရှိသေးတဲ့ ဈေးသည်တွေကို အခုတစ်ဆင့်ပြီး တစ်ဆင့်နေရာချနေပါတယ်။ ညဈေးတန်းဘက်မှာ အရန်နေရာတွေကို ရသမျှဖော်ထုတ်ပြီး နေရာချပေးနေတဲ့အတွက် အရေအတွက်ဘယ်လောက်ချပေးတယ်ဆိုတာတော့ အတိအကျမသိသေးပါဘူး" ဟု ဒေါ်လှိုင်မော်ဦးက ဆိုသည်။

ယခုအခါ မြို့တွင်း လေးမြို့နယ် လမ်းမကြီး ၁၁ နေရာရှိလမ်းဘေး ပလက်ဖောင်းဈေးသည်များမှာ မူလနေရာတွင် ဆက်လက်ရောင်းချခွင့် ပြုမည်မဟုတ်ဘဲ အမှန်တကယ်ဈေးရောင်းချပြီး နေရာမရရှိသေးသည့် ဈေးသည်များကို သက်ဆိုင်ရာမြို့နယ်စည်ပင်မှ စာရင်းကောက်ခံကာ အရန်နေရာများတွင် နေရာချပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နေရာ မရရှိသေးသည့် လမ်းဘေးဈေးသည် တစ်ရာကျော်ကို ဒီဇင်ဘာလ ၅ ရက်နှင့် ၆ ရက်များက နေရာချပေးထားလျက်ရှိပြီး ဆက်လက်စာရင်းကောက်ခံထားသည့် လမ်းဘေးဈေးသည်များကိုလည်း ညဈေးတန်းအရန်နေရာများ ဖော်ဆောင်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ကမ်းနားလမ်း ညဈေးတန်းကို လက်ရှိသခင်မြပန်းခြံအနီးမှ ပန်းဆိုးတန်းကမ်းနားအထိ ဖွင့်ခွင့်ပေးထားပြီး နောက်ပိုင်းတွင် ပန်းဆိုးတန်းကမ်းနားလမ်းမှ ဗိုလ်တစ်ထောင်ကမ်းနားလမ်းအထိ ထပ်မံတိုးချဲ့ ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

"ညဈေးတန်းမှာ နေရာမရသေးတဲ့ ဈေးသည်တွေကို မြို့နယ်စည်ပင်က စာရင်းကောက် ဓာတ်ပုံရိုက်ပြီး အရန်နေရာတွေမှာ ပေးမယ်လို့သိရပါတယ်။ အခုတစ်ပတ်အတွင်း နေရာရမယ်လို့ ပြောပါတယ်။ နေရာမရမချင်းတော့ ကျွန်တော်တို့ စားဝတ်နေရေးအတွက် မူလနေရာမှာပဲ ဆက်လက်ရောင်းချနေပါတယ်' ဟု ကျောက်တံတားမြို့နယ်မှ လမ်းဘေးဈေးသည်ဦးခင်မောင်က ဆိုသည်။

လမ်းသွယ်များတွင် ရောင်းချလျက်ရှိသည့် ကျန်ဈေးသည်များသည် ပတ်ဝန်းကျင်က လက်ခံပါက ရောင်းချနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်သည်။

ဆိုင်ခန်းပေါင်း တစ်ထောင့်ခြောက်ရာကျော် ပါဝင်သော ညဈေးတန်းကို ကမ်းနားလမ်း (သခင်မြပန်းခြံအနီးမှ ပန်းဆိုးတန်းကမ်းနားအထိ) တွင် နိုဝင်ဘာလ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ ■ J-10

# ကမ်းခြေဥပဒေလိုအပ်လျှင် ပြင်မည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကမ်းခြေများ ရေရှည်တည်တံ့စေရန် ထုတ်ပြန်ထားသည့်ဥပဒေသည် လက်တွေ့လုပ်ကိုင်နေသည့် ပြည်သူများနှင့် သဟဇာတမဖြစ်လျှင် ပြန်လည်ပြင်ဆင်မည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"ကမ်းခြေတည်မြဲအမိန့်အရ လက်ရှိဥပဒေ မပြောင်းမလဲမချင်း တည်မြဲနေမှာဖြစ်တယ်။ အဆင်မပြေတဲ့ အချက်တွေကို ထပ်ခါထပ်ခါ ဥပဒေ မပြင်ရအောင် သေချာလေ့လာပြီး တင်ပြစေချင်တယ်" ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ဆိုသည်။

လက်ရှိတွင် ချောင်းသာကမ်းခြေတွင်တည်ဆောက်မည့်ဟိုတယ်များကို အမြင့် ၁၀ မီတာ (သုံးထပ်တိုက်) ထက် မကျော်ရန်ဆိုသည့် ဥပဒေကို ပြန်လည်ပြင်ဆင်ပေးရန် တောင်းဆိုမှုများရှိပြီး ဝန်ကြီးဌာနက ညွှန်ကြားချက်နှင့် ချမှတ်ထားသည့်မူဝါဒကို လိုက်နာသည့်သူများနှင့် လက်တွဲလုပ်ကိုင်လျှင် အဆင်ပြေနိုင်မည် ဖြစ်ကြောင်း၎င်းကဆက်လက်ပြောဆိုသည်။

"သုံးထပ်က ဖြစ်သင့်တယ်လို့ မြင်ပါတယ်။ ဥပဒေပြန်ပြင်တဲ့အခါ လိုအပ်တာကို Servey လုပ်ပါ။ ဟိုတယ်အမြင့်ပဲလား။ အကွာအဝေး၊ ဒီရေအတက်ဆုံးအချိန် စတာတွေ တိကျဖို့ လိုတယ်။ အရင်အမိန့်ကမှ ဟုတ်ဦးမယ်။ နောက် အမိန့်က မဟန်ပါဘူးကွာဆိုတာမျိုး မဖြစ်စေချင်ဘူး။ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်" ဟု ၎င်းကဆိုသည်။

ချောင်းသာဇုန်ကမ်းခြေဟိုတယ်များ သုံးထပ်ခွင့်ပြုရန်နှင့်လျှပ်စစ်မီး ရရှိရေးကို ဆောင်ရွက်ပေးရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံ တောင်းဆိုထားပြီး လိုအပ်ပါက ချမှတ်ထားသည့် ဥပဒေပြင်ဆင်စေလိုကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်) အတွင်းရေးမှူး ဦးမင်းကျော်က ပြောကြားသည်။

"ဟိုတယ်တွေကို သုံးထပ်ဆောက်ခွင့် ပြုစေချင်တယ်။ အရင်က ရတယ်။ တချို့က ဆောက်ခွင့်မရဘူး။ ဆောက်လုပ်ပြီးသားတွေလည်း ခွင့်ပြုမရလို့ ဒီအတိုင်းထားရတွေရှိတယ်။ ဟိုတယ်အမြင့်ကို အရမ်းကြီး မတိုးလိုပါဘူး" ဟု ၎င်းကဆိုသည်။

ချောင်းသာဇုန်တွင် အသင်းဝင်ဟိုတယ် ၂၃ လုံးရှိပြီး ၂၀၁၅ ခုနှစ်တွင် အခန်း ၇၀၀ ကျော်ရှိခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အခန်း ၁၅၀၀ တိုးလာကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်) ထံမှ သိရသည်။ ■ J-06

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေ ၂၀၁၇ တွင် လွှတ်တော်တင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးနှိမ်နင်းရေး ဥပဒေကို ၂၀၁၇ ခုနှစ်တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းနိုင်ရန် ကြိုးစားနေသည်ဟု မြန်မာနိုင်ငံအမျိုးသမီးများကွန်ရက် ( Women Organization Network-Myanmar) ၏ စီမံကိန်းတာဝန်ခံ ဒေါ်မဋ္ဌူက ပြောကြားသည်။

အမျိုးသမီးများအပေါ် အကာအကွယ် ပေးနိုင်မည့် ဥပဒေတစ်ခုပေါ်ပေါက်လာရေးအတွက် ကျားမရေးရာ တန်းတူညီမျှမှုအဖွဲ့ (Gender Equality Network) က ဦးဆောင်ရေးဆွဲလျက်ရှိပြီး လက်ရှိတွင် မူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အခုချိန်မှာတော့ Draft အဆင့်ကိုရောက်ပြီး ဝန်ကြီးဌာနကနေတစ်ဆင့် သူရဦးရွှေမန်းကော်မတီကို ရောက်နေပြီ၊ ဒီကော်မတီက ကျလာတဲ့အချိန်ကျမှရလာတဲ့ မှတ်ချက်တွေအရ ပြန်ပြင်ပြီး လိုချင်တဲ့ Point of View ကိုရပြီဆိုရင်တော့လွှတ်တော်ကိုတင်သွားမှာပါ" ဟု ၎င်းကရှင်းပြသည်။

ယင်းဥပဒေရေးဆွဲရာတွင် အမျိုးသမီးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ပြည်တွင်းရှိဥပဒေပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမျိုးသမီးအခွင့်အရေးနားလည်တတ်ကျွမ်းသူ အဖွဲ့အစည်းများ ပူးပေါင်းရေးဆွဲနေကြောင်း မြန်မာနိုင်ငံအမျိုးသမီးများကွန်ရက်ထံမှ သိရသည်။

"ဒီဥပဒေသာအောင်မြင်သွားရင် အမျိုးသမီးတွေရဲ့ဘဝတွေက လုံခြုံမှုအပြည့်အဝရမယ်၊ တရားမျှတမှုနဲ့ တန်းတူအခွင့်အရေးတွေ ရနိုင်မယ့်အနေအထားကို ရရှိနိုင်ဖို့ အခြေအနေများသွားပြီ" ဟု ဒေါ်မဋ္ဌူက ဆိုသည်။

ယင်းဥပဒေပေါ်ပေါက်ရန် အမျိုးသမီးအဖွဲ့များ ပူးပေါင်းကာ ၂၀၁၃ ခုနှစ်တွင်စတင်၍ စစ်တမ်းကောက်ယူမှုများ၊ အချက်အလက်မျှဝေခြင်းများနှင့် စည်းရုံး လှုံ့ဆော်မှုများကို ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံအမျိုးသမီးများ ကွန်ရက်ထံမှ သိရသည်။

အမျိုးသမီး များအပေါ်အကြမ်းဖက်မှု ကာကွယ်တားဆီးနှိမ်နင်းရေးဥပဒေတွင် အမျိုးသမီးများအကြမ်းဖက်ခံနေရခြင်းများ၊ မြန်မာနိုင်ငံတွင် အများဆုံးဖြစ်ပေါ်နေသည့် အိမ်တွင်းအကြမ်းဖက်မှုများ၊ အမျိုးသမီးလိင်အလုပ်သမများနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာ အကာအကွယ်ပေးနိုင်ရေးတို့ကို ဥပဒေတွင် ထည့်သွင်းရေးဆွဲထားကြောင်း မြန်မာနိုင်ငံ အမျိုးသမီးများ ကွန်ရက်အဖွဲ့ဝင်များထံမှ သိရသည်။ ■ J-09



# ဘင်္ဂလားဒေ့ရှ်ဘက်၌ဆန္ဒပြသည့် ရခိုင်တိုးတက်ရေးဖောင်ဒေးရှင်းအဖွဲ့ဝင်များကို ထုတ်ပယ်မည်

**စစ်တွေ၊ ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ မောင်တောနယ်စပ်တွင် ဖြစ်ပွားခဲ့သည့် ဘင်္ဂါလီများ၏ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် မြန်မာအစိုးရ၏ ကိုင်တွယ်ပုံကို မကျေနပ်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား(ပန်းဝါ)မြို့ ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်ခဲ့သည့် ရခိုင်တိုးတက်ရေးဖောင်ဒေးရှင်း (RDF) အဖွဲ့ဝင်များကို ထုတ်ပယ်အရေးယူသွားမည်ဖြစ်ကြောင်း ယင်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးချစ်မောင်က ပြောဆိုသည်။

မောင်တောဖြစ်စဉ်များအတွင်း မြန်မာနိုင်ငံအစိုးရ၏ ထိန်းသိမ်းကိုင်တွယ်မှုများကို မကျေနပ်သဖြင့် နိုဝင်ဘာလ ၂၈ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား (ပန်းဝါ)မြို့တွင် ဒေသခံနိုင်ငံရေးပါတီများ၏ ဆန္ဒထုတ်ဖော်ခဲ့မှုတွင် ပူပေါင်းပါဝင်ခဲ့ကြသည့် RDF အဖွဲ့ဝင်များအား ထုတ်ပယ်အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်ဟု ဦးချစ်မောင်က ရှင်းပြသည်။

RDF အနေနှင့် ၁၉၉၃ ခုနှစ်မှ စတင်ပြီး နိုင်ငံရေးနှင့်မပတ်သက်သော အစိုးရမဟုတ်သည့် အဖွဲ့တစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး၊ စီးပွားရေးအကျိုးအမြတ်မရယူသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းနှင့် ယခု ဆန္ဒဖော်ထုတ်ရာတွင် အဖွဲ့အစည်း၏ အမှတ်တံဆိပ်ကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုခဲ့သည့်အတွက် ပြင်းထန်စွာ ရှုတ်ချပြီး ပါဝင်ပတ်သက်သူများကို ထုတ်ပယ်အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ရခိုင်တိုးတက်ရေးဖောင်ဒေးရှင်း (RDF) ဥက္ကဋ္ဌ ဦးချစ်မောင်သည် ရခိုင်အမျိုးသမီးများအစည်းအရုံးဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း၏ ခင်ပွန်းဖြစ်ပြီး ဆန္ဒထုတ်ဖော်ခဲ့မှုတွင် ဦးချစ်မောင်၏ ညီမပါဝင်မှုရှိသည်ဆိုကာ ရခိုင်ပြည်နယ် လူမှုအဖွဲ့အစည်းများကြားတွင် ဝေဖန်မှုများရှိနေခဲ့ကြောင်း စစ်တွေမြို့ရှိ လူမှုအဖွဲ့အစည်းများထံမှ သိရသည်။ ■ R-04



ဓာတ်ပုံ-ဇွန်နန္ဒာထွန်း

# ကမ္ဘာ့အဆင့်ပြိုင်ပွဲ ဝင်ခွင့်ရမည့် ကလေးများအတွက် ပုံဆွဲပြိုင်ပွဲစတင်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကမ္ဘာ့အဆင့်ပြိုင်ပွဲဝင်ခွင့်ရမည့်အသက် ၁၅ နှစ်နှင့် ၁၅ နှစ်အောက်ကလေးများ ပုံဆွဲယှဉ်ပြိုင်နိုင်သည့် ၁၁ ကြိမ်မြောက် Toyota စိတ်ကူးအိပ်မက်ကား အနုပညာပြိုင်ပွဲကို ဒီဇင်ဘာလ ၆ ရက်မှ စတင်ပြီဖြစ်ကြောင်း Toyota Motor Coporation က သတင်းထုတ်ပြန်သည်။

ပြိုင်ပွဲကာလမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်အထိဖြစ်ပြီး အသက် ၇နှစ်အောက်၊ အသက် ၈ နှစ်မှ ၁၁ နှစ်ထိနှင့် အသက် ၁၂ နှစ်မှ ၁၅ နှစ်ထိ ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

ပြိုင်ပွဲဝင်ပုံများမှာ နောက်ခံမြင်ကွင်း၊ ရှုခင်းများနှင့်အတူ လက်ဖြင့်ဆွဲထားသော ကားပုံ (ရောင်စုံအနုပညာလက်ရာ) ကို မည်သည့်ပန်းချီဆေးမဆို A3 စာရွက်အရွယ်အစားဖြင့် ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင် အသက်အရွယ်အစား တစ်မျိုးစီမှ အနိုင်ရသူ သုံးဦးစီကို ၂၀၁၇ခုနှစ် မတ်လ ၁ ရက်တွင် ရွေးချယ်ကာ ဆု ၉ ဆုကို မတ်လလယ်တွင် ချီးမြှင့်မည်ဖြစ်သည်။

အနိုင်ရရှိသူများသည် ဂျပန်နိုင်ငံ၌ ၂၀၁၇ ခုနှစ်လယ်ပိုင်းတွင် ကျင်းပမည့် ကမ္ဘာ့ပြိုင်ပွဲသို့ ပါဝင်ဆင်နွှဲနိုင်မည် ဖြစ်သည်။ ■

# အုပ်ချုပ်ရေးမှူးများကို မသန်စွမ်းသူများ၏ အခွင့်အရေးများ အသိပညာပေးဟောပြောမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မသန်စွမ်းသူများ အခွင့်အရေး အပြည့်အဝရရှိစေရန် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာရှိ အထွေထွေအုပ်ချုပ်ရေးမှူးများကို အသိပညာပေးဟောပြောမှုများ ၂၀၁၇ နှစ်ဆန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ကွန်ရက်ထံမှ သိရသည်။

မြို့နယ်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများအနေနှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRPD)နှင့် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော မသန်စွမ်းသူများအခွင့်အရေး ဥပဒေမူကြမ်းပါ အချက်အလက်များကို ပိုမိုသိရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါကွန်ရက်ဥက္ကဋ္ဌ ဦးထင်အောင်ဇော်က ပြောကြားသည်။

“ဒါက မသန်စွမ်းသူတွေရဲ့အခွင့်အရေးကို သူတို့ကိုယ်တိုင် လုပ်ဆောင်နေတဲ့သဘောဖြစ်တယ်၊ မသန်စွမ်းသူတွေရဲ့အခွင့်အရေးကို အောက်ခြေမှာရှိတဲ့ သက်ဆိုင်ရာအာဏာပိုင်တွေက သိရှိပြီးတော့ ဆောင်ရွက်ပေးနိုင်မယ်လို့ ထင်ပါတယ်” ဟု ၎င်းက ဆိုသည်။

ယင်းအသိပညာပေးဟောပြောမှု အစီအစဉ်ကို မြန်မာနိုင်ငံမသန်စွမ်းသူများ ကွန်ရက်၏ စီမံကိန်းနယ်မြေများဖြစ်သော ရွှေပြည်သာ၊ မင်္ဂလာဒုံနှင့် ဒလမြို့နယ်တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းသို့ ဟောပြောပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းကာ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် ခွင့်ပြုမိန့်များ တောင်းခံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် မသန်စွမ်းအဖွဲ့အစည်းများ လိုလားလျက်ရှိသည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး ယင်းမူကြမ်းတွင် အခန်း ၁၄ ခန်းပါဝင်ပြီး မသန်စွမ်းသူများ သက်သေခံလက်မှတ်၊ ပညာရေး၊ ကျန်းမာရေး၊ မသန်စွမ်းသူများလွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေး၊ မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး စသည့်အချက်များပါဝင်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများကွန်ရက်ထံမှ သိရသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းသဘောတူစာချုပ်တွင် ခွဲခြားဆက်ဆံမှုအဓိပ္ပာယ်၊ အခြေခံမူများ၊ အစိုးရ၏တာဝန်များ၊ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမပြုရေး၊ မသန်စွမ်းအမျိုးသမီးများ တန်းတူရေး၊ မသန်စွမ်းကလေးများ တန်းတူရေး၊ အသိပညာ မြင့်မားရေး၊ အသက်ရှင်သန်ခွင့်၊ ဥပဒေအရ တန်းတူရရှိခံစားခွင့်၊ တရားမျှတမှု ရပိုင်ခွင့် စသည့်ပုဒ်မများအပါအဝင် ပုဒ်မ ၃၃ ခု ပါဝင်ကြောင်း ၎င်းတို့ထံမှသိရသည်။ ■ J-09

# တရုတ်အဝယ်လိုက်၍ ပြောင်းဆန်အဝင်နည်း

**ရွှေဘို၊ ဒီဇင်ဘာ ၆**

ရွှေဘိုပွဲဒိုင်တွင် ဗန်းမော်လမ်းကြောင်းမှ တရုတ်အဝယ်လိုက်နေသဖြင့် ပြောင်းဆန်မှာ ဒိုင်အဝင်နည်းနေကြောင်း ပွဲဒိုင်ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

ယခင်က ပြောင်းဆန်အဝင် အိတ် ၁၅၀၀ မှ ၂၀၀၀ အထိအဝင်ရှိနေပြီး ယခုအခါယင်းပမာဏထက် ဒိုင်အဝင်နည်းလျက်ရှိကြောင်း ၎င်းကရှင်းပြသည်။

“မနှစ်က ပြောင်းဆန်တစ်အိတ်ကို အမြင့်ဆုံး ၂၄,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိတယ်။ အခုဒီနှစ် ပြောင်းဆန်ဈေးက ကျပ် ၁၅၈,၀၀၀ လောက်ရှိပြီး တောင်သူတွေ မကိုက်ကြဘူး” ဟု ဦးမျိုးမြင့်ကဆိုသည်။

ရွှေဘို-ကန့်ဘလူနယ်ဘက်မှ ပြောင်းဆန် အရည်အသွေးမှာ နိမ့်ကျသည့်အပြင် ဈေးနှုန်းကျဆင်းခြင်းကြောင့် တောင်သူများ အရှုံးပေါ်နေကြောင်း ကန့်ဘလူ ပြောင်းစိုက်တောင်သူများထံမှ စုံစမ်းသိရှိရသည်။

“ဈေးကျပြီး အရည်သွေးမမီတော့ ဈေးထပ်နိမ့်တဲ့အတွက် တောင်သူက ရှုံးပြီးရင်းရှုံးနေရတယ်” ဟု ကန့်ဘလူ နယ်ပေကြီး ကျေးရွာတောင်သူတစ်ဦးက ဆိုသည်။

ယခင်က ပြောင်းဆန်တစ်တင်းလျှင် အရည်အသွေးကောင်းမွန်သည့်အတွက် အလေးချိန် ၂၀ ပိဿာအထိအချိန်ရှိပြီး ယခုပြောင်းဆန် တစ်တင်းလျှင် ၁၇ ပိဿာ၊ ၁၈ ပိဿာ၊ အရည်အသွေး အကောင်းဆုံးမှာ ၁၉ ပိဿာသာရှိကြောင်း အမှတ် ၅ ရပ်ကွက်ရှိ ပွဲလုပ်ငန်း ရှင်များထံမှ စုံစမ်းသိရှိရသည်။

ရွှေဘိုပွဲမျိုးစုံ ကုန်စည်ဒိုင်တွင် ပြောင်းဆန် အဝင်နည်းပြီး နှမ်းနက်စဝင်နေကြောင်း ရွှေဘိုပွဲဒိုင်ထံမှ စုံစမ်းသိရှိရသည်။ ■ R-09



# E D I T O R I A L

# နာဂျစ် မွေးသောမီး ငြိမ်းလိုလျှင်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခု အကြားတွင် မဟာဗျူဟာကျကျ တည်ရှိနေသည့်အပြင် ကမ္ဘာပေါ်တွင် အစ္စလာမ်ဘာသာဝင်ဦးရေ အများဆုံးနေထိုင်သော အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်ကဲ့သို့နိုင်ငံများနှင့် နီးကပ်စွာတည်ရှိနေသည့် နိုင်ငံဖြစ်ရာ မျက်မှောက်ဘာသာရေး၊ လူမျိုးရေးပြဿနာများကို သတိကြီးကြီးထား၍ ချဉ်းကပ်ရန်လိုပေသည်။

မြေနေရာကျဉ်းကျဉ်းနှင့် မဆံ့မပြဲ လူဦးရေပေါက်ကွဲနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပြဿနာများကို အကြောင်းပြုကာ ဘာသာရေး၊ လူမျိုးရေး တံဆိပ်ကပ်လှုံ့ဆော်ဘေးတီးမှုများ၊ အကြမ်းဖက်မှုများ ပေါ်ပေါက်လာခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်ပေ။

အစွန်းရောက်ဘာသာရေး အယူအဆများ စိမ့်ဝင်ထိုးဖောက်မှုကို အခံရဆုံး အစ္စလာမ်ဘာသာဝင်ဦးရေ အများဆုံးနေထိုင်ရာ ဒေသတွင်းတွင် တည်ရှိပြီး အစ္စလာမ်ဘာသာကိုးကွယ်သူ ရွှေ့ပြောင်းအခြေချသူများနှင့် ဒေသခံများအကြား မပြေလည်မှုများ၊ ပဋိပက္ခများ ဖြစ်ပေါ်နေသော မြန်မာနိုင်ငံမှာ အန္တရာယ်ဇုန်ဧရိယာအနီးသို့မသိမသာ ရောက်ရှိလာသည့်သဘောများ တွေ့မြင်ရသည်။

လောလောဆယ်အားဖြင့် ကံကောင်းနေသည်မှာ နိုင်ငံတကာ မျက်နှာစာတွင် အထူးလေးစားခံနေရသည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရအဖွဲ့အာဏာရထားခြင်းနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နှင့် ဒေသတွင်း အင်ဒိုနီးရှားနိုင်ငံတို့ရှိ အစိုးရနှင့် တပ်မတော်တို့က ဒီမိုကရေစီအစိုးရများနှင့် ပရော်ဖက်ရှင်နယ် တပ်မတော်များဖြစ်နေခြင်းပင်။

အရှေ့အလယ်ပိုင်းရှိ အစ္စလာမ်ဘာသာ ကိုးကွယ်သောနိုင်ငံအချို့တွင် နိုင်ငံရေးတွင် ဘာသာရေး စွက်ဖက်မှု သို့မဟုတ် အုပ်ချုပ်ရေးအာဏာကို ဘာသာရေးဩဇာသက်ရောက်မှုတို့အပြင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်မှုကဲ့သို့သော အစွန်းရောက်လှုပ်ရှားမှုများ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုများ မြင့်မားနေချိန်နှင့် တစ်ပြိုင်တည်း တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများကိုလည်း အစွန်းရောက်ဝါဒများ စိမ့်ဝင်ထိုးဖောက်ရန် အားစမ်းစပြုနေပြီဖြစ်သည်။

ထိုအခြေအနေတွင် မြန်မာနိုင်ငံရှိ ဘာသာရေး၊ လူမျိုးရေးဇန်းတင်ထားသော အာဏာနိုင်ငံရေး လှုပ်ရှားမှုအချို့၏ မပါးနပ်မှု၊ ယခင်အစိုးရလက်ထက် စီမံခန့်ခွဲမှုညံ့ဖျင်းမှု၊ အကျင့်ပျက်ခြစားမှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းဖြင့် ဝင်ရောက်လာကာ ၎င်းတို့အပေါ် လူမျိုးတုံး သတ်ဖြတ်မှု၊ ခွဲခြားဆက်ဆံမှုများရှိနေကြောင်း နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကျဆင်းသွားစေရန် အသံကျယ်ကျယ် ဝါဒဖြန့်ခံခဲ့ရသည်။

ယင်းအခြေအနေများသည် မဟုတ်မမှန် စွပ်စွဲချက်များသာ ဖြစ်ကြောင်း နိုင်ငံတကာသို့ ထိရောက်မြန်ဆန်စွာ တုံ့ပြန်ရှင်းလင်းနိုင်ခဲ့ခြင်း မရှိသည့်အပြင် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများကိုလည်း လွတ်လပ်စွာ သတင်းရယူခွင့်ပြုခြင်း၊ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခြင်းတို့ မရှိခဲ့ခြင်းက တမင်ဇာတ်နာစေရန် လုပ်ကြံထားသောသတင်းအချက်အလက်များ လျင်မြန်စွာ ဝါဒဖြန့်ချိခွင့်ပြုသကဲ့သို့ ဖြစ်စေခဲ့သည်။

အာဏာအလွဲသုံးစားမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို ဖုံးကွယ်ရန်နှင့် ယင်းအချက်တို့ကြောင့် လူထုထောက်ခံမှု ဦးစိုက်ကျဆင်းနေသော အခြေအနေကို ဆယ်မရန်အတွက် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် ဘာသာရေး၊ လူမျိုးရေး၊ လူ့အခွင့်အရေး ခေါင်းတင်ကာ မြန်မာ့ပြည်တွင်းရေးကိစ္စအပေါ် ဝင်ရောက်စွက်ဖက်လိုက်ခြင်းမှာ အစွက်ဖက်ခံဘက်တွင်လည်း အားနည်းချက်အချို့ရှိနေခြင်းကြောင့် ဖြစ်သည်။

ကျန်ဘာသာများထက်စာလျှင် မွတ်ဆလင်ညီအစ်ကိုတော် ခေါင်းစဉ်အောက်မှတစ်ဆင့် အစ္စလာမ်ဘာသာဝင်အများစုကို လွယ်လင့်တကူ အလျင်အမြန်စည်းရုံးဆော်ဩနိုင်သည့်အတွက် မလေးရှားဝန်ကြီးချုပ်၏ အာဆီယံပဋိညာဉ်ကို ချိုးဖောက်ရာရောက်သော လုပ်ရပ်မျိုးဖြင့် ကမ္ဘာ့အစ္စလာမ်ဘာသာဝင် အများဆုံးနေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံသို့လည်း ကူးစက်သွားမည့်အန္တရာယ်လည်း ရှိနေပေသည်။

ထိုအခြေအနေတွင် ယနေ့အချိန်အထိ ဘာသာရေးအရောယှက်မခံသော အစိုးရနှင့် တပ်မတော်အဖြစ် ရပ်တည်နေသော အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများနှင့် အဖွဲ့ဝင်နိုင်ငံအားလုံး သဘောတူညီမှုဖြင့် တိကျသော ပဋိညာဉ်အခြေပြု တည်ထောင်ထားသည့် အာဆီယံအဖွဲ့တို့ကို သံတမန်နည်းအရ ကောင်းမွန်သော ဆက်ဆံရေးများမြှင့်တင်ထားကာ ကြုံလာမည့်ပြဿနာများကို သံတမန်နည်းလမ်းအရ၊ ဥပဒေကြောင်းအရ၊ အာဆီယံပဋိညာဉ်အရ လိမ္မာပါးနပ်စွာ ဖြေရှင်းသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပေသည်။

**အယ်ဒီတာ ( ၆ - ၁၂ - ၂၀၁၆ )**

# ရန်ကုန်တိုင်းအစိုးရ လာမည့်နှစ်တွင် ဘတ်ဂျက် ဘီလီယံလေးရာကျော် အသုံးပြုရန်လျာထား

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

လာမည့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ငွေ ကျပ် ၄၂၂ ဒသမ ၁ ဘီလီယံ သုံးစွဲသွားရန် လျာထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၏ ရသုံးမှန်းခြေငွေစာရင်း လျာထားချက်ကို ဒီဇင်ဘာလ ၆ ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းလွှတ်တော်သို့ တိုင်းအစိုးရအဖွဲ့က တင်သွင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်း အစိုးရ၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ရသုံးမှန်းခြေ လျာထားချက်တွင် သုံးငွေ အဖြစ် ၄၂၂ ဒသမ ၁ ဘီလီယံ လျာထားပြီး ရငွေအဖြစ် ၃၀၂ ဒသမ ၅ ဘီလီယံ လျာထားရေးဆွဲထားကာ ကျန်သည့်လိုငွေ ၁၂၀ ဒသမ ၆ ဘီလီယံကို အစိုးရအဖွဲ့၏ ကောက်ခံရရှိမည့် အခွန်များမှ ဖြည့်စွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

လက်ရှိရေးဆွဲခဲ့သည့် ရသုံးမှန်းခြေ ငွေစာရင်းသည် ယခုအစိုးရသစ်အနေနှင့် ပထမဦးဆုံးအကြိမ် စတင်ရေးဆွဲရသည့် ငွေစာရင်းဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့်ဆင့် ဌာနများက အဆင့်ဆင့် စာရင်းပြု၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"အခု ၂၀၁၆-၁၇ ဘဏ္ဍာနှစ် သုံးနေတဲ့ ဘတ်ဂျက်က အရင်အစိုးရက ကြိုတင်ရေးဆွဲခဲ့တာဖြစ်ပြီးတော့ အခုလာမယ့် ဘတ်ဂျက်က အစိုးရသစ်လက်ထက် ပထမဦးဆုံး ရေးဆွဲရတဲ့ ဘတ်ဂျက်ဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ယင်းဘတ်ဂျက် လျာထားချက်ကို တိုင်းအစိုးရက လွှတ်တော်သို့ တင်သွင်းပြီးနောက် တိုင်းလွှတ်တော်က ၂၀၁၇-၁၈ ဘဏ္ဍာငွေ ရသုံးဆိုင်ရာ ဥပဒေကို ရေးဆွဲပြီး ယခုနှစ် ဘဏ္ဍာနှစ်မကုန်မီ အတည်ပြုပေးရမည်ဖြစ်သည်။

လက်ရှိ ပေးပို့လာသည့် ၂၀၁၇-၁၈ ဘဏ္ဍာငွေ ရသုံးမှန်းခြေ ငွေစာရင်း လျာထားချက်ကို လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် လေ့လာသွားရန် လိုအပ်မည်ဖြစ်ပြီး ပြင်ဆင်ရန် သင့်မသင့်ကို လာမည့် လွှတ်တော် အစည်းအဝေးများတွင် ဆက်လက် ဆွေးနွေးသွားရမည် ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သုံးသပ်သည်။

ယင်းဘဏ္ဍာငွေများကို ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်မီး သွယ်တန်းခြင်းနှင့် သောက်သုံးရေ ရရှိရေးတို့တွင် အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း တိုင်းအစိုးရထံမှ သိရသည်။

ယခုနှစ် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အသုံးပြုငွေ ၃၃၆ ဒသမ ၂ ဘီလီယံ အသုံးပြုရန် ယခင်အစိုးရလက်ထက်က ကြိုတင်ရေးဆွဲခဲ့သည်။

■ J-08

The VOICE Daily

# CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief -** Kyaw Min Swe, **Deputy Chief Editor -**Tin Aung Kyaw , **Editor in Charge -**Kyaw San Min ,
**Senior Executive Editors -** Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters -** Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe, Si Si Thin Hlaing.
**Mandalay Reporters -** Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo.
**Photographer -** Ye Pyae Zar Ni, Aung Naing,
**Publisher -** Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution -** Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail-**Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ဗန်းမော်တွင် တားမြစ်ထားသော ကျောက်ထုတ်လုပ်ကွက်၆ ခု လုပ်ကိုင်နေမှုကို စစ်ဆေးမည်

**ဗန်းမော်၊ ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ လမ်းခင်းကျောက်ထုတ်သည့် လုပ်ကွက် ၆ နေရာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တားမြစ်ထားသော်လည်း ယင်းလုပ်ကွက်များအနက် နန့်ဖားချောင်း ဘယ်ညာတွင် ကျောက်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က စစ်ဆေးမည်ဖြစ်ကြောင်း ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကန့်သတ်ထားသော ကျောက်ထုတ်လုပ်ကွက်နေရာများတွင် ကျောက်ထုတ်မှုနှင့် ပတ်သက်ပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးထံ တင်ပြထားကြောင်း၊ ပြည်နယ်ဝန်ကြီးက တားမြစ်စာ ထုတ်ထားပြီး ပြန်လည် စစ်ဆေးပေးရန် ပြောကြားကြောင်း ၎င်းကရှင်းပြသည်။

ဥဒေါင်းတောင်တစ်ဝိုက်တွင် ကျောက်ထုတ်လုပ်ခွင့်ပြုရန်အတွက် ရွှေကူမြို့နယ်မှ လဆန်အောင်ဝါ ပြည်သူ့စစ် (စီးပွားရေးတာဝန်ခံ) ဦးကျော်အေးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ လျှောက်ထားခဲ့ကြောင်း၊ ဝန်ကြီးဌာနက ဥဒေါင်းတောင်တစ်ဝိုက်ရှိ ဥဒေါင်းတောင်ကျောက်ကွင်း၊ ဘုံပင်ကျောက်ကွင်း၊ မီးသွေးချောင်းကျောက်ကွင်း၊ ဇင်းဘုံကျောက်ကွင်း၊ ဇင်းဘုံချောင်းမကြီး ကျောက်ကွင်း၊ တော်လှန်ကျေးရွာ နန့်ဖားချောင်း ဘယ်ညာကျောက်ကွင်းတို့ လုပ်ကိုင်နေမှုများကို တားမြစ်သည့်အကြောင်းကြားစာကို ယခုနှစ် အောက်တိုဘာလက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကျောက်ထုတ်လုပ်သည့် လုပ်ကွက်များမှာ ဥဒေါင်းတောင်သာသနာ့နယ်မြေအတွင်း ကျရောက်နေခြင်း၊ ဧရာဝတီမြစ်၏ ရေဝေရေလဲနေရာတွင် ကျရောက်ခြင်း၊ ယင်းလုပ်ငန်းမှ တစ်ဆင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုစီမံခန့်ခွဲရေး ပြဿနာဆိုင်ရာများ ဖြစ်ပေါ်လာနိုင်သဖြင့် ဝန်ကြီးဌာနက ခွင့်ပြုရန် မသင့်ကြောင်း တားမြစ်စာကို ထုတ်ပြန်ထားကြောင်း ရွှေကူမြို့နယ် အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

တားမြစ်ထားသော နန့်ဖားချောင်းဘေး ဘယ်ညာတွင် ကျောက်ထုတ်လုပ်သည့် လုပ်ငန်းရှင် ခြောက်ဦး တရားမဝင် ကျောက်ထုတ်လုပ်နေကြောင်း ကျောက်ထုတ်လုပ်သူများထံမှ သိရသည်။

နိုဝင်ဘာလ ၂၃ရက်နေ့က ဗန်းမော်ခရိုင်လမ်းဦးစီးဌာနက ပြုလုပ်သည့် ၂၀၁၆-၂၀၁၇ လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရေးအိတ်ဖွင့် တင်ဒါပွဲတွင် ဝန်ကြီးဌာနတားမြစ်ထားသော လုပ်ကွက်ဖြစ်သော နန့်ဖားချောင်း ဘယ်ညာရှိ ကျောက်ကွင်း ၃၆ ကေ ပါဝင်ကြောင်း တင်ဒါလျှောက်ထားခဲ့သော ကျောက်ကွက် လုပ်ငန်းရှင်များထံမှ သိရှိရသည်။

“ပြည်ထောင်စု ဝန်ကြီးကရော ပြည်နယ်ဝန်ကြီးကပါပိတ်ပင်ထားတဲ့ လုပ်ကွက်ကို တရားဝင်လိုင်စင်နဲ့ ဝင်ပြိုင်ရတဲ့သူ၊ တရားဝင်လျှောက်ထားတဲ့သူတွေ အတော်လေး ကသိကအောက်ဖြစ်ရပါတယ်” ဟု ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးပြည်သူ့စစ်(ရွှေကူ စီးပွားရေး တာဝန်ခံ) ဒူကမ္ဘာကျော်အေးက ပြောဆိုသည်။

■

R-14



ဓာတ်ပုံ - မောင်မျိုးထက်

ဆင်မ ကျေးရွာအုပ်ချုပ်ရေးမှူးကို ပြန်လည်ရွေးချယ်ပေးရန် ဒေသခံများ ဆန္ဒဖော်ထုတ်စဉ်

# ဆင်မ ကျေးရွာအုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်ပေးရန် ဒေသခံများ ဆန္ဒဖော်ထုတ်

**ပုသိမ်၊ ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေမြို့ရှိ ဆင်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို တာဝန်ရှိသူများက ကြီးကြပ်ကာ အမြန်ဆုံး ပြန်လည်ရွေးချယ်ပေးရေးအတွက် ဒီဇင်ဘာလ ၆ ရက် နံနက် ၁၀နာရီကျော်က ဒေသခံ ၂၇၀ ကျော် ငွေဆောင်ကမ်းခြေမြို့တွင် စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြောင်း ဆန္ဒထုတ်ဖော်သူများထံမှ သိရှိရသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးမှာ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများအပေါ် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းမရှိခြင်း၊ တရားမျှတစွာ မဆောင်ရွက်ခြင်း၊ ကျေးရွာတွင်း အရက်ရောင်းချမှုများကို ထိရောက်စွာ အရေးမယူခြင်း၊ အစိုးရအဖွဲ့၏ ဘတ်ဂျက်ဖြင့် တည်ဆောက်ထားသော ဆင်မနှင့် ငရုတ်ကောင်း ဆက်သွယ်သည့် တံတားကို လေလံပစ်ငှားစားကာ ကိုယ်ကျိုး သုံးစွဲခြင်း၊ ဆင်မကမ်းခြေရှိ စက်လှေများကို တစ်စီးလျှင် ငါးထောင်ကျပ်နှုန်းကောက်ခံရာစက်လှေပြေးဆွဲသူတို့က ရပ်ရွာအတွက် မည်သည့်နေရာတွင်သုံးစွဲသည်ကိုအကြောင်းပြနိုင်ပါက ကောက်ခံငွေပေးမည်ဟုပြောသူတို့၏ စက်လှေ ခရီးစဉ်များကို အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခြင်းတို့ကြောင့် ဆန္ဒထုတ်ဖော်ရခြင်း ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်ပွဲကိုဦးဆောင်သူဦးမျိုးခိုင်က ပြောကြားသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးကို ဖယ်ရှားပြီး အစားထိုးပြန်လည် ခန့်ထားနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရကို နိုဝင်ဘာလက တင်ပြခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေနှင့် ဒေသခံတို့၏ အများအကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်စေလိုကြောင်းဆန္ဒထုတ်ဖော်သူများထံမှ သိရသည်။

“ဥပဒေကို ကျော်လွန်ပြီး ဘာတစ်ခုမှ လုပ်မထားဘူး၊ အုပ်ချုပ်ရေးမှူးတစ်ယောက်ရဲ့ စီမံခန့်ခွဲပိုင်ခွင့်နဲ့ပဲ ဆောင်ရွက်နေတယ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဖို့ ရန်ပုံငွေ မရှိပါဘူး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဖို့ကို သက်ဆိုင်ရာကို တင်ပြထားတယ် မကျသေးပါဘူး” ဟု ဆင်မကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ကိုလွင်က ပြောကြားသည်။

ဆင်မကျေးရွာအုပ်စုတွင် အုန်းပင်စု၊ ကျောက်ဖျာ၊ သဲဖြူ အပါအဝင် ကျေးရွာငါးရွာရှိပြီး အိမ်ထောင်စု ၇၀၀ကျော်နေထိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

■

R- 12

# ဗဟန်းတွင် စွန့်ပစ်ထားသည့် ဆယ်ရက်သား ကလေးတွေ့

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း(၁)ရပ်ကွက်ရှိ အမှတ်(၁) မူကြိုကျောင်းဘေးတွင် ဒီဇင်ဘာလ ၅ ရက် နံနက်ပိုင်းက စာတစ်စောင်နှင့်အတူ စွန့်ပစ်ထားသည့် ၁၀ ရက်သား မိန်းကလေးငယ်တစ်ဦးကိုတွေ့ရှိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ကလေးငယ်ကို ကမ္ဘာ့ဇလမ်းသွယ်(၂) လမ်း၊ အမှတ်(၁) မူကြိုကျောင်းဘေးတွင် အထုပ်ဖြင့် ထုပ်ပိုး၍ လာစွန့်ပစ်ထားသည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက စတင်တွေ့ရှိခဲ့ပြီး စစ်ဆေးကြည့်ရှုရာမှ မိန်းကလေးငယ်နှင့် စာတစ်စောင်ကို တွေ့ရှိခဲ့သည်။

ယင်းကလေးငယ်ကိုရန်ကင်းကလေးဆေးရုံသို့ ပို့အပ်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများကိုဆောင်ရွက်ခဲ့ကြောင်း၊ ‘၂၆၊၁၁၊ ၂၀၁၆ နေ့လယ် ၁၁ နာရီ၃၅ မိနစ် စနေသမီး ကျေးဇူးပြု၍ ကူပါပေးပါရှင်’ ဟု ရေးထားသည့် စာတစ်စောင်နှင့်အတူ လာရောက်စွန့်ပစ်ခဲ့သူကို သိရှိရန် စုံစမ်း ဆောင်ရွက်နေကြောင်း ဗဟန်းမြို့မှ ရဲစခန်း ထံမှ သိရသည်။

■

S-03

# ဒေသထွက် ကိုင်းခရမ်းချဉ်သီး ဈေးသုံးဆတက်

**ဟင်္သာတ ၊ ဒီဇင်ဘာ ၆**

မြစ်ဝကျွန်းပေါ် ဒေသထွက်ကိုင်းခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်ကထက် ပိဿာချိန် ၁၀၀လျှင် ကျပ် ၇ သောင်းသာ ရှိသော်လည်း ယခုနှစ်တွင် ကျပ်နှစ်သိန်းတစ်သောင်းသို့ရောက်ရှိကာ ယခင်နှစ်ထက်သုံးဆ မြင့်တက်ခဲ့ကြောင်း ကိုင်းစိုက်တောင်သူများနှင့် ကုန်စိမ်းလုပ်ငန်းရှင်များက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ခရမ်းချဉ်သီး စိုက်ပျိုးထုတ်လုပ်၍ မရသောမြို့နယ်များ အနေနှင့် ဟင်္သာတခရိုင်ရှိ အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ဇလွန်မြို့နယ်၊ ဟင်္သာတမြို့နယ်များထံ ရေလမ်း၊ ကုန်းလမ်းများဖြင့် ဝယ်ယူရောင်းချရကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အခြားမြို့နယ်များက ဝယ်လိုအားမရှိသဖြင့် ခရမ်းချဉ်သီးဈေးနှုန်း ကျဆင်းခဲ့သည့်အပြင် စိုက်ခင်းများပါ ဖျက်ဆီးခဲ့ရကြောင်း၊ ယင်းသို့ဈေးတက်ရခြင်းမှာ ကိုင်းခရမ်းချဉ်သီး အထွက်နောက်ကျခြင်းနှင့် အခြားမြို့များက ဝယ်ယူမှုများပြားခြင်းတို့ကြောင့်ဖြစ်ကြောင်း ကိုင်းစိုက်တောင်သူ ဦးဆန်းမင်းက ပြောကြားသည်။

နိုဝင်ဘာလတတိယပတ်က အင်းလေး ခရမ်းချဉ်သီး ပိဿာချိန် ၁၀၀ လျှင် ကျပ်နှစ်သိန်းသုံးသောင်းမှ ကျပ်နှစ်သိန်းငါးသောင်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး နိုဝင်ဘာ စတုတ္ထပတ်၌ ပိဿာချိန် ၁၀၀ လျှင် တစ်သိန်း ကိုးသောင်းကျပ်အထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း ကုန်သည်များထံမှ သိရသည်။

■ R - 13



## NEWS IN BRIEF

### City Mart စုပေါင်းလမ်းလျှောက်ပွဲမှရသော အခကြေးငွေများကို ကလေးဆေးရုံနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအသင်းသို့ လှူဒါန်း

ရန်ကုန်၊ ဒီဇင်ဘာ ၆

City Mart က ပြုလုပ်သော Carnival Walk စုပေါင်းလမ်းလျှောက်ပွဲမှ ရရှိသော အခကြေးငွေ ကျပ်သိန်း ၃၀ ကို ရန်ကင်းကလေးဆေးရုံနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအသင်းတို့ကို လှူဒါန်းခဲ့ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ယင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် ၆ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပခဲ့သည်။

Carnival Walk လမ်းလျှောက်ပွဲတွင် လူဦးရေ ၂၅၀၀ ကျော် ပါဝင်ခဲ့ပြီး ယခုနှစ်ကျင်းပခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ကာ City Mart Holding Company Limited (CMHL) နှင့် F&N Food Pte တို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်သည်။ ■ J-01

### အူရီဒူး App ဖြင့် ပတ္တမြား FM ရေဒီယို အစီအစဉ်များကို အွန်လိုင်းမှအခမဲ့နားထောင်နိုင်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၆

အူရီဒူးမြန်မာနှင့် ပတ္တမြား FM တို့ပူးပေါင်းပြီး အူရီဒူးမြန်မာ၏ My Ooredoo App မှတစ်ဆင့် FM ရေဒီယိုအစီအစဉ်များကို အွန်လိုင်းမှတစ်ဆင့် အခမဲ့နားထောင်နိုင်မည့်ဝန်ဆောင်မှုကို အူရီဒူးကစတင်လိုက်ကြောင်း အူရီဒူးမြန်မာက သတင်းထုတ်ပြန်သည်။

FM ရေဒီယိုနားဆင်ရန် Function ထည့်သွင်းထားခြင်းမရှိသော မိုဘိုင်းလ်ဖုန်းများတွင်လည်း ပတ္တမြား FM ကို အူရီဒူး App မှတစ်ဆင့် နားထောင်နိုင်မည်ဖြစ်ပြီး အူရီဒူးက FM နေ့စဉ်နားထောင်နိုင်ရန် တစ်နေ့လျှင် ၁၅၀ MB ဒေတာ အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းဝန်ဆောင်မှုတွင် အူရီဒူးသုံးစွဲသူများအနေနှင့် ပတ္တမြား FM က ထုတ်လွှင့်သော နောက်ဆုံးသတင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ တေးသီချင်းများအပါအဝင် တိုက်ရိုက်တင်ဆက်မှုအစီအစဉ်များကို နားဆင်နိုင်မည်ဖြစ်ကြောင်း အူရီဒူးထံမှ သိရသည်။ ■ J-01

### ကန်သာယာအိမ်ရာအရောင်းပြပွဲ ဒေါ်လာ ၄ ဒသမ ၅ သန်းကျော်ဖိုးရောင်းရ

ရန်ကုန်၊ ဒီဇင်ဘာ ၆

အိမ်၊ ခြံ၊ မြေရောင်းဝယ်ငှားဝက်ဘ်ဆိုက် iMyanmarHouse.com၊ AMCD ကုမ္ပဏီနှင့် AMSS ကုမ္ပဏီတို့ ပူးပေါင်းဆောက်လုပ်သည့် ကန်သာယာစင်တာရှိ ကွန်ဒိုအခန်းများကို ဒီဇင်ဘာလ ၄ ရက်နေ့က ရန်ကုန်မြို့ရှိ Novotel Hotel တွင် အိမ်ရာအရောင်းပြပွဲပြုလုပ်ခဲ့ရာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကျော်ဖိုးအထိ ရောင်းချရကြောင်း iMyanmar House.com ထံမှ သိရသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဆောက်လုပ်ပြီးစီးမည့် ကန်သာယာစင်တာမှ ကွန်ဒိုအခန်းများကို ဧရာဝတီဘဏ်နှင့် ပူးပေါင်းကာ ၁၀ နှစ်အရစ်ကျစနစ်ဖြင့် အထူးဈေးနှုန်းများ၊ အထူးငွေချေစနစ်များဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ထံမှ သိရသည်။ ■ J-11



ဓာတ်ပုံ - အောင်နိုင်

# ပြည်ပဈေးတက်၍ ပြည်တွင်းစက်သုံးဆီဈေး လိုက်တက်

ရန်ကုန်၊ ဒီဇင်ဘာ ၆

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်ခြင်းသည် ဒီဇင်ဘာလဆန်းပိုင်းက ပြုလုပ်သည့် Organization of the Petroleum Exporting Countries (OPEC) အစည်းအဝေး၌ ရေနံအဓိကထုတ်လုပ်သည့်နိုင်ငံများဖြစ်သည့် အီရန်နှင့် ဆော်ဒီအာရေဗျတို့က ရေနံလျှော့ချ ထုတ်လုပ်မည်ဟု ဆိုလိုက်ခြင်းကြောင့်ဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များက ပြောကြားသည်။

ဒီဇင်ဘာလ အစောပိုင်းကာလကထက် ပြည်ပ၌ တစ်စည်လျှင် ခြောက်ဒေါ်လာခန့်နှင့် ပြည်တွင်းလက်ကားဈေးကွက်တွင် တစ်ပီပါလျှင် ကျပ် ၇၀၀၀ ခန့်အထိ မြင့်တက်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

"အဲဒီလိုပဲ သူတို့က လျှော့ထုတ်မယ်ပြောလိုက်တိုင်း တက်သွားတာပဲ။ ပြည်တွင်းစက်သုံးဆီဈေး တက်ရတဲ့ အဓိကအကြောင်းအရင်းကလည်း ဒေါ်လာဈေးနဲ့ ပြည်ပဈေးကြောင့်ပါပဲ" ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောဆိုသည်။

ပြည်ပစက်သုံးဆီဈေးနှုန်းသည် အောက်တိန်း ၉၂ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၄ မှ ၆၂ ဒသမ ၁၉၊ အောက်တိန်း ၉၅ တစ်စည်လျှင် ဒေါ်လာ ၅၈ ဒသမ ၅၃ မှ ၆၃ ဒသမ ၉၅၊ ဒီဇယ်တစ်စည်လျှင် ဒေါ်လာ ၅၆ ဒသမ ၄၇ မှ ၆၀ ဒသမ ၆၄ နှင့် အဆင့်မြင့်ဒီဇယ်တစ်စည်လျှင် ဒေါ်လာ ၅၇ ဒသမ ၁၁ မှ ၆၂ အထိသို့မြင့်တက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိ ပြည်တွင်းစက်သုံးဆီဈေးကွက်၌ လက်ကားဈေးနှုန်းများတွင် ဒီဇယ်တစ်ပီပါလျှင် ကျပ် ၁၃၅,၀၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ပီပါလျှင် ကျပ် ၁၄၅,၀၀၀၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၆၁၅ နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၅၀ ကျပ်ဈေးရှိပြီး လက်လီဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာလျှင် ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၅၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၉၀ ကျပ်ဈေးရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

■ S-04

# အထည်ချုပ်မှ ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာ နှစ်ဘီလီယံနီးပါးရရှိ

ရန်ကုန်၊ ဒီဇင်ဘာ ၆

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလ ကုန်အထိ CMP အထည်ချုပ်လုပ်ငန်းမှ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ရရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ယခင်ဘဏ္ဍာနှစ်ကထက်စာလျှင် ယခုနှစ်က ပြည်ပနိုင်ငံများ၏ အမှာစာများ ပိုမိုတက်လာပြီး ယခင်နှစ်ကာလတူ ပို့ကုန်တန်ဖိုးကိုနှိုင်းယှဉ်ကြည့်ပါက ဒေါ်လာသန်း ၈၀၀ နီးပါး ပိုမိုရရှိထားကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"ဒီနှစ်မှာ အမေရိကန်အော်ဒါတွေက ပိုမှာကြတယ်။ အရင်နှစ်ထက် ပို့ကုန်တွေပိုတိုးပြီး ပို့လာနိုင်တာက အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုကလည်း မရှိတော့ဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အထည်ချုပ်မှာ အများကြီးဝင်လာတယ်" ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။

အထည်ချုပ်လုပ်ငန်းတွင် အခြေခံလိုအပ်သည့် အပ်ချည်၊ ပိတ်စနှင့် ကြယ်သီးများကို ပြည်ပမှ ပြန်လည်မှာယူတင်သွင်းရသောကြောင့် နိုင်ငံအတွက် အကျိုးအမြတ်များ ရသင့်သလောက် မရရှိကြောင်း၊ ပြည်တွင်းတွင် နည်းပညာလိုအပ်ချက်ကို ဖြည့်တင်းပြီး အပ်ချည်၊ ပိတ်စနှင့် ကြယ်သီးထုတ်လုပ်သည့် စက်ရုံများထူထောင်နိုင်ပါက ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်ပြီး လုပ်ငန်းလည်ပတ်မှု ပိုကောင်းလာမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံမှ လက်ခစားနှင့် ထုတ်လုပ်သောအထည်များကို ဂျပန်နှင့် အီးယူဈေးကွက်သို့ အများဆုံးတင်ပို့ပြီး တရုတ်နှင့် ကိုရီးယားဈေးကွက်သို့ ဒုတိယအများဆုံးတင်ပို့ကြောင်း၊ ပြည်တွင်းတွင် အထည်ချုပ်စက်ရုံပေါင်း ၄၀၀ ကျော်ရှိပြီး ယခုနှစ်တွင် ပိုမိုတိုးလာနိုင်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

■ J-13

# CMP ဆက်စပ်ကုန်ပစ္စည်းများ ဆိပ်ကမ်း၌ ဦးစားပေးထုတ်နိုင်ရန် ဆောင်ရွက်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၆

အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်ချုပ်လုပ်ငန်းများအတွက် စက်ရုံလည်ပတ်မှု မရပ်တန့်စေရန် ပြည်ပမှ ကုန်ကြမ်းတင်သွင်းခြင်းနှင့် ကုန်ချောပြန်လည်တင်ပို့သည့် ကုန်ပစ္စည်းများကို ဆိပ်ကမ်းများ၌ ဦးစားပေးစနစ်ဖြင့် ရှင်းလင်းထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောကြားသည်။

နိုဝင်ဘာလ ၁၂ ရက်နေ့မှစကာ ဆိပ်ကမ်းများတွင် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (MACCS) ကို ဆောင်ရွက်ခဲ့ပြီး အဆိုပါစနစ်ကို အသုံးပြု၍ အထည်ချုပ်လုပ်ငန်းရှင်များအနေနှင့် ကိုယ်တိုင်ကုန်ပစ္စည်းကြေညာလွှာတင်သွင်းကာ MACCS စနစ်ကို တိုက်ရိုက်သုံးစွဲနိုင်ရန် နိုဝင်ဘာလနောက်ဆုံးပတ်မှစကာ သင်တန်းများလည်း စတင်ပေးနေပြီဖြစ်ကြောင်း အကောက်ခွန် ဦးစီးဌာနထံမှ သိရသည်။

"အထည်ချုပ်နဲ့ ဖိနပ်ချုပ်လုပ်ငန်းတွေအနေနဲ့ ပြည်ပကနေ ကုန်ကြမ်းသွင်း၊ ကုန်ချောထုတ်မှုတွေရှိတယ်။ တင်သွင်း၊ တင်ပို့မှုတွေ ရပ်တန့်သွားရင် စက်ရုံတွေရပ်မယ်၊ အလုပ်သမားတွေထိခိုက်မယ်။ နိုင်ငံခြားနဲ့ ကတိပြုထားတဲ့ စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှာစိုးတဲ့အတွက် ဦးစားပေးရှင်းလင်းထုတ်ယူနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ဦးဝင်းသန့်က ရှင်းပြသည်။

အထည်ချုပ်နှင့် ဖိနပ်ချုပ်လုပ်ငန်းများအပြင် လေယာဉ်နှင့်ပတ်သက်သည့် ကုန်ပစ္စည်းများကိုလည်း ဦးစားပေးစနစ်ဖြင့် တိုက်ရိုက်ထုတ်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီပေါင်း ၁၉၀၀၀ ခန့်ရှိကာ ကုမ္ပဏီတစ်ခုလျှင် လူနှစ်ဦးနှုန်းဖြင့် ယင်းစနစ်ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းမပေးနိုင်သောကြောင့် အရေးကြီးသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကိုသာ ရွေးချယ်သင်တန်းပေးခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြောကြားသည်။

■ J-11

# ရင်းနှီးမြှုပ်နှံမှုခံစားခွင့် ရယူလိုပါက အတည်ပြုချက်ယူရမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များထံမှ လုပ်ငန်းခွင့်ပြုမိန့်ရရှိထားသော လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ခံစားခွင့်များ ရယူလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန(DICA) ၏ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

"DICA က ခွင့်ပြုမိန့်နဲ့လုပ်ကိုင်တဲ့ လုပ်ငန်းတွေကတော့ ခံစားခွင့်တွေကို ထပ်ပြီး လျှောက်စရာမလိုဘူး။ ဥပဒေအသစ်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တချို့ကို တိုင်းနဲ့ပြည်နယ်တွေကို ခွဲဝေပေးထားတာရှိတယ်။ အဲဒီလုပ်ငန်းတွေက အခွန်ကင်းလွတ်ခွင့်နဲ့ အခြားခံစားခွင့်ကို လိုချင်ရင် DICA မှာ ဖောင်ဖြည့်ပြီး အတည်ပြုချက်ယူရမယ်ဆိုတဲ့အချက်ကို နည်းဥပဒေရေးဆွဲတဲ့နေရာမှာ ထည့်ထားတယ်" ဟု ယင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ မဟာဗျူဟာအရ နိုင်ငံအတွက်အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုများ၊ ငွေလုံးငွေရင်း ကြီးမားသည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်သည့် လုပ်ငန်းများ၊ နိုင်ငံပိုင်မြေအဆောက်အအုံနှင့်ဆက်စပ်နေသည့်လုပ်ငန်းများနှင့် အစိုးရက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်မဖြစ်မနေ လိုအပ်သည်ဟု ညွှန်ကြားသည့်လုပ်ငန်းများသာ ခွင့်ပြုမိန့်တင်ရမည်ဖြစ်ပြီး ကျန်လုပ်ငန်းများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ခွင့်ပြုမိန့်တင်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေအသစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့က လုပ်ကိုင်ခွင့်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုပမာဏကို အသေးစိတ်ထည့်သွင်းထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တိုင်းနှင့်ပြည်နယ်ရှိ အစိုးရအဖွဲ့များ၏ အခက်အခဲများကို သက်ဆိုင်ရာ DICA ရုံးခွဲများက ကူညီလုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

DICA ၏ အတည်ပြုချက်ရယူပါက သတ်မှတ်ထားသည့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်၊ ငါးနှစ်၊ သုံးနှစ် အသီးသီး ရရှိမည်ဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်းများပြည်ပမှတင်သွင်းပါက အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ ■ J-13

# မူဝါဒအပြောင်းအလဲကြောင့် မော်တော်ယာဉ်အရောင်းအဝယ်သွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

၂၀၁၆ ခုနှစ် တစ်နှစ်လုံး အရောင်းအဝယ်အေးစက်နေသော မော်တော်ယာဉ်ဈေးကွက်သည်ယခုအခါ လာမည့်နှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒ ပြောင်းလဲလိုက်ခြင်းကြောင့် အရောင်းအဝယ် သွက်လက်ကောင်းမွန်လာကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

လာမည့်နှစ်တွင် တင်သွင်းခွင့်မရှိတော့သည့် မော်တော်ယာဉ်များဖြစ်သည့် မော်ဒယ်လ် ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ Free Permit ညာမောင်း မော်တော်ယာဉ်များ၏ ဈေးနှုန်းများမြင့်တက်လာပြီး ဈေးနှုန်းမှာလည်း ကျပ်သိန်း ၂၀ ခန့်အထိ မြင့်တက်ကြောင်း ရန်ကုန်မြို့တော်အတွင်းရှိ မော်တော်ယာဉ်အရောင်းစင်တာများထံမှ သိရသည်။

သို့သော် ယာဉ်ရောင်းဝယ်ရေးစခန်းများအတွင်းရှိ တစ်ဦးချင်း မော်တော်ယာဉ်လုပ်ငန်းရှင်များတွင်မူ ကားအစီးရေနည်းပါးခြင်းကြောင့် ဝယ်သူရှိသော်လည်း မော်တော်ယာဉ်ထုတ်ရောင်းပြီးပါက လက်ရှိအနေအထားအရ ပြန်လည်ဝယ်ယူရန်ခက်ခဲခြင်းနှင့် ယခုထက် ဈေးနှုန်းမြင့်မားလာရန်ကို စောင့်ဆိုင်းခြင်းတို့ကြောင့် လတ်တလော ထုတ်ရောင်းသူနည်းပါးကြောင်း ယင်းလုပ်ငန်းရှင်များထံမှ သိရသည်။

"ဒီရက်ထဲ အကောင်းဆုံးက ကားအရောင်းအဝယ်ပါပဲ" ဟု မော်တော်ယာဉ်လုပ်ငန်းရှင် ဦးထွဋ်ထိပ်က ပြောဆိုသည်။

လက်ရှိမော်တော်ယာဉ်အရောင်းအဝယ်သည် ရန်ကုန်လိုင်စင်ပိတ်ထားခြင်းကြောင့် နယ်လိုင်စင်များဖြစ်သည့် ပဲခူးနှင့် မန္တလေးလိုင်စင်များပြုလုပ်၍ ဝယ်ယူနေကြကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ဆိုသည်။

ဂျပန်လေလံဈေးကွက်တွင်လည်း လေလံဆွဲရန်ခက်ခဲလျက်ရှိပြီး လက်ရှိအဆွဲများနေသည့် အင်ဂျင်ပါဝါ ၁၃၀၀ စီစီ မော်တော်ယာဉ်များ၏ ဈေးနှုန်းမှာလည်း ကျပ် ၁၀ သိန်းခန့်အထိ မြင့်တက်နေကြောင်း လေလံဈေးကွက်အတွင်းမှ သိရသည်။

လာမည့်နှစ်တွင် ၂၀၁၁ မှ ၂၀၁၄ အထိကို စလစ်ကပ်နှင့် ၂၀၁၅ မှ ၂၀၁၇ အထိကို Free Permit ဖြင့် ဘယ်မောင်းများအဖြစ်သာ တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။ ■ S-04

# ဖိလစ်ပိုင်သို့ ဆန်တင်ပို့ရန် အစိုးရချင်း စာချုပ်ချုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**



ဓာတ်ပုံ - အောင်နိုင်

ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းတစ်ခုက မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရန်ကမ်းလှမ်းထားပြီး ဆန်တင်ပို့နိုင်ရန်အတွက် အစိုးရချင်း G to G စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါအဖွဲ့အစည်းက ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဆန်ဝယ်ယူရန်အတွက် G to G စာချုပ်ချုပ်ဆိုရန် စာချုပ်နမူနာကို ပေးပို့ထားပြီးဖြစ်ကာ စာချုပ်အမြန်ဆုံးချုပ်ဆိုနိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

လတ်တလောတွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး သုံးနှစ်သက်တမ်းတိုးစာချုပ်ကိုလည်း အမြန်ဆုံးချုပ်ဆိုနိုင်ရန် လုပ်ဆောင်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံ၏ ဝန်ကြီးအပြောင်းအလဲရှိနေခြင်းကြောင့် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့က တရုတ်နိုင်ငံအပါအဝင် အာဖရိကနိုင်ငံများသို့လည်း G to G စနစ်ဖြင့် ဆန်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရသည်။ ■ J-01

# မော်တော်ယာဉ်တင်သွင်းသူများ၍ ဒေါ်လာဈေး ပြန်တက်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

စံချိန်တင်နှုန်းထားသို့ ရောက်ရှိနေသော အမေရိကန်ဒေါ်လာဈေးနှုန်းမှာ အနည်းငယ်ကျဆင်းသွားရာမှ ယခုရက်ပိုင်းအတွင်း မော်တော်ယာဉ်တင်သွင်းသူများပြားလာခြင်းကြောင့် ပြန်လည်မြင့်တက်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ပြင်ပဒေါ်လာဈေးနှုန်းသည် ပြီးခဲ့သည့်ရက်ပိုင်းကထက် တစ်ဒေါ်လာလျှင် ကိုးကျပ်အထိမြင့်တက်လာပြီး ဗဟိုဘဏ်သတ်မှတ်နှုန်းသည်လည်း တစ်ဒေါ်လာလျှင် ငါးကျပ်ခန့်အထိမြင့်တက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

"ပြင်ပဈေးကွက်ထဲမှာတော့ အခုတော့ ထုတ်ရောင်းသူ များနေတယ်။ Earning ပိုင်းမှာတော့ အဝယ်များနေတယ်" ဟု ပြင်ပဈေးကွက်အတွင်း ဒေါ်လာဝယ်ရောင်းလုပ်ကိုင်သူ ဦးအတူးလေးက ပြောဆိုသည်။

ဒေါ်လာဈေးသည် တစ်ဒေါ်လာလျှင် ၁၃၅၀ ကျပ်အောက်အထိ ပြန်လည်ကျဆင်းရန်မလွယ်ကူဘဲ တစ်ဒေါ်လာလျှင် ၁၄၀၀ ကျပ်အထိပင် မြင့်တက်သွားနိုင်ကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ပြင်ပဒေါ်လာဈေးကွက်အတွင်း ဒီဇင်ဘာလ ၃ ရက်နေ့က တစ်ဒေါ်လာလျှင် ၁၃၅၂ ကျပ်မှ ၁၃၆၁ ကျပ်သို့ ပြန်လည်မြင့်တက်လာပြီး ဗဟိုဘဏ်သတ်မှတ်ဈေးသည်လည်း တစ်ဒေါ်လာလျှင် ၁၃၀၅ ကျပ်မှ ၁၃၁၀ ကျပ်သို့ မြင့်တက်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

မော်တော်ယာဉ်တင်သွင်းသူများသည် လာမည့်နှစ်တွင် တင်သွင်းခွင့်မရရှိတော့သည့် Free Permit များ တင်သွင်းသူများပြားလာပြီး Free Permit ဖြင့် တင်သွင်းမည့်သူများသည် ဘဏ်စာရင်းဖွင့်လှစ်၍ ယင်းစာရင်းသို့ အမေရိကန်ဒေါ်လာ ၅၀၀၀ ထည့်သွင်းပြီးမှသာ တင်သွင်းခွင့်လိုင်စင် လျှောက်ထားရခြင်း ဖြစ်သည်။ ■ S-04

## ဒီဇင်ဘာလ ၆ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

စတော့အိတ်ချိန်းဈေးကွက်ဝင် ကုမ္ပဏီသုံးခုစလုံး၏ ရှယ်ယာဈေးနှုန်းများသည် အဖွင့်ဈေးနှုန်းများအတိုင်း အပြောင်းအလဲမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။ FMI က ကျပ် ၁၆၀၀၀၊ MTSH က ကျပ် ၄၆၀၀ နှင့် MCB က ကျပ် ၉၃၀၀ ဖြင့် အသီးသီးဈေးငြိမ်လျက်ရှိသည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16000 | 16000 | - | 1417 | 22,672,000 |
| MTSH | 4600 | 4600 | 4600 | - | 16312 | 75,035,200 |
| MCB | 9300 | 9300 | 9300 | - | 0 | 0 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 6.12.2016 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၁၅ | ၁၃၉၈ | ၉၂၀ |
| ရောင်းဈေး (ကျပ်) | ၁၃၂၀ | ၁၄၂၀ | ၉၃၁ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 6.12.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၈၅၇,၀၀၀ (ဖွင့်) | ၈၅၇,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၁၇၂ (ဖွင့်) | ၁၁၇၂ (ပိတ်) |

The VOICE Daily
Wednesday, December 7, 2016
MANDALAY VOICE

# ဒီပဲယင်းအရေးအခင်းတွင် ကွယ်လွန်ခဲ့သူအတွက် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

**မန္တလေး၊ ဒီဇင်ဘာ ၆**

ဒေါ်အောင်ဆန်းစုကြည်၏ ဒီပဲယင်းခရီးစဉ်တွင်ရိုက်နှက်ခံရပြီး သေဆုံးခဲ့ရသည့် မုံရွာသား နိုင်ငံရေးအကျဉ်းသားဟောင်း ဦးထွန်းအောင်ကျော် (ခ) ဆရာမီးပွား(၁၉၅၀-၂၀၀၃) ကျဆုံးခြင်း ၁၃ နှစ်ပြည့်အား ရည်စူး၍ ဆွမ်းကပ်လှူပွဲနှင့် အောက်မေ့ဖွယ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဘုရားကြီးအလယ်တိုက်တွင် ကျင်းပခဲ့ကြောင်း ယင်းအခမ်းအနားဦးဆောင်သူများထံမှ သိရှိရသည်။



**အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးကြသည်ကိုတွေ့ရစဉ်**

ဦးထွန်းအောင်ကျော်၏ နိုင်ငံရေးယုံကြည်ချက်ကို ဂုဏ်ပြုလွမ်းဆွတ်အမှတ်တရအနေနှင့် ပြုလုပ်ခြင်းဖြစ်ပြီး အောက်မေ့ခြင်းအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခဲ့ကြောင်း စာရေးဆရာနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးငြိမ်းချမ်းက ပြောကြားသည်။

ဦးထွန်းအောင်ကျော်သည် ဒီမိုကရေစီအရေးအတွက်ဆိုပါက မည်သူနှင့် လက်တွဲလုပ်ကိုင်ရပါစေ၊ နိုင်ငံရေးအတွက် ဘယ်တော့မှ သစ္စာမဖောက်ပါဟု နိုင်ငံရေးအကျဉ်းသူဟောင်း ဒေါ်သွယ်သွယ်စန်းက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ကြသည့် ဦးရွှေထူး၊ စာရေးဆရာညီစေမင်း၊ ဒေါက်တာစိုးသန်းမောင်၊ ဒေါ်သွယ်သွယ်စန်း၊ ကိုချို၊ ကိုမင်းထက်ငြိမ်းချမ်းတို့က အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း ဦးထွန်းအောင်ကျော်ကို ၁၉၅၀ ခုနှစ်တွင် မုံရွာခရိုင် ကနီမြို့နယ်၌ မွေးဖွားပြီး ၂၀၀၃ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် (ယခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဒီပဲယင်းခရီးစဉ်တွင် ကွယ်လွန်ခဲ့သည်။

■ M-01

# နည်းစနစ်အခက်အခဲကြောင့် သားသတ်စက်ရုံ ဖွင့်လှစ်နိုင်ရေး ကြန့်ကြာဦးမည်

**မန္တလေး၊ ဒီဇင်ဘာ ၆**

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အနံ့အသက်များကင်းစင်ရေးအတွက် ခေတ်မီသားသတ်စက်ကို အသုံးပြုမည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် လက်ရှိစမ်းသပ်အသုံးပြုနေသော စက်ရုံသစ်ကို နည်းစနစ်အခက်အခဲကြောင့် ဖွင့်လှစ်နိုင်ရေး ကြန့်ကြာဦးမည်ဖြစ်ကြောင်း အဆိုပါကော်မတီဈေးနှင့် သားသတ်ဌာနမှ သိရသည်။

အဆိုပါနည်းပညာသုံး ခေတ်မီသားသတ်စက်ကို မန္တလေးခရိုင် အမရပူရမြို့နယ် ညောင်ပင်စောက်ကျေးရွာအနီးတွင် ၁၁ ဒသမ ၉၆ ဧကအကျယ်အဝန်း ဆောက်လုပ်ထားရာ ပြီးခဲ့သည့်နိုဝင်ဘာလကုန်တွင် စတင်စမ်းသပ်အသုံးပြုရာ၌ နည်းစနစ်ကြောင့် အခက်အခဲရှိနေသေးကြောင်း အဆိုပါဌာနမှ အကြီးတန်းအရာရှိတစ်ဦးက The Voice သို့ပြောကြားသည်။

မူလကမန္တလေးမြို့တွင်း မဟာအောင်မြေမြို့နယ် ၄၁ လမ်း၊ စိန်ပန်းရပ်ရှိ စည်ပင်သားသတ်ဌာနကို သဘာဝပတ်ဝန်းကျင်နှင့် အနံ့အသက်များကင်းစင်ရေးအတွက် အမရပူရမြို့နယ်အတွင်း ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ပြီး ကော်မတီအနေနှင့် တရုတ်နိုင်ငံထုတ် ခေတ်မီသားသတ်စက်ကို နည်းပညာအသုံးပြုကာ စမ်းသပ်နေခြင်းဖြစ်သည်။

"လျှပ်စစ်မီးအားနဲ့ စက်ရဲ့ဆင့်ပွားအလုပ်လုပ်သွားတဲ့နေရာမှာ အချိန်ပေးပြီး စောင့်ကြည့်ရတယ်။ တစ်နာရီကို နွားကောင်ရေ နှစ်ဆယ်နဲ့ ဆိတ်ကောင်ရေ သုံးဆယ် အသုံးပြုနိုင်တယ်ဆိုပေမယ့် ကျွမ်းကျင်ပညာရှင် မရှိသေးလို့ စက်ရုံတရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးနေကြတုန်းဖြစ်ပါတယ်။ လာမယ့်နှစ်ဆိုရင်တော့ ဖြစ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု အဆိုပါအရာရှိကဆိုသည်။

ယင်းခေတ်မီနည်းပညာသုံး သားသတ်စက်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်အသုံးပြုခြင်းဖြစ်ပြီး လက်ရှိစမ်းသပ်ကာလမှာ ငါးရက်သာ ရှိသေးသဖြင့် နည်းပညာနှင့်ရင်းနှီးမှုရှိအောင် ကြိုးစားနေဆဲဖြစ်ကြောင်း အဆိုပါဌာနတိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက ပြောဆိုသည်။

မန္တလေးစည်ပင်အနေနှင့် နေ့စဉ်အသားပိဿာချိန် (အမဲ) ၅၀၀၀ နှင့် (ဆိတ်) ပိဿာချိန် ၁၂၀ ခန့်ထုတ်လုပ်နေပြီး မူလ ၄၁ လမ်း၊ စိန်ပန်းရပ်ရှိ ဝက်သားသတ်ရုံကိုလည်း မကြာမီရွှေ့ပြောင်းမည်ဖြစ်ကြောင်း အဆိုပါကော်မတီ ဈေးနှင့်သားသတ်ဌာနတာဝန်ရှိသူများက ပြောကြားသည်။

■ M-02




**တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန်အတွက် အာခါတိုင်းရင်းသားများကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်အတွင်း၌ ဝါးနှင့်ပတ်သက်သည့် သင်တန်းများပေးလျက်ရှိရာ သင်တန်းသားများက ဝါးဆက်တီပြုလုပ်ရန် ပြင်ဆင်နေကြသည်ကို တွေ့ရစဉ်။ အဆိုပါသင်တန်းတွင် ဝါးစိုက်ပျိုးနည်း၊ ဝါးမှပရိဘောဂအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဝါးအိမ်ဆောက်ခြင်းသင်တန်းများကို နှစ်လနီးပါးကြာသင်ကြားပေးသွားမည်ဖြစ်သည်။**

# မီးရထားပိုင် စံအိမ်ဟိုတယ်လုပ်ငန်း တင်ဒါဖွင့်မည်

**မန္တလေး၊ ဒီဇင်ဘာ ၆**

မြန်မာ့မီးရထားပိုင် မန္တလေးဘူတာကြီးရှိ အခန်း ၄၂ ခန်းပါ စံအိမ်ဟိုတယ်ကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များထံ သုံးနှစ်သက်တမ်း ငှားရမ်းလုပ်ကိုင်ခွင့် အိတ်ဖွင့်တင်ဒါဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းစံအိမ်ဟိုတယ်တင်ဒါစိစစ်ရေးကော်မတီထံမှ သိရှိရသည်။

ယင်းဟိုတယ်သည် အလျား ၁၀၀ ပေ x အနံ ၄၀ ပေကျယ်ဝန်းပြီး အခန်း ၄၂ ခန်းပါ သုံးထပ်အဆောက်အအုံဖြစ်ကြောင်း၊ ယင်းတင်ဒါစည်းကမ်းနှင့် လျှောက်လွှာကို တစ်စောင်လျှင် ၁၀,၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူပြီး ဒီဇင်ဘာလ ၁၂ ရက် ညနေ ၄ နာရီ ၃၀ မိနစ်အထိ မန်နေဂျာ၊ (စီးပွားရေး/တိုင်း)တိုင်းအမှတ် ၃ ရုံး၊ မန္တလေးဘူတာကြီးသို့ ပေးပို့ရမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂ ၆၆၇၆၄၊ ၀၂ ၃၅၈၂၉၊ ၀၆၇ ၇၇၀၄၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အဆိုပါကော်မတီထံမှ သိရှိရသည်။

■ M-01

## NEWS IN BRIEF

### မန္တလေးတိုင်းဒေသကြီးတွင် ဝန်ထမ်းအိမ်ရာများ ထပ်မံတည်ဆောက်မည်

**မန္တလေး၊ ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်းနေထိုင်သည့် အစိုးရဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၀၀၀ ခန့်ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါဝန်ထမ်းအိမ်ရာများကို လက်ရှိ ၂၀၁၆ ခုနှစ်မှ လာမည့် ၂၀၂၀ ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး လေးနှစ်တာဘဏ္ဍာရေးကာလဖြစ်ကြောင်း ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုက်ခန်းပေါင်း ၅၆၁ ခန်းရှိသည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးခဲ့ပြီး ယင်းအိမ်ရာတိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိရန် လျှောက်ထားသူ ၈၀၀၀ ဦးကျော်ကို လာမည့်နှစ်ဇန်နဝါရီ ၄ ရက်တွင် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

M-02

### ပြဟ္မစိုရ်ကုသိုလ်ဖြစ်ဆေးခန်း ကျောက်ကပ်သန့်စင်စက် သုံးလုံး အလှူရှင်လိုအပ်

**မန္တလေး၊ ဒီဇင်ဘာ ၆**

ကုသိုလ်ရှင်များ၏ အကူအညီဖြင့် ရပ်တည်နေသည့် မန္တလေးမြို့တော်အခြေစိုက် ပြဟ္မစိုရ်ကုသိုလ်ဖြစ်ဆေးခန်းတွင် ကျောက်ကပ်သန့်စင်စက် အလုံး ၂၀ အထိထားရှိပြီး ဆေးကြောပေးမည်ဖြစ်ရာ လက်ရှိတွင် ၁၇ လုံးရှိသဖြင့် စက်သုံးလုံးအတွက် အလှူရှင်လိုအပ်နေကြောင်း အဆိုပါဆေးခန်းတာဝန်ခံ ဒေါက်တာသန်းထွန်းမြင့်က ပြောကြားသည်။

ယင်းဆေးခန်းအနေနှင့် လက်ရှိတွင် ကျောက်ကပ်သန့်စင်စက် ၁၆ လုံးဖြင့် တစ်ပတ်လျှင်ကျောက်ကပ်လူနာ ၃၄ ဦးကို စနေ၊ တနင်္ဂနွေနှင့် ကြာသပတေးနေ့တိုင်း အခမဲ့ဆေးကြောပေးနေပြီး မကြာသေးမီကမှ အလှူရှင်တစ်ဦး စက်တစ်လုံးလှူဒါန်းပေးခဲ့ကြောင်း အဆိုပါကျောက်ကပ်ဌာနမှ သိရသည်။

ပြဟ္မစိုရ်ကုသိုလ်ဖြစ်ဆေးခန်းတွင် ကျန်းမာရေးဝန်ဆောင်မှု ၁၇ မျိုးဖြင့် အခမဲ့ကုသပေးနေပြီး ဆေးခန်း၏ ဖွဲ့စည်းပုံအတိုင်း ကျောက်ကပ်သန့်စင်စက် အလုံး ၂၀ အထိထားရှိရန် စက်သုံးလုံးသာလိုအပ်တော့သဖြင့် အလှူရှင်များအနေနှင့် လှူဒါန်းလိုပါက ဖုန်း ၀၉-၂၀၃၂၈၅၃၊ ၇၉၇ ၅၀၅ ၄၉၀၊ ၅၆၀၀ ၂၀၉ တို့ထံဆက်သွယ်နိုင်ကြောင်း အဆိုပါဆေးခန်း တာဝန်ရှိသူများထံမှ သိရသည်။

M-02

# ထီးလိုမင်းလိုဘုရားဘက်စုံပြုပြင်ရန် သဘောရိုးဖြင့်ခွင့်ပြုပေးခြင်းဖြစ်ဟု စစ်ဆေးတွေ့ရှိ

**မန္တလေး၊ ဒီဇင်ဘာ ၆**

ထီးလိုမင်းလိုဘုရားဘက်စုံ ပြုပြင်မှုကို ခွင့်ပြုပေးခဲ့သည့် ဂေါပကအဖွဲ့အား စစ်ဆေးခဲ့ရာ သဘောရိုးဖြင့် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့များအပေါ် ပဏာမ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမြင့်သန်းက ပြောကြားသည်။

ထီးလိုမင်းလိုဘုရားကို ‘ရွှေပြည်တော်ဆုံမှတ်’ ပရဟိတအသင်းက ပြုပြင်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်ပြီး စစ်ဆေးခြင်းများကိုနိုဝင်ဘာလတတိယပတ်အတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် စုံစမ်းစစ်ဆေးမှုကို အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ရုံးချုပ်သို့လည်းတင်ပြထားပြီး တစ်စုံတစ်ရာအကြောင်း ပြန်ကြားခြင်း မရှိသေးကြောင်း အဆိုပါစုံစမ်းစစ်ဆေးရေးအဖွဲ့ထံမှ သိရသည်။

“သူတို့ သဘောရိုးနဲ့ မှားတာပါပဲ။ တမင်တကာရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တာတွေ မတွေ့ရဘူး။ ဘုရားကြီးကို ထိန်းသိမ်းစောင့်ရှောက်လိုတဲ့ဆန္ဒတွေပဲ သူတို့မှာရှိတာပေါ့။ ဘုရားရဲ့ အလှူငွေရရှိရေးအတွက်နဲ့ ပြင်ဆင်ထိန်းသိမ်းတဲ့အခါမှာ ရန်ပုံငွေမလျော့နည်းအောင် အလှူရှင်ဆီကနေ လှူဒါန်းတာတွေကို သူတို့ လက်ခံလိုက်တဲ့ သဘောပေါ့။ ပြဿနာမရှိလောက်ဘူးလို့ ရိုးရိုးရှင်းရှင်းပဲတွေးပြီးတော့ လုပ်လိုက်တာပေါ့။ သက်ဆိုင်ရာဌာနတွေကိုလည်း သတင်းမပို့မိလိုက်ဘူးပေါ့” ဟု ဦးမြင့်သန်းက ပြောကြားသည်။

ငလျင်ဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီများကို ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများ၊ ဂေါပကများပြုပြင်ခြင်း ခွင့်မပြုဘဲ နိုင်ငံတော်က ကြီးကြပ်၍ ပြင်ဆင်ထိန်းသိမ်းမှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂေါပကများသို့လည်း အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ထီးလိုမင်းလို ဂေါပကအဖွဲ့



ဓာတ်ပုံ-မြတ်(ကလေး)

သည် ဘုရားကြီးအား စောင့်ရှောက်ရန် သာဖြစ်ပြီး ခွင့်ပြုပိုင်ခွင့်မရှိသည်များကို ခွင့်ပြုထားခြင်းဖြစ်သဖြင့် ဥပဒေနှင့် ညီညွတ်မှုမရှိပါက ဂေါပကအဖွဲ့အား ဥပဒေနှင့်အညီ အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ■

**M 05**


ဓာတ်ပုံ-နေလင်း

ဆေးရောင်ခြယ်သေနတ်ပစ်ကွင်းသို့ လာရောက်ဆော့ကစားသူများကိုတွေ့ရစဉ်

# ဆေးရောင်ခြယ်သေနတ်ပစ်ကွင်း ပြင်ဦးလွင်၌ ထပ်ဖွင့်မည်

**မန္တလေး၊ ဒီဇင်ဘာ ၆**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက်ခြမ်းတွင် ဖွင့်လှစ်ထားသော မြန်မာနိုင်ငံတွင်း တစ်ခုတည်းသော Ant Paint Ball Club ဆေးရောင်ခြယ်သေနတ်ပစ်ကွင်းကို ပြင်ဦးလွင်မြို့တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါ Ant Paint Ball Club မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကစားနည်းမှာ အသင်းနှစ်ဖွဲ့ခွဲကာ ဆေးရောင်ကျည်များဖြင့် စစ်တိုက်တမ်း ကစားရသော ကစားနည်းဖြစ်ပြီး အလံလုကစားနည်း၊ ကျည်ဆန်မှန်သူထွက်ကစားနည်း၊ ဆေးရောင်ရေတွက် ကစားနည်းစသည်ဖြင့် ကစားနည်း သုံးမျိုးရှိပြီး လူငယ်၊ လူလတ်ပိုင်းများ စိတ်ဝင်စားမှုများပြားလာသည့်အတွက် ပြင်ဦးလွင်မြို့နှင့် နီးစပ်သည့် မြို့များမှ ကစားလိုသည့် ကစားသမားများအတွက် ရည်ရွယ်ကာ ပြင်ဦးလွင်မြို့တွင် ဆိုင်ခွဲ ဖွင့်လှစ်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

“ဒီကစားနည်းက တခြားနိုင်ငံမှာဆို လူငယ်တွေအရမ်းကြိုက်ကြတယ်။ မန္တလေးမြို့မှာ ဆိုင်စဖွင့်တော့လည်း လာရောက်ကစားတဲ့လူတွေ အများကြီးပဲ။ အခုထိလည်း အဖွဲ့လိုက် လာရောက်ဆော့ကစားတဲ့ ကစားသမားတွေ ရှိနေတုန်းပဲ” ဟု ၎င်းက ဆိုသည်။

ဆေးရောင်ဘောလုံးထည့်သေနတ်များဖြင့် အဖွဲ့လိုက်စစ်တိုက်တမ်း ကစားနည်းမျိုးအား နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းများနှင့် ဓာတ်ပုံတချို့တွင် တွေ့မြင်ခဲ့ပြီး ကစားချင်ခဲ့မိကာ မန္တလေးမြို့တွင် ၎င်းကဲ့သို့ဆိုင်မျိုး စတင်ဖွင့်လှစ်သည့်အချိန်တွင် သူငယ်ချင်းများစုကာ အဖွဲ့လိုက် သွားရောက်ဆော့ကစားခဲ့ကြောင်း၊ အဖွဲ့လိုက်အနေနှင့် ကစားရသော ကစားနည်းဖြစ်သောကြောင့် အသင်းအဖွဲ့စိတ်ဓာတ်ကိုလည်းရရှိကြောင်း ဆေးရောင်ခြယ် သေနတ်ပစ် ကစားနည်း သွားရောက်ဆော့ကစားခဲ့သည့် ရတနာပုံ တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မနန်းဟေသီက ပြောကြားသည်။

Ant Paint Ball ကလပ် ပြင်ဦးလွင်ဆိုင်ခွဲကို ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါကလပ်မှ စုံစမ်းသိရှိရသည်။ ■ **M-03**

# တရုတ်ဆိုင်ကယ်ဈေး အနည်းငယ် မြင့်တက်

**မန္တလေး၊ ဒီဇင်ဘာ ၆**

မန္တလေးမြို့သို့ တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ အဓိကဝင်ရောက်ရာ လမ်းကြောင်းဖြစ်သည့် ရှမ်းပြည် မြောက်ပိုင်းပြည်ထောင်စုလမ်းပိုင်းတိုက်ပွဲများကြောင့် ကုန်တင်ယာဉ်များ အတက်အဆင်း လျော့ကျသွားသော်လည်း ဆိုင်ကယ်အရောင်းအဝယ်ဈေးနှုန်းမှာ များစွာမြင့်တက်သွားခြင်းမျိုးမရှိဘဲ အနည်းငယ်သာ ဈေးနှုန်းတက်သွားကြောင်း မန္တလေးမြို့ရှိ ဆိုင်ကယ်ဝယ်ရောင်းလုပ်ဆောင်နေသူများက ပြောကြားသည်။

လမ်းပိုင်းအခြေအနေများကြောင့် မူဆယ်-မန္တလေးသို့ တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ တင်ပို့ပေးသည့် ကုန်တင်ကားကြီးများ အသွားအလာ မရှိသလောက်နည်းပါးသွားရသော်လည်း လတ်တလောဈေးကွက် အတွင်းတွင် တိုက်ပွဲများမဖြစ်မီ သိုလှောင်ထားသော ဆိုင်ကယ်များ ရှိနေခြင်းနှင့် ရောင်းချသည့်ဆိုင်များ အနေနှင့်လည်း ဈေးတန်းတစ်ခုအား ချိန်ဆမျှတစွာ ရောင်းချပေးနေခြင်းကြောင့်လည်း မန္တလေးမြို့ရှိ တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ ဝယ်ရောင်းဈေးကွက်အတွင်း ဈေးနှုန်းများ မတန်တဆမြင့်တက်သွားခြင်းမျိုးမရှိကြောင်း ဆိုင်ကယ်ဝယ်ရောင်းလုပ်ဆောင်သူ မြို့ခံ ဦးမျိုးသူရက ထပ်မံပြောကြားသည်။

“တစ်ပိုင်တစ်နိုင်ကယ်ရီသမားတွေကတော့ လမ်းပိုင်းအခြေအနေအရ ငြိမ်နေကြတယ်။ အသွားအလာ သိပ်မရှိတော့ဘူး။ ဒီတိုက်ပွဲတွေ မဖြစ်ခင်တည်းက ဝယ်ယူသိုလှောင်ထားကြတာများတယ်။ နောက်ဆုံးမော်ဒယ်လ် တရုတ်ဘီးတွေကတော့ နည်းနည်းတော့ ပစ္စည်းပြတ်တာရှိတာပေါ့။ ဒါပေမဲ့ခုချိန်ကလည်း ဝယ်လိုအားက ရှိပေမယ့် မများဘူး။ ရောင်းလိုအားက ပိုပြီးများနေတယ်။ တိုက်ပွဲတွေကြောင့် လမ်းပိုင်းကြောင့်ဆိုပြီးတော့ ရှိပြီးသား ဆိုင်ကယ်တွေကို အဆမတန်ဈေးတင်ရောင်းချတဲ့သူတွေကတော့ မရှိသလောက် ရှားပါတယ်” ဟု ၎င်းက ဆိုသည်။

ဈေးကွက်အတွင်း လတ်တလော အရောင်းအဝယ်ဖြစ်နေသော တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များမှာ အော်တိုဂီယာဘီးများနှင့် ကလပ်ဘီးငယ်များဖြစ်ပြီး၊ ဈေးနှုန်းအားဖြင့် ကျပ်ငါးသိန်းဝန်းကျင်မှ ၁၀ သိန်းဝန်းကျင်အထိ ဖြစ်ကြောင်း မန္တလေးမြို့ရှိ ဆိုင်ကယ်ဝယ်ရောင်းလုပ်ဆောင်နေသူများထံမှ စုံစမ်းသိရှိရသည်။ ■

**M-03**


ဓာတ်ပုံ-နေလင်း

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်အနီးတွင် ဆိုင်ကယ်ဖြင့် သွားလာနေသည့် မြို့ခံများကိုတွေ့ရစဉ်

# ယစ်မျိုးခွန်လျှော့ပေးရန်

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံ တောင်းဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ဟိုတယ်လုပ်ငန်းရှင်များသည် ယစ်မျိုးခွန်နှင့်ပတ်သက်ပြီး တစ်နှစ်လျှင် အခွန်ငွေများစွာ ပေးဆောင်နေရသည့်အတွက် လျှော့ချပေးရန် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနထံ ဒီဇင်ဘာလ ၅ ရက်က တောင်းဆိုကြောင်း ဇုန်အသီးသီးရှိ ဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်။

"ဟိုတယ်ဆိုတာက အရက်ရောင်းစားတာမဟုတ်ဘူး။ အများစုအတွက် မဟုတ်ဘဲ ဟိုတယ်မှာတည်းတဲ့ ဧည့်သည်တွေအတွက်ကိုပဲ ရောင်းတာပါ။ ဒါကြောင့် သင့်တင့်တဲ့ အခွန်နှုန်းထားပြောင်းလဲပေးစေချင်တယ်" ဟု တစ်နှစ်လျှင် ယစ်မျိုးခွန်အတွက် ကျပ် ၂၄ သိန်း ပေးဆောင်ရသည့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ဦးတင်မြင့်က ဆိုသည်။

ယစ်မျိုးခွန်နှင့်ပတ်သက်ပြီး ဒေသအလိုက် အခွန်ပေးဆောင်နှုန်း မတူညီသော်လည်း တစ်နှစ်လျှင် ကျပ် ၁၂ သိန်းမှ ၂၄ သိန်းအထိ ပေးဆောင်နေရပြီး ယစ်မျိုး ရောင်းရငွေနှင့်နှိုင်းဆလျှင် ကွာဟမှုရှိနေကာ ပေးဆောင်ရသည့် အခွန်နှုန်းက ပိုနေကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အချို့သော ဟိုတယ်ဇုန်များတွင် ယစ်မျိုးလိုင်စင် မရရှိသေးသည့် ဟိုတယ်များရှိနေပြီး နိုင်ငံခြားသားခရီးသည်များအတွက် စိတ်ကျေနပ်မှုရှိရှိ တည်းခိုနိုင်ရန် အခွန်နှုန်းသက်သာစွာဖြင့် လိုင်စင်ချပေးရန်လည်း လိုအပ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များက ပြောကြားသည်။

"နိုင်ငံခြားသား တည်းခိုမှုက ရှိနေတဲ့အတွက် ယစ်မျိုး လိုင်စင်လိုတယ်။ လိုင်စင်မရှိလို့ ချပေးပါလို့ပြောချင်တယ်" ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း (တနင်္သာရီဇုန်) ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆိုသည်။

ဟိုတယ်ဇုန်များ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှု အဆင့်ဆင့် လုပ်ဆောင်နေပြီး ယစ်မျိုးလိုင်စင်ကို ပြည်ထဲရေးဌာနထံ ပေးဆောင်နေခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေနှင့် ထောက်ခံပေးသည့်အဆင့်သာ ဆောင်ရွက်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ် က ပြောကြားသည်။

"ချမှတ်ထားတဲ့မူအရ ထပ်တိုးလို့မရတဲ့အနေအထားကို တွေ့နေရတယ်။ လာတင်ပြတဲ့သူရှိရင်တော့ဆောင်ရွက်ပေးနေပါတယ်။ အခွန်နှုန်း လျှော့ချပေးဖို့ကိုလည်း ပြည်ထောင်စုဝန်ကြီးကို တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးပါ့မယ်" ဟု ၎င်းကဆိုသည်။

လက်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၃၉၁ လုံးရှိပြီး အခန်း ၅၅,၀၃၁ ခန်းရှိကြောင်း၊ ယစ်မျိုးလိုင်စင် ချပေးထားမှု ၄၀,၀၀၀ ရှိပြီး ဟိုတယ်နှင့်တည်းခိုရိပ်သာ ၈၉ လုံးကို ယစ်မျိုးလိုင်စင်ရယူနိုင်ရန် ထောက်ခံပေးထားကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ ■ J-06

## iMyanmarHouse.com အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲ ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

iMyanmarHouse.com မှ မြန်မာနိုင်ငံ၏အကြီးဆုံး အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲကို ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း iMyanmarHouse.com ထံမှ သိရသည်။

အဆိုပါပွဲတွင် ကျပ်သိန်း ၁၀၀ အောက် တိုက်ခန်းများမှစ၍ အသင့်နေထိုင်နိုင်သည့် နိုင်ငံတကာအဆင့်မီ ကွန်ဒိုများကို အထူးလျှော့ဈေးနှုန်းများအပြင် တစ်နှစ်မှ ဆယ်နှစ်အထိ အရစ်ကျစနစ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

iMyanmarHouse.com က 'စတုတ္ထအကြိမ်မြောက် ကျင်းပမည့် မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲကြီး' နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို Central Hotel ၊ Jade Room ၌ ဒီဇင်ဘာလ ၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ■ J-10

The VOICE Daily CARTOON




## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ နာရေးသုံးထိုင်ခုံများ လှူဒါန်းနိုင်ဖို့ပါ။ မနောကြာဖြူအသင်းက အလှူခံထားတာဖြစ်ပြီး နာရေးပေါ်ပေါက်လာတဲ့အခါမှာ အရိပ်စင် အအေးခေါင်းနဲ့တွဲပြီး သုံးရတဲ့ ထိုင်ခုံတွေ လိုအပ်နေတာပါ။ နာရေးများတဲ့နေ့တွေမှာ ထိုင်ခုံမလောက်ငအောင်ဖြစ်နေပြီး ထိုင်ခုံတစ်လုံးကို ၅၅၀၀ ကျပ် ကျသင့်မှာပါ။ နာရေး တစ်ခုဖြစ်လာရင် ထိုင်ခုံ ၁၅ လုံးချပေးတာမို့ နာရေးတစ်ခုစာအတွက် အစုံလှူဒါန်းမယ်ဆိုရင်တော့ ၇၇၅၀၀ ကျပ်ကျသင့်မှာပါ။ အသေးစိတ်သိလိုတယ်၊ ဆက်သွယ်လှူဒါန်း လိုတယ်ဆိုရင် မနောကြာဖြူပရဟိတအသင်း ဖုန်း ၀၉- ၃၃၀၄၈၃၆၂၊ ၀၉ -၂၀၀၆၄၂၃ ကို ဆက်သွယ်ပြီး ပါဝင်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ရေချိုးခန်းသုံးနဲ့ အလှပြင်ပစ္စည်းတွေ ထည့်သိမ်းနိုင်မယ့် Toilet Bag

ခရီးတွေ မကြာခဏ ထွက်လေ့ရှိသူတွေအတွက် အသုံးဝင်သလို အိမ်မှာပဲ ကိုယ်သုံးနေကျ မိတ်ကပ်ပစ္စည်းတွေကအစ တခြားတိုလီမိုလီလေးတွေကို စနစ်တကျသိမ်းနိုင်မယ့် Toilet Bag ကို ညွှန်ပေးချင်တယ်။ ရေချိုးခန်းသုံးပစ္စည်းတွေဖြစ်ဖြစ်၊ အလှပြင် အသားအရေထိန်းပစ္စည်းတွေဖြစ်ဖြစ် တစုတစည်းတည်း ထည့်ထားနိုင်မှာဖြစ်ပြီး အိတ်မှာ ချိတ်လေးပါလို့ အလွယ်တကူချိတ်ပြီး သုံးနိုင် သလို ခေါက်ပြီးလည်း သိမ်းနိုင်မှာပါ။ အပြာနဲ့ ပန်းရောင် နှစ်ရောင်ရမယ်လို့ ဆိုတဲ့ ဒီအိတ်က ကျပ် ၇၀၀၀ ဖြစ်ပြီး 8 Ray Shopping Center အမှတ် ၄၉၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်မှာ သွားဝယ်နိုင်ပါတယ်။ မနက် ၁၀ နာရီကနေ ည ၈ နာရီအတွင်း သွားဝယ်နိုင်ပြီး ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂



**မြန်မာ** နိုင်ငံ အနောက်ဘက်တံခါး မောင်တောတွင် အကြမ်းဖက် ဘင်္ဂါလီများကို ရှင်းလင်းနေသည့်ကိစ္စနှင့်ပတ်သက်ပြီး မလေးရှားနိုင်ငံရှိ နိုင်ငံရေးပါတီများမှပါတီဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် NGOs များမှ ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ကာ မြန်မာသံရုံးသို့လာ ရောက်ဆန္ဒပြမှုများ စတင်ပြုလုပ်လာခဲ့ကြလေသည်။ ထိုရက်ပိုင်းအတွင်း တိုက်ဆိုင်စွာပင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအား ဖောက်ခွဲတိုက်ခိုက်မည့် အကြမ်းဖက်သမားကိုလည်း ဗုံးပြုလုပ်ရန်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြန်လေသည်။ ထိုသို့သောအခြေအနေများမဖြစ်ပေါ်မီကာလတွင်လည်း မလေးရှားနိုင်ငံမှ မြန်မာလုပ်သားများကို ဆက်လက်ခေါ်ယူခြင်း မပြုရန်၊ မြန်မာနိုင်ငံကို အာဆီယံကနေထုတ်ပယ်ရန် တိုက်တွန်းချက်များထွက်ပေါ်လာပြီး နောက်ဆုံးတွင်မူ မလေးရှား- မြန်မာလူငယ် ဘောလုံးအသင်း ခြေစမ်းကစားရန်ကိစ္စကိုပင် ပယ်ဖျက်ခဲ့သည်အထိ ဖြစ်ခဲ့လေသည်။ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရဆိုလျှင် ထိုအစီအစဉ်များ၏ နောက်ကွယ်တွင် မလေးဝန်ကြီးချုပ် နာဂျစ်ရာဇတ် ရှိနေနိုင်သည်ဟု သတင်းများ ထိုစဉ်ကတည်းကပင် ထွက်ပေါ်နေခဲ့ဖူးသည်။

ထိုသို့သုံးသပ်ကြသည့်သတင်းများ ထွက်ပေါ်ပြီးရက်ပိုင်းအကြာ မရှေးမနှောင်းမှာဆိုသလိုပင် မလေးဝန်ကြီးချုပ် Najib Razak အနေဖြင့် ထိုအခွင့်အရေးများကို ကောင်းစွာအသုံးချပြီး ကျဆင်းလာနေသည့် ၎င်း၏နိုင်ငံရေးပုံရိပ်များကို ပြန်အဖတ်ဆယ်သည့်အနေနှင့် မြန်မာပြည် ရခိုင်ဒေသက ဘင်္ဂါလီအရေးကို ဘာသာရေးအသွင် ရောထွေးအသုံးချကာ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် နိုင်ငံရေးပါတီကြီးဖြစ်သည့် United Malays National အဖွဲ့ဖြင့် ဆန္ဒပြပွဲတစ်ရပ်ကို ဒုဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ဦးဆောင်ပြီး မြန်မာနိုင်ငံအပေါ် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြလေသည်။ အနီရောင်ဝတ်လူပ်ရှားမှုအသွင်ဖြင့် ပြုလုပ်လာခဲ့ခြင်းဖြစ်ပြီး ထိုလှုပ်ရှားမှုများမှာ ယခင်လှုပ်ရှားမှုများ၏ကွင်းဆက်အဖြစ် ဆက်တိုက်ဆိုသလို ဆက်လက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏အဆိုအရ မောင်တောဒေသတွင် ရိုဟင်ဂျာများ ရက်စက်စွာသတ်ဖြတ်ခံရပြီး အမျိုးသမီးများအနေနှင့်လည်း မတရားပြုကျင့်ခံရကြောင်း၊ ဒီအတွက် မြန်မာခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အပေါ်ကိုလည်း ဝေဖန်ပြောကြားသွားခဲ့ပြီး ရန်ကုန်မြို့ရှိ မလေးရှားသံရုံးရှေ့တွင် မြန်မာနိုင်ငံသားမှ ရဟန်းသံဃာများနှင့် နိုင်ငံသားများက ၎င်းအပေါ် ကန့်ကွက်ဆန္ဒပြမှုများနှင့် ပတ်သက်ပြီးလည်း ၎င်းအနေနှင့် လုံးဝဂရုစိုက်နေမည်မဟုတ်ဘဲ ရိုဟင်ဂျာတွေကို အကာအကွယ်ပေးဖို့အတွက် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်သွားမည်၊ ငြိမ်ခံနေမှာမဟုတ်ကြောင်းတို့ကို ဆန္ဒပြပွဲသို့တက်ရောက်လာသည့် မလေးလူထုကို ပြောဆိုသွားခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှားသမ္မတ Joko Widodo ကိုလည်း မလေးရှားနှင့်ပူးပေါင်းလက်တွဲရန် တိုက်တွန်းသွားခဲ့ပြီး ၎င်းအပြင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအရေးနဲ့ပတ်သက်ပြီး သံတမန်နည်းလမ်းအရ ဆွေးနွေးဖို့ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ငြင်းပယ်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုနှင့် ထိုက်တန်ရဲ့လားဆိုသည့် မေးခွန်းမျိုးကိုလည်း ထုတ်ဖော်မေးမြန်းသွားခဲ့လေသည်။

ထိုလှုပ်ရှားမှုများအပေါ် အမေရိကန်နိုင်ငံအနေနှင့် မြန်မာ့အိမ်နီးချင်း မွတ်စလင်အများစုနေထိုင်ရာ နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနိုင်ငံများအနေဖြင့်လည်း လက်ရှိရိုဟင်ဂျာပြဿနာနှင့်ပတ်သက်ပြီး ဘာသာရေးဆိုင်ရာ မကျေမနပ်မှုများ တိုးပွားလာစေနိုင်သည့် ဆန္ဒပြပွဲများကို တားဆီးကြရန် တိုက်တွန်းခဲ့သည့်သတင်းများကိုလည်း တွေ့ရှိခဲ့ရသည်။ ဒီအတောအတွင်းမှာပင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး မြန်မာနိုင်ငံအပေါ် ဆန္ဒပြကန့်ကွက်မှုများပြုလုပ်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ်အား တန်ပြန်ဆန္ဒပြ ကန့်ကွက်မှုကို ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ် ၂၀၀ ကျော်ကလည်း ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်ခဲ့ကြလေသည်။ ဆန္ဒပြသူများအနေနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး နှိမ်နင်းနေသည့်အပေါ် မြန်မာအစိုးရကို ဖိအားပေးဖို့ မလေးရှားဝန်ကြီးချုပ်က စီစဉ်နေသည့်အတွက် တုံ့ပြန်ဆန္ဒပြခြင်းဖြစ်ကြောင်း ဆန္ဒပြသူတွေက ဆိုကြသည်။

ထိုသို့ မိမိနိုင်ငံအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ဘင်္ဂါလီအရေးကိစ္စအပေါ် မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ် ဦးဆောင်၍ ကမ္ဘာသိ တိုင်းသိပြည်သိ နိုင်ငံအဆင့် ပြင်းပြင်းထန်ထန် ဆန္ဒပြမှုလုပ်ရပ်မှာ အာဆီယံပဋိညာဉ်ကို ချိုးဖောက်ရာရောက်ကြောင်း၊ ထို့ပြင် နိုင်ငံတကာသံတမန်ရေးရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ချက်ချင်းတုံ့ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရသူက ဒီဇင်ဘာ ၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ထိုဆန္ဒပြပွဲမတိုင်မီ မလေးရှားပြည်တွင်းမီဒီယာပေါင်းစုံမှာလည်း မောင်တောဖြစ်စဉ်မဟုတ်သည့် မခိုင်လုံသည့်အတည်မပြုနိုင်သည့် ဗီဒီယိုမှတ်တမ်းများ၊ သတင်းဓာတ်ပုံများကို ချဲ့ကားပြောဆို ထုတ်လွှင့်ထားကြောင်း၊ အဆိုပါလုပ်ဆောင်ချက်များကြောင့် ဘာသာရေးအရ တင်းမာမှုများ ပိုမိုဖြစ်ပွားအောင် ဖန်တီးသည့်သဘောမျိုး သက်ရောက်နေကြောင်း၊ မောင်တောဒေသအတွင်း ဖြစ်ပွားနေသည့်ပြဿနာများကို အခြားနေရာများတွင် မကူးစက်ရအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နေသည့် အစိုးရကို အကျပ်တွေ့အောင် ခက်ခဲစေအောင် ဖြစ်စေကြောင်း၊ ဘာသာရေးအရ ဆောင်ရွက်လိုက်သည့်အချက်က မိမိနိုင်ငံအတွင်း ဘာသာရေးအစွန်းရောက်များတိုးပွားလာပြီးနောက် ဘာသာရေးအစွန်းရောက်လိုစိတ်များ တိုးပွားလာအောင် သွေးထိုးသလိုဖြစ်စေကြောင်း၊ ထိုသို့ မြန်မာနိုင်ငံအပေါ် ပြောသည့်အချက်များသည် အာဆီယံပဋိညာဉ်စာတမ်းအပေါ် မလိုက်နာဘဲပြောသည့်အတွက် အာဆီယံတင်မကဘဲ ကျန်သည့်ကမ္ဘာ့နိုင်ငံအနှံ့ အပြားကိုပါ အစွန်းရောက်တွေ ပိုမိုများပြားလာအောင် သွေးထိုးလှုံ့ဆော်သည့်သဘောရောက်နေကြောင်း၊ ထို့ကြောင့် ထိုကိစ္စသည် အလွန်အန္တရာယ်ကြီးသည့် လုပ်ဆောင်ချက်မျိုးဖြစ်သည်ဟု မြင်ကြောင်းတို့ကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောဆိုခဲ့သည်။

ထိုသို့သော မလေးရှားဝန်ကြီးချုပ်၏ မြန်မာနိုင်ငံအပေါ် ဆန္ဒပြသည့်အဖြစ်အပျက်များနှင့်ပတ်သက်ပြီး နိုင်ငံ့ရေးရာကျွမ်းကျင်သူများ၏ အဆိုအရမူ အချို့သောအစိုးရများသည် နိုင်ငံရေးအရ အကျပ်အတည်းကြုံလာချိန်တွင် အမျိုးသားရေးနှင့် ဘာသာရေးကိုဇန်းပြပြီး နိုင်ငံရေးကစားလေ့ရှိကြောင်း၊ ဥပမာအားဖြင့် အင်္ဂလိပ်-အာဂျင်တီးနားစစ်ပွဲတွင် အာဂျင်တီးနားသည် တိုင်းပြည်အတွင်း ငွေကြေးအကျပ်အတည်းများနှင့် လူထုမကျေနပ်မှု မြင့်တက်နေသည့်အချိန်တွင် စစ်ပွဲကိုဖန်တီးခဲ့ကြောင်း၊ ကမ္ဘာ့အကြီးဆုံး မွတ်ဆလင်တိုင်းပြည်ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက ဒီလောက်မဟုတ်ဘဲ မလေးရှားက အလွန်တက်ကြွနေခြင်းသည် နာဂျစ်ရာဇတ်၏ ခြေလှမ်းကို ပိုမိုထင်ရှားစေကြောင်း ထောက်ပြခဲ့ကြသည်။နာဂျစ်ရာဇတ်အနေနှင့် ၎င်းနိုင်ငံ၏ နိုင်ငံရေးစင်မြင့်တွင် ကြာကြာခံဖို့အလားအလာနည်းပါးနေသဖြင့် ယခုလို ပေါ်ပင်ဇာတ်ကွက်များလုပ်ဆောင်နေခြင်းဖြင့် ကျဆုံးနိုင်ခြေ မြင့်တက်နေသည့် နိုင်ငံရေးပုံရိပ်ကို ပြန်လည်အဖတ်ဆယ်နေခြင်းဖြစ်ကြောင်း၊ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အနေဖြင့် ပြည်သူပိုင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ကို အလွဲသုံးစားလုပ်ထားသည့်ကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်တွင် Black.name ဖြစ်နေကြောင်း၊ အရှေ့တောင်အာရှတွင် အကျင့်ပျက်လာဘ်စားမှုဖြင့် နာမည်ကြီးနေသူတစ်ယောက်ဖြစ်ပြီး ယနေ့အချိန်တွင် အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံကြီးတော်တော်များများက ၎င်းအပေါ် နိုင်ငံရေးဖိအားပေးခံနေသည့်အချိန်နှင့် တိုက်ဆိုင်စွာပင် မြန်မာပြည်ဘက် ခြေဦးလှည့်လာခြင်းဖြစ်ကြောင်း၊ ၎င်းအနေနှင့် ရာထူးကဆင်းရသည်နှင့် နိုင်ငံတော်တရားရုံးတွင် အမှုရင်ဆိုင်ရန် သေချာသလောက်ဖြစ်နေ၍ ရာထူးက မဆင်းပေးရေး နိုင်ငံရေးကစားကွက် ထထွင်နေခြင်းလည်းဖြစ်ကြောင်း၊ ပြည်ပသို့ထွက်ပြေးဖို့လည်း မလွယ်ကူသဖြင့် ရာထူးမှလည်း မဆင်းပေးရအောင် အလွယ်ကူဆုံး လုပ်ငန်းစဉ်အနေနှင့် နိုင်ငံရေးကို ဘာသာရေးဖြင့်ခုတုံးလုပ်ပြီး မလေးရှားပြည်သူကို စည်းရုံးနေခြင်းဖြစ်ကြောင်း၊ မလေးရှားပြည်သူများကို အစွန်းရောက်ဝါဒကို အားပေးသည့်ဘက်မှနေ ဦးဆောင်ပြပြီး မိမိအပြစ်ပေါ့လျော့အောင် အမှတ်ဝင်ယူနေသည့် မရိုးမဆန်းသည့်အကွက်ပင်ဖြစ်ကြောင်း နိုင်ငံရေးရာလေ့လာသူများက ဆိုခဲ့ကြလေသည်။

၎င်းအနေဖြင့် အခြားတစ်ဖက်မှလည်း နိုင်ငံအချင်းချင်းစောင့်ထိန်းလိုက်နာရမည့် အာဆီယံပဋိညာဉ်စာချုပ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း နိုင်ငံရေးအရ ဖိအားမပေးရဘူးဟူသည့် ပဋိညာဉ်စည်းကမ်းချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရဟူသော အာဆီယံ၏မူဝါဒကိုလည်း လေးစားလိုက်နာရန် ပျက်ကွက်နေကြောင်း သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မြန်မာတိုင်းမ်သတင်းဌာနကို ပြောကြားခဲ့သည်ကိုလည်း တွေ့ရှိရပြန်လေသည်။ မြန်မာအစိုးရအနေနှင့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများလုံခြုံရေးအတွက် စိုးရိမ်လျက်ရှိနေပြီး လတ်တလောအခြေအနေတွင် ကိစ္စတစ်ခုကို တစ်ဦးတည်းတစ်ယောက်တည်း လုပ်ဆောင်ခြင်းမျိုးရှောင်ကြဉ်ကြရန် သတိပေးထားလေသည်။ “အကဲဆတ်တဲ့အခြေအနေမျိုးမှာ မြန်မာနိုင်ငံသားတွေကို ဒုက္ခမရောက်စေချင်ကြောင်းနှင့် ထိုဆန္ဒပြရှုတ်ချပွဲတွင် မလေးရှားအစိုးရခေါင်းဆောင်များကိုယ်တိုင် ပါဝင်ခြင်းသေချာပါက မြန်မာနိုင်ငံရှိ မလေးရှားသံအမတ်ကိုလည်း မြန်မာအစိုးရဘက်က ခေါ်ယူမေးမြန်းသွားမည်ဖြစ်ကြောင်းကိုပါ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ဆိုထားသည်။

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ် (Najib Razak)နဲ့ ပတ်သက်ပြီး ယခုရက်ပိုင်း ထွက်ပေါ်လာသည့်သတင်းတွေအရဆိုလျှင် ၎င်းသည် အမေရိကန် အပါအဝင် ကမ္ဘာလုံးဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ (Global Investigators) မှ ရန်ပုံငွေ ဒေါ်လာတစ်ဘီလီယံကျော်ကို အလွဲသုံးစားလုပ်ပြီး သူ့ပုဂ္ဂိုလ်ရေးဘဏ်စာရင်းထဲ လွှဲပြောင်းထည့်ခဲ့သည့်အတွက် ပြီးခဲ့သည့်လတွင် တရားဝင်ကြေညာချက်ထုတ်ပြီး စုံစမ်းစစ်ဆေးတွေ့ရှိကြောင်း ကြေညာခဲ့သည်ကိုလည်း ကြားသိခဲ့ရဖူးသည်။ အဆိုပါကြေညာချက် တရားဝင် ထွက်လာပြီးချိန်တွင်ပင် မလေးရှားနိုင်ငံသား သိန်းနဲ့ချီပြီး ဝန်ကြီးချုပ် နာဂျစ်ရာဇတ် ရာထူးကနုတ်ထွက်ပေးရေး အဝါရောင်အင်္ကျီတွေဝတ်ပြီး တောင်းဆိုဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်မှာ မကြာသေးပေ။

ထိုသို့သောအခြေအနေများအပေါ် ဒီဇင်ဘာလ ၄ ရက်နေ့က ထုတ်ဝေခဲ့သည့် The Voice Daily နေ့စဉ်ထုတ်သတင်းစာ၏ အယ်ဒီတာ့အာဘော်ကဏ္ဍတွင် ‘အထူးသဖြင့် ဒေသတွင်းအာဆီယံနိုင်ငံများအနက် အစ္စလာမ်ဘာသာရေးကို နိုင်ငံရေးနှင့် ရောယှက်ထားသော မလေးရှားနိုင်ငံတွင် ဘင်္ဂါလီအရေးကိစ္စအပေါ် ဆန့်ကျင်ကြောင်း မြန်မာသံရုံးရှေ့၌ ဆန္ဒပြရုံသာမက ကွာလာလမ်ပူမြို့တော်တွင် လူပေါင်းများစွာ ဆန္ဒပြသည့်ပွဲသို့ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ် ကိုယ်တိုင် ပူးပေါင်းပါဝင်ခဲ့ခြင်းမှာ နိုင်ငံရေးတွင် ဘာသာရေးစွက်ဖက် ရောယှက်လိုက်ခြင်းဖြစ်သည်။ ပိုဆိုးသည်မှာ ဝန်ကြီးချုပ်နာဂျစ်က ဆန္ဒပြလူအုပ်သို့ ပြောကြားသောမိန့်ခွန်းများသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းစွက်ဖက်လိုက်သည့်အပြင် ဘင်္ဂါလီများ၏ အကြမ်းဖက် လူသတ်၊ လက်နက်လုယက်မှုကို တမင်ဖုံးကွယ်ထားပြီး ဘာသာရေးဖိနှိပ်မှုဆန်ဆန်၊ လူ့အခွင့်အရေးချိုးဖောက်မှုအသွင် ပုံဖော်လှုံ့ဆော်လိုက်ခြင်း ဖြစ်သည်။ ၂၀၁၈ နှစ်လည်တွင် ကျင်းပရန်ရှိသည့် မလေးရှားအထွေထွေရွေးကောက်ပွဲမတိုင်မီ ၂၀၁၇ ခုနှစ်အတွင်း လူထုသဘောထားစစ်တမ်းတစ်ရပ် ကောက်ယူရန် ပြင်ဆင်နေသော ဝန်ကြီးချုပ်နာဂျစ်သည် ယင်းမတိုင်မီ အစ္စလာမ်ဘာသာဝင် မလေးနိုင်ငံသားအများစု၏ ထောက်ခံမှုရရှိရန် အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာပြဿနာကို နိုင်ငံရေးအရ ခုတုံးလုပ်လိုက်ခြင်းဖြစ်သည်’ဟု ရေးသားဖော်ပြထားလေသည်။


၎င်းအနေနှင့် ရာထူးကဆင်းရသည်နှင့် နိုင်ငံတော်တရားရုံးတွင် အမှုရင်ဆိုင်ရန် သေချာသလောက်ဖြစ်နေ၍ ရာထူးက မဆင်းပေးရေး နိုင်ငံရေးကစားကွက် ထထွင်နေခြင်းလည်းဖြစ်ကြောင်း၊ ပြည်ပသို့ ထွက်ပြေးဖို့လည်း မလွယ်ကူသဖြင့် ရာထူးမှလည်း မဆင်းပေးရအောင် အလွယ်ကူဆုံးလုပ်ငန်းစဉ်အနေနှင့် နိုင်ငံရေးကို ဘာသာရေးဖြင့် ခုတုံးလုပ်ပြီး မလေးရှားပြည်သူကို စည်းရုံးနေခြင်းဖြစ်ကြောင်း၊


သို့ဖြစ်၍ အချုပ်အားဖြင့် The Voice Daily သတင်းစာ အယ်ဒီတာ၏ အာဘော်ကိုမှီ၍တင်ပြရလျှင် အာဆီယံအဖွဲ့ဝင် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားထားရှိရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် သွေဖည်ကာ ဤကဲ့သို့ မလေးရှားအစိုးရအဖွဲ့ အကြီးအကဲဝန်ကြီးချုပ်ကိုယ်တိုင် ဝင်ရောက်ဆန္ဒပြကာ နှစ်နိုင်ငံအကြား အမုန်းပွားစေမည့် သဘောထားမှတ်ချက်များ လူထုပရိသတ်ရှေ့တွင် ပြောဆိုခြင်းမှာ များစွာလူကြီးလူကောင်းမဆန်သည့် အပြုအမူဖြစ်သည့်အတွက် အလေးအနက် ကန့်ကွက်ရမည်လည်းဖြစ်သည်။ မလေးရှားနိုင်ငံတွင် အကြောင်းကြောင်းကြောင့် ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများနှင့် အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံရေးကိုလည်း အထူးပင် စိုးရိမ်မကင်းဖြစ်မိကြောင်း၊ အကယ်၍ မြန်မာနိုင်ငံသားများ တစ်စုံတစ်ရာ အန္တရာယ်ကျရောက်ပါက ဝန်ကြီးချုပ် နာဂျစ်ရာဇတ် ဦးဆောင်သောအစိုးရအဖွဲ့၏ တာဝန်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သန်းဖြိုးနိုင် (မြန်ပြည်သား)**

**လက်ရှိ** အချိန်၌ မြန်မာနိုင်ငံသည် ပြည်ပမှ ပိတ်ဆို့ခြင်းခံထားရသည့် ပြည်ပဆန်ရှင်များမှ ကင်းလွတ်ခွင့်ရပြီဖြစ်ပါသည်။ သို့ရာတွင် ပြည်တွင်း၌ ယခင်အစိုးရအဆက်ဆက်များ ပြုလုပ်၊ ပိတ်ဆို့ထားသည့် ပြည်တွင်းဖြစ်ဆန်ရှင်ကြီးမှာ ဝမ်းနည်းဖွယ်ရာကျန်ရှိနေပါသည်။

ထို 'ပြည်တွင်းဖြစ်ဆန်ရှင်' ဆိုသည်မှာဆရာဝန်များနှင့်သွားဘက်ဆိုင်ရာဆရာဝန်များသည် အစိုးရဝန်ထမ်းမလုပ်ပါကမဟာဘွဲ့လွန်ပညာရပ်များ ဆက်လက်သင်ကြားခွင့် ဆုံးရှုံးနေရကြခြင်းပင်ဖြစ်ပါသည်။

**၁။ ပြည်တွင်းဖြစ်ဆန်ရှင်ကြီး ဖြစ်ပေါ်လာရသည့်အကြောင်းအရင်း**

ဤနေရာတွင် မြန်မာနိုင်ငံရှိဆရာဝန်များနှင့်သွားဘက်ဆိုင်ရာဆရာဝန်များ၏ မဟာဘွဲ့လွန်တက်ရောက်ခွင့်နှင့်ပတ်သက်၍ အများပြည်သူများ ရှင်းလင်းစွာသိရှိနိုင်ရန် တင်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ အစရှိသည့်တက္ကသိုလ်များတွင် နောက်ဆုံးနှစ်စာမေးပွဲအမှတ်မီပါက မဟာဘွဲ့လွန်ပညာရပ်များကို တိုက်ရိုက်တက်ရောက်ခွင့် သို့တည်းမဟုတ် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်များ ပြုထားပါသည်။ ထို့ကြောင့် ၎င်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ၏ဘွဲ့လွန်တက်ရောက်ခွင့်သည် သူတို့၏လက်၌သာ ရှိပါသည်။ ဘွဲ့လွန်တက်ချင်ပါက စာကြိုးစားရုံမျှသာဖြစ်ပါသည်။

ဆရာဝန်နှင့်သွားဘက်ဆိုင်ရာဆရာဝန်များတွင်မူ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ မည်မျှပင်ကြိုးစား၍ မည်သည့်ဂုဏ်ထူးများပင်ထွက်စေကာမူ ဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားခွင့် မရှိပါ။ အစိုးရဝန်ထမ်းလုပ်သက် အနည်းဆုံး ၂ နှစ်၊ (အချို့ဘာသာရပ်များတွင် ၁ နှစ်၊ ) တာဝန်ထမ်းဆောင်ပြီးမှသာ ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ပြုထားပါသည်။

အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူတိုင်းအားလည်း အလုပ်ခန့်ထားမပေးနိုင်ပါ။ လိုသလောက် လူပမာဏလေးကိုသာ ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲများ အဆင့်ဆင့်ဖြေဆိုပြီး ခန့်ထားပါသည်။

ထိုကဲ့သို့ ယခင်အစိုးရအဆက်ဆက်လက်ထက်တွင် ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များ၏ ပညာသင်ခွင့်ကိုပိတ်ပင်ထားရသည့် အကြောင်းအရင်းရှိပါသည်။ ၎င်းအကြောင်းအရင်းမှာ အစိုးရဝန်ထမ်းဆရာဝန်များကို ၎င်းတို့နှင့်ထိုက်တန်သည့် လုပ်ခလစာများ မပေးနိုင်ခြင်း သို့မဟုတ် မပေးလိုခြင်းကြောင့် ဘွဲ့လွန်စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကို 'အခွင့်အရေးတစ်ခုပမာ' ဖန်တီးပြထားခြင်းဖြစ်ပါသည်။

အစိုးရဝန်ထမ်းဆရာဝန်များအနေနှင့်လည်း ထိုဘွဲ့လွန်တက်ခွင့်အခွင့်အရေးဆိုသည်ကို သေချာစဉ်းစားကြည့်ပါက ရင်နာဖွယ်ပင်ဖြစ်ကြောင်းတွေ့ရပါမည်။ တကယ်တော့ ပြင်ပဆရာဝန်များအား ပညာသင်ယူခွင့် ပိတ်ပင်ထားခြင်းသည် အစိုးရဝန်ထမ်းဆရာဝန်များအတွက် ဆုလာဘ်ကြီးတစ်ခု မဟုတ်ပါပေ။ ဘွဲ့လွန်ပညာများ ဆက်လက်ကြိုးစားသင်ယူခွင့်ဆိုသည်မှာ အစိုးရဝန်ထမ်းဆရာဝန်ဖြစ်စေ၊ ပြင်ပဆရာဝန်များဖြစ်စေ ပညာလိုချင်သူများအတွက် နဂိုမူလရှိပြီးသားရပိုင်ခွင့် အခွင့်အရေးသာဖြစ်ပါသည်။ ထိုနဂိုအခွင့်အရေးကိုသာ ဝန်ထမ်းဆရာဝန်များအားပေးပြီး ပြင်ပဆရာဝန်များအား ပိတ်ပင်ထားခြင်းဖြင့် ဝန်ထမ်းဆရာဝန်များအတွက် အထူးမဟာအခွင့်အရေးဟုထင်လာစေရန် လှည့်ဖြားထားသည့် အယောင်ဆောင်ဆုလာဘ်မျှသာ ဖြစ်ပါသည်။

ထိုကဲ့သို့လှည့်ဖြားအယောင်ဆောင်မှုများသည် ပြည်သူ့အစိုးရစစ်စစ်လက်ထက်တွင် မရှိသင့်တော့ပါပေ။

အစိုးရဝန်ထမ်းဆရာဝန်များအားလည်း မှန်ကန်ပြီး ၎င်းတို့နှင့်ထိုက်တန်သည့် လုပ်ခလစာ ခံစားခွင့်များပေးပါ။ ထို့အတူ ပြင်ပဆရာဝန်များကိုလည်း ၎င်းတို့၏ပညာရပ်များကို ဆက်လက်ရှင်သန်ခွင့်ပေးစေလိုပါတယ်ခင်ဗျာ။

'မဟာဘွဲ့လွန်ပညာ ဆက်လက်သင်ယူခွင့်အား ဝန်ထမ်းထိန်းသည့်လက်နက်အဖြစ် အသုံးမချသင့်တော့ပါ'

**၂။ ပြည်တွင်းဖြစ်ဆန်ရှင် ဆက်လက်တည်ရှိနေလျှင် တိုင်းပြည်အတွက် ဘာတွေနစ်နာနိုင်မလဲ။**

အပေါ်ယံမျှစဉ်းစားကြည့်ရင်တော့ ဝန်ထမ်းမဟုတ်သည့် ပြင်ပဆရာဝန်များသာ နစ်နာနိုင်သည်ဟု ထင်စရာရှိပါသည်။ သို့ရာတွင် သေချာစဉ်းစားကြည့်ပါမူ ဤပြည်တွင်းဖြစ်ဆန်ရှင်သည် တိုင်းပြည်နှင့်လူမျိုးအတွက် ပြင်းပြင်းထန်ထန် ထိုးနှက်ချက်တစ်ခုဖြစ်နေသည်ကို တွေ့ရပါမည်။

အောက်ပါအချက်များကို စဉ်းစားကြည့်ပါ။

က။ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် အထူးကုဆရာဝန်အရေအတွက် လွန်စွာနည်းနေပါမည်။ ပညာရှင်နည်းပါးသည့်နိုင်ငံများမှာ ပညာရှင်များပြားသည့်နိုင်ငံများနှင့်ယှဉ်လျှင် အမြဲနောက်ကောက်ကျနိမ့်ပါးနေပါမည်။

ခ။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိမည့်သုတေသနစာတမ်းများ နည်းပါးနေပါမည်။

ဂ။ မြန်မာနိုင်ငံတွင်းရှိ မြန်မာနိုင်ငံသားဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များ ပညာပိုတတ်လာလျှင် အကျိုးအရှိဆုံးဖြစ်မည့်သူများမှာ မြန်မာနိုင်ငံသား ပြည်သူလူထုကြီးပင်ဖြစ်ပါသည်။




ဃ။ လူနာနှင့်အထူးကုဆရာဝန် အချိုးမမျှသဖြင့် အစိုးရဝန်ထမ်းအထူးကုဆရာဝန်ကြီးများ မနိုင်ဝန် ထမ်းနေရပါမည်။

င။ မြန်မာနိုင်ငံ၏ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များကို အလွန်အမင်း ဖြုန်းတီးပစ်ရာလည်းဖြစ်နေပါမည်။

စ။ ပြည်ပတက္ကသိုလ်များသို့ ဘွဲ့လွန်ပညာများသွားရောက်သင်ကြားနေရသဖြင့် တိုင်းပြည်၏ ဘဏ္ဍာငွေရော လူ့စွမ်းအားပါ တစ်ပြိုင်နက်ဆုံးရှုံးရပါမည်။

ဆ။ ပြည်သူများ မိမိနှစ်သက်ရာ အထူးကုဆရာဝန်များနှင့်ရွေးချယ်ကုသခွင့် မရရှိခြင်း။

ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးကုဆရာဝန်များ နည်းပါးနေ၍ အထူးကုဆရာဝန်များနှင့်သာ ပြသရမည့်ရောဂါများ ဖြစ်လာပါက လူနာများသည် မိမိတို့အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ထိုအထူးကုများဖြင့်သာ ပြသရပါသည်။

ဤအချက်မှာလည်း မြန်မာပြည်သူလူထုကြီးအတွက် ကြီးမားသော လူ့အခွင့်အရေးဆုံးရှုံးမှုပင်ဖြစ်ပါသည်။

**၃။ ပြည်တွင်းဖြစ်ဆန်ရှင်ကို ဖြေလျှော့ပေးလိုက်ပါက မည်သည့်နစ်နာမှုမျိုးတွေ ဖြစ်လာနိုင်မလဲ။**

ဤအချက်မှာလည်း သေချာစဉ်းစားသင့်သည့်အချက် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် အစိုးရများနှင့် ဆရာဝန်အချို့ စိုးရိမ်နေကြသည့် အချက် (၃) ချက်ရှိပါသည်။ ၎င်းတို့မှာ ပြင်ပဆရာဝန်များအား မဟာဘွဲ့လွန်သင်တန်း တက်ရောက်ခွင့်ပြုပါက -

က။ အစိုးရဝန်ထမ်း တာဝန်ထမ်းဆောင်မည့်ဆရာဝန်များ လုံးဝမရှိတော့ခြင်း သို့မဟုတ် အရေအတွက်လွန်စွာလျော့နည်းသွားခြင်း။

ခ။ ခက်ခဲကြမ်းတမ်းသောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်များ မရှိတော့ခြင်း။

ဂ။ ဝန်ထမ်းဆရာဝန်များမှာ အလုပ်ချိန်နှင့်အလုပ်တာဝန်များ များပြားလွန်း၍ စာကျက်လေ့လာချိန် နည်းပါးပါသည်။ ထို့ကြောင့် စာကျက်ချိန် အလုံအလောက်ရရှိသည့် ပြင်ပဆရာဝန်များနှင့် စာမေးပွဲတစ်ခုတည်းကို ယှဉ်ပြိုင်၍ဖြေဆိုရန်မှာ မမျှတခြင်းတို့ဖြစ်ပါသည်။

ကိစ္စတစ်ခုကိုဆောင်ရွက်ပါက ကောင်းကျိုးနှင့်အတူဆိုးကျိုးများကပ်ပါလာသည်မှာလည်း ဓမ္မတာပင်ဖြစ်ပါသည်။ မည်မျှအစွမ်းထက်မြက်သည့် ဆေးဝါးတွင်မဆို ဘေးထွက်ဆိုးကျိုးများလည်း ကပ်လျက်ပင်ပါလာမည်မှာ မလွဲပါပေ။

သို့ရာတွင် အထက်ပါစိုးရိမ်မှုများကို သေချာလေ့လာကြည့်ပါက Half Truth ခေါ် တစ်ဝက်မှန်စိုးရိမ်မှုများ၊ လွန်ကဲသောစိုးရိမ်မှုအချို့နှင့် ပြုပြင်ညှိနှိုင်းရန် လွယ်ကူသောစိုးရိမ်မှုများကိုသာ တွေ့ရပါမည်။

အမှတ်စဉ် (က) စိုးရိမ်မှုအတွက်ဖြေရှင်းချက်။

ပြင်ပဆရာဝန်များအား ဘွဲ့လွန်ပညာ ဆက်လက်သင်ယူခွင့်ပြုခြင်းသည် လက်ရှိအစိုးရဝန်ထမ်းဆရာဝန်များ၏ ဘွဲ့လွန်ပညာများဆက်လက်သင်ယူခွင့်ကို ပိတ်ပင်ခြင်းမဟုတ်ပါ၊ ထို့အပြင် လက်ရှိ အစိုးရဝန်ထမ်းဆရာဝန်များရရှိနေသည့် မည်သည့်အခွင့်အရေးမှ ယုတ်လျော့အောင်ပြုလုပ်ခြင်းမဟုတ်ဆိုသည်ကို ရှင်းလင်းစွာ သိထားရန်လိုပါသည်။

နောက်ပြီး ပြင်ပဆရာဝန်များအားလုံးကို အလိုအလျောက်ဘွဲ့လွန်ပေးတက်ခြင်းမျိုးကို တောင်းဆိုနေခြင်း မဟုတ်ပါ။ စာမေးပွဲများ အဆင့်ဆင့်ဖြေဆို၍ အမှန်တကယ်အရည်အချင်းရှိသူများကိုသာ တက်ခွင့်ပြုမှာပဲဖြစ်ပါတယ်။ ဒါကြောင့် အပြင်မှာနေသည့် ဆရာဝန်တိုင်း ဘွဲ့လွန်ရမည်မဟုတ်မှာတော့ အသေအချာပင်ဖြစ်ပါသည်။ ထို့အပြင် ဝန်ထမ်းနှင့်ပြင်ပဘွဲ့လွန်သင်တန်းသားခေါ်ယူသည့် အချိုးအစားကိုလည်း အစိုးရဝန်ထမ်းဆရာဝန်များအတွက် ခေါ်ယူသည့် သင်တန်းသားအရေအတွက်ကို ပိုမိုမြင့်မားစွာ ခေါ်ယူနိုင်ပါသည်။

အမှန်တော့ လက်ရှိအနေအထားအရကို အစိုးရဝန်ထမ်းဆရာဝန်များသည် ပြန်တမ်းဝင်အရာရှိများဖြစ်ကြပါသည်။ ထို့ကြောင့် ပြန်တမ်းဝင်အရာရှိတစ်ဦး ခံစားခွင့်ရမည့် ပင်စင်ခံစားခွင့်အပါအဝင် အခြားအခွင့်အရေးများနှင့် ဥပဒေအရအကာအကွယ်ပေးမှုများကို နည်းပါးပင်နည်းပါးသော်ငြားလည်း ပြင်ပဆရာဝန်များထက် ပိုမိုရရှိပြီးလည်းဖြစ်ပါတယ်။

ဥပမာဗျာ လက်ရှိနာမည်ကျော်နေသည့် ဆက်သွယ်ရေးပုဒ်မ ၆၆ ဃ နှင့် တရားစွဲဆိုခံရပါက ကျွန်တော်တို့လို အပြင်အရပ်သားဆရာဝန်များဆိုလျှင် အချုပ်ခန်းထဲ တန်းရောက်ပါမည်။ ခေတ်စကားနဲ့ပြောရရင် Jail ထဲ တန်းအောင်းရမှာပေါ့ဗျာ။ သို့ရာတွင် အစိုးရဝန်ထမ်းဆရာဝန်အား ပုဒ်မ ၆၆ ဃ ဖြင့် တရားစွဲဆိုပါက ဝန်ထမ်းဥပဒေများနှင့်အကာအကွယ်ရပြီး အချုပ်မဲ့ထုချေခွင့်ဖြင့် သိက္ခာရှိစွာ တရားရင်ဆိုင်နိုင်ပါသည်။

အမှတ်စဉ် ( ခ ) စိုးရိမ်မှုအတွက်ဖြေရှင်းချက်။

ခက်ခဲကြမ်းတမ်းသောဒေသဆိုသည်မှာ အမြဲရှိနေမည်မဟုတ်ပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နည်းသထက်နည်းလာပြီး ပပျောက်သွားပါမည်။ သို့ရာတွင် လတ်တလောအခြေအနေအရ ခက်ခဲကြမ်းတမ်းသည့်ဒေသများဆိုသည်မှာ ရှိနေကြပါသည်။ ထိုခက်ခဲကြမ်းတမ်းသောဒေသများတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား အထူးလစာခံစားခွင့်များ ပေးနိုင်ပါသည်။ ထို့အပြင် ပြင်ပမှဘွဲ့လွန်သင်တန်း တက်ရောက်လာသော ဆရာဝန်များထံမှ ရရှိသည့်ကျောင်းလခများကိုလည်း ထိုခက်ခဲကြမ်းတမ်းဒေသများရှိ ဆရာဝန်များအတွက် တိုက်ရိုက်အသုံးချနိုင်ပါသည်။ ဒါမှမဟုတ် ပြင်ပမှဘွဲ့လွန်တက်ရောက်လိုသော ဆရာဝန်များသည် ခက်ခဲကြမ်းတမ်းဒေသများသို့ အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဟူ၍လည်း သဘောတူညီမှုယူထားနိုင်ပါသည်။

အဓိကကတော့ ခက်ခဲကြမ်းတမ်းဒေသများကို ချောမွေ့သာယာသော ဒေသများဖြစ်အောင် အစိုးရအနေနှင့် နည်းလမ်းပေါင်းစုံအသုံးပြု၍ ဆောင်ရွက်ပေးရပါမည်။

အမှတ်စဉ် (ဂ) အတွက်ဖြေရှင်းချက်။

ပြင်ပနှင့်ဝန်ထမ်းဆရာဝန်များအတွက် ဘွဲ့လွန်မဟာဝင်ခွင့်စာမေးပွဲများကို သီးခြားစီ ကျင်းပပေးခြင်းဖြင့် လွယ်လင့်တကူ ဖြေရှင်းနိုင်ပါသည်။ ပြင်ပဆရာဝန်များမှာ စာပေလေ့လာချိန်ပိုရပါသဖြင့် အင်္ဂလိပ်စာနှင့် ဘာသာရပ်ဆိုင်ရာစာမေးပွဲများကို နိုင်ငံတကာအဆင့်အထိ တိုးမြှင့်၍လည်း မေးနိုင်ပါသည်။ ထိုသို့ပြုလုပ်လျှင်လည်း နိုင်ငံတကာအဆင့်အရည်အချင်းရှိသူများ ပေါ်ပေါက်လာကြမည်ဖြစ်၍ တိုင်းပြည်အတွက် ပိုမို၍ပင် ကောင်းမွန်လာမည်ဖြစ်သည်။ ဥပမာ-အင်္ဂလိပ်စာအတွက် IELTS အမှတ်များကို ယူခြင်း စသည်တို့ပေါ့ဗျာ။

**၄။ ပြည်တွင်းဖြစ်ဆန်ရှင်ကို ဖြေလျှော့ရန်နည်းလမ်းများ။**

က။ အစိုးရဝန်ထမ်းဆရာဝန်များအား ၎င်းတို့နှင့်ထိုက်တန်မှန်ကန်သည့် လစာခံစားခွင့်များလည်း ပေးပြီး ပြင်ပဆရာဝန်များအားလည်း

စာမျက်နှာ 22 သို့

**ထိုနဂိုအခွင့်အရေးကိုသာ ဝန်ထမ်းဆရာဝန်များ အားပေးပြီး ပြင်ပဆရာဝန်များအား ပိတ်ပင်ထားခြင်းဖြင့် ဝန်ထမ်းဆရာဝန်များအတွက် အထူးမဟာအခွင့်အရေးဟု ထင်လာစေရန် လှည့်ဖြားထားသည့် အယောင်ဆောင် ဆုလာဘ်မျှသာ ဖြစ်ပါသည်။ ထိုကဲ့သို့ လှည့်ဖြားအယောင်ဆောင်မှုများ သည် ပြည်သူ့အစိုးရစစ်စစ်လက်ထက်တွင် မရှိသင့်တော့ပါပေ။**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြော်င့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြော်င့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

**အယ်ဒီတာ**

# ဘဝဖြော်င့်ကြောင်း တစေ့တစောင်း အပိုင်း (၁၃၄)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြော်င့်ကြောင်း တစေ့တစောင်း ဆိုပြီး တော့ ကိုယ့်ဘဝအတွေ့အကြုံလေးတွေ ပြောခဲ့တာပါ။ အတွေ့အကြုံတွေကတော့ အများကြီးပေ့ါ။ အဲ့ဒီ အတွေ့အကြုံတွေ အများကြီးထဲမှာ ကိုယ်အသိလေး တိုးလာပြီးတော့ ဘဝဖြော်င့်စေတဲ့ အကြောင်းလေးတွေကို အဓိကထားပြောတာပါပဲ။ ငယ်တုန်းက အကြောင်းလေးတွေပဲ ပြောပြောပြတော့ စိတ်က ပြန်ငယ်သွားတယ်။ ငယ်တဲ့အရွယ် ငယ်တဲ့စိတ်ငယ်တဲ့ အတွေ့အကြုံ ကို ပြန်ပြောတာကိုး။ ဘုန်းဘုန်းတို့ အိမ်က နှစ်အိမ်ရှိတယ်။ ပြောခဲ့ဖူးတယ် တောင်ဘက် အိမ်၊ မြောက်ဘက် အိမ်။ ဘုန်းဘုန်းတို့ရွာက ဝါးထရံ ဝါးကပ်မိုးချည်းပဲ။ အဲ့ဒီလိုနေကြတာ များတယ်။ သွပ်မိုးဆိုတာ နောက်မှ ပေါ်တာ။ ဘုန်းဘုန်းတို့ ငယ်တုန်းကတော့ ဝါးကပ်မိုး ချည်းပဲများပါတယ်။ ဝါးထရံ ကာပေ့ါ။ ဘုန်းဘုန်းတို့ မြောက်ဘက်အိမ်လို့ခေါ်တဲ့ တိုက်ပေါ်လို့ခေါ်တာပေ့ါ လေတိုက်ပေ့ါ။ နံကပ်တိုက်ပါပဲ။ ခြောက်ပတ်လည်ကြီးတွေ ထူပြီးတော့ တစ်ထပ်ခွဲ ဆောက်ထားတာ။ ရေတိုးတဲ့ဘက်ဆိုတော့ အုတ်ခုံလေး ဘာလေးနဲ့ ဆောက်ထားတာ။ တိုက်လို့ ခေါ်တာပေ့ါလေ။ နံကပ်တိုက်ပါပဲ၊ ခုလို အာစီတွေ ဘာတွေ မဟုတ်ပါဘူး။ အဲ့ဒီအိမ်ပေါ်ပဲ အားလုံးစုနေကြတာ။ စုနေကြတာဆိုတာက မိသားစုနှစ်စုပေ့ါ။ အဖေညီအစ်ကို ဝမ်းကွဲ တစ်ဝမ်းကွဲ အမေညီမအရင်း။ အစ်ကိုလို့ခေါ်တဲ့ အဘနဲ့ အကြည်နဲ့ ခုတော့ အဘွားလို့ခေါ်တာပေ့ါလေ။ အမေနဲ့ အဖေနဲ့ ဒီလို အိမ်ထောင်ကျကြပြီး အဲ့ဒီ အပေါ်မှာပဲ စုနေကြတာ။

စုနေကျတော့ ပြန်ပြောရင် ရယ်စရာတော့ ရယ်စရာကြီး။ တစ်ခါတလေကျတော့လည်း ရယ်စရာတွေကလည်း အသိတိုးရင် တိုးတာ။ လောကမှာလည်း ခက်တာက ကိုယ်ကရယ်စရာထင်ပြီး သူများက ငိုစရာထင်ချင်ထင်တာ။ ကိုယ်က ငိုစရာထင်ပြီးမှ သူများက ရယ်စရာ ထင်ချင်ထင်တာ။ ဒါကြောင့်မို့ လောကကြီးဟာလေ ဘယ်လိုခေါ်မလဲ အဲ့ဒါကိုက ရယ်စရာကြီး။ သူထင်ချင်သလိုထင်တဲ့ လောကကြီးလေ။ အဲ့ဒါမျိုးကို ရယ်စရာကြီးလို့ ပြောတာပါ။ တိုက်ပေါ်ဆိုတာ နှစ်တစ်လက်မလေးတွေ။ နှစ်တစ်လက်မရှိတယ်၊ သုံးတစ်လက်မရှိတယ်၊ လေးတစ်လက်မရှိတယ်၊ ငါးတစ်လက်မရှိတယ်။ အိမ်က ကြံ့တိုင်းအောင်ဆိုတဲ့ သစ်ဆိုင်ကြီး။ ဟို ၆၂၊ ၆၃၊ ၆၄ ပြည်သူပိုင်မသိမ်းခင် ကြံ့တိုင်းအောင်ဆိုတဲ့ ပျဉ်ဆိုင်ကြီးရှိတယ်။ သစ်ဆိုင်ကြီးပေ့ါလေ။ ဘောက်ချာတွေရှိတယ်၊ လက်တာဟက်တွေနဲ့။ အဲ့ဒီခေတ်က လက်တာဟက်နဲ့ဆို တွက်ကြည့်ပေ့ါလေ။ စာရွက်တွေကလည်းချော ရိုက်ထားတာ။ အဲ့ဒီလိုမျိုး နေခဲ့ရတာ။ သစ်ဆိုင်ကြီးနဲ့ သစ်ဆိုင်ပိုင်ရှင်က တိုက်ဆောက်တယ်ဆိုတော့ သစ်သုံးတာပေ့ါ။ အခင်းကျပြန်တော့လည်း ဘာတွေခင်းတုံးဆို တကယ့်သစ်မာရဲ့ ပိတောက်တွေ၊ ပျဉ်းကတိုးတွေ တကယ့်ရဲနေတဲ့အသားတွေချည်းပဲ ခင်းတာ။ ခင်းပြန်တော့လည်း လေးတစ်ငါးတစ် ခြောက်တစ် လျှာထိုးမဟုတ်ဘူး။ နှစ်တစ်လက်မ လျှာထိုးချည်းပဲ ခင်းတာ။ အိမ်မှာ အဲ့ဒီလိုခင်းထားတာ။ အောက်ထပ်ကရှိသေးတယ်၊ ဓာတ်ပုံလုပ်ငန်းလည်း လုပ်တော့ အောက်ထဲမှာ ဓာတ်ပုံကူးဖို့ အမှောင်ခန်း လုပ်ထားသေးတယ်။ အဲ့ဒါ အရှေ့ဘက်ကလည်း အိမ့်မျက်နှာစာကလည်း လှည်းလမ်း။ အိမ်ရဲ့ကျောဘက်မြစ်ကမ်းကြားကလည်း အရင်တုန်းက လှည်းလမ်းလေးရှိတယ်။ ဒီလိုပဲ အောက်ခြေကနေ ကိုင်းသမားတွေလည်းဖြတ်ပြီး မောင်းတာပေ့ါ။ အဲ့ဒီတော့ ကျောဘက်ကလည်း လှည်းလမ်း၊ မျက်နှာစာကလည်း လှည်းလမ်းဆိုတော့ ဘယ်လောက်ဖုန်ထလိုက်မလဲ တွက်ကြည့်။

ဘုန်းဘုန်းတို့အမေ၊ အမေကတော့ သုတ်သုတ်သုတ်သုတ်နဲ့ စီးပွားရှာတာများတယ်။ ဘုန်းဘုန်းတို့ အမေ့ရဲ့အစ်မ အကြည် အခုတော့ အဘွားခေါ်တဲ့ အကြည်က သူက အိမ်မှုကိစ္စတွေ ပိုပြီးတော့ ဆောင်ရွက်တယ်။ ချက်တာပြုတာ ဘာညာ ကြမ်းတိုက်တာ။ ပြောချင်တာ အဲ့ဒီကြမ်းတိုက်တာ ပြောချင်တာ။ ဒီ နှစ်တစ်လက်မ သစ်မာပြားတွေကို ကြမ်းတိုက်တာ။ ကြမ်းတိုက်တာက အခြောက်တိုက်တာရှိတယ်၊ အစိုတိုက်တာရှိတယ်။ အခြောက်တိုက်တယ်ဆိုတာက အုန်းဆံဖတ်လေ။ အုန်းဆံကို တစ်ဝက်ခွဲ ခွဲပြီးတော့ အုန်းဖတ်ကိုတစ်ဝက်ခွဲ ခွဲပြီးတိုက်တာ။ ဘုန်းဘုန်းတို့ အမေတို့က မွန်ပြည်နယ် ဘီးလင်းတောင်စွန်း ကော့ကမယ် နောက် ကျိုက်ထို အဲ့ဒီမှာနေခဲ့တာဆိုတော့ အဲ့ဒီဘက်က အမျိုးတွေရှိတော့လေ အုန်းသီးတွေ ခွဲလိုက်ရင် အဆံမပါတဲ့ဟာတွေလေ ကြမ်းတိုက်လို့ကောင်းတယ်။ အဲ့ဒါလေးနဲ့ တိုက်တာလည်းတစ်မျိုး။ အခြောက်တိုက်လို့ ခေါ်တာပေ့ါလေ ပြောင်နေအောင်တိုက်တာ။ အစိုတိုက်ကျတော့ အဲ့ဒီလိုမဟုတ်ဘူး။ အစိုတိုက်ကျတော့ ကြမ်းတိုက်ဖယောင်းဆိုတာရှိတယ်။ အစိုးရက ထုတ်တာ ဘူးတွေနဲ့လာတယ်။ အဲ့ဒီဖယောင်းတွေနဲ့ လိုက်ပွတ်ရတာ။ ပွတ်ပြီးတော့ အဲ့ဒီဖယောင်းတွေ အကုန်လုံး စိမ့်ဝင်အောင် မလွယ်ဘူး ကြမ်းတိုက်ရတာ။ အဘွား အကြည်က တအားစည်းကမ်းကျတာ။ သူက သပ်သပ်ရပ်ရပ် အိုးတွေ ခွက်တွေထားတာက အစ အကုန်သပ်သပ်ရပ်ရပ်။ ပန်းကန်ခွက်ယောက်က အစ သပ်သပ်ရပ်ရပ် ပြောင်လက် အဲ့ဒီလိုမျိုး။ ဟိုလိုပြောရင်တော့ ဒန်အိုးဖင်လို့ ပြောရမှာပေ့ါ။ ဖင်ဆိုတာ အိုးမဲပေတဲ့ဟာမဟုတ်ဘူး ဘေးပတ်ချာလည်ကိုက ဒန်အိုးပြောင်အောင်တိုက်ထားတာ မှန်တောင် ကြည့်လို့ရတယ်။ အဲ့ဒီလိုမျိုး။

အခု ကြမ်းတိုက်မယ်ဟေ့ဆို တိုက်ပေ့ါ ကိုယ်နေတဲ့အိမ်ပဲ။ မတိုက်ခင် ဘာလုပ်ရတုံးဆို အဲ့ဒီလိုမျိုး ကြမ်းကိုအခြောက်လိုက်ပွတ်ရသေးတာ။ အခြောက်လိုက်ပွတ်ဆိုတော့ ဘုန်းဘုန်းတို့က ဘာလုပ်လဲဆို ဂုန်နီအိတ်ရှိတယ်လေ။ အခန်းက အကျယ်ကြီးပဲ။ အလယ်မှာ တိုင်တစ်လုံးရှိတယ်။ အဲ့ဒါကို ပတ်ပြီးတော့ ဘာလုပ်ရတာတုံးဆို အုန်းဆံဖတ်နဲ့ တိုက်တာထက်စာရင် ဘာစိတ်ကူးတုံးဆို ဂုန်နီအိတ်ကြီးယူ တစ်ခါတလေ ဂုန်နီအိတ်ကို ခါးဖြဲ အရှည်ကြီး။ တစ်ယောက်နှစ်ယောက် ထိုင်စီး သုံးလေးယောက်ကဆွဲ ဟေးဆိုလှည့်ပတ်ပွတ်ကြတာပေ့ါ။ တစ်ခါတလေ ဂုန်နီအိတ်အတိုဆို ဆွဲရတာ ခါးနာတာကိုး။ အေး ဂုန်နီအိတ်အရှည်ကြီးဖြလာ သုံးတင်းဝင်အိတ်တွေကိုး အဲ့ဒီတုန်းက။ ဘေးတွေဖြတ်လိုက်ပြီးတော့ ချုပ်ရိုးတွေဖြေလိုက်ပြီးတော့ လှန်ချ။ အဲ့ဒါကြီး ဆွဲပြီးတော့ ဟေးဆို ပြောင်အောင်တိုက်တာ။ အုန်းဆံဖတ်နဲ့လည်း တိုက်တယ်၊ အဲ့ဒီ ဂုန်နီအိတ်နဲ့လည်း တိုက်တယ်။ ဂုန်နီအိတ်နဲ့တိုက်တာ များတယ်။ တစ်ခါတလေ အဝတ်စုတ်နဲ့။ တစ်ခါတလေကျတော့ ဟိုနေ့ကတောင် ပြောမိသေးတယ် ဘုန်းဘုန်းတို့ ဒီထိုင်တဲ့ ဖင်အောက်မှာပဲ အဲ့ဒီတိုက်တဲ့ အဝတ်အခင်းကို ထားလိုက်ပြီးတော့ ခြေကိုကွေးလိုက်တယ်။ ကွေးပြီးတော့ ဘယ်ဘက်က တစ်ဖက်ကိုင် ယာဘက်က တစ်ဖက်ကိုင်။ ယာဘက်က ဘယ်ဘက်ခြေမလေးကိုင် ဘယ်ဘက်က ယာဘက်ခြေထောက်ရဲ့ ခြေမလေးကိုင်။ တွန်းတွန်း ရွှေ့သွားတာ။ လုပ်ဖူးကြမှာတော့ မဟုတ်ဘူးနဲ့တူတယ်။

ဘုန်းဘုန်းတို့ ကြမ်းတိုက်တာ အဲ့ဒီလိုတိုက်တာ။ တိုက်တာ အိမ်ကလည်းကျယ်တော့ ဂုန်နီအိတ်ကြီးကို အောက်ချပြီး ဘာလုပ်လဲဆို အနောက်ဘက်ကနေပြီး အရှေ့ဘက်ထောင့် ဘုရားစင်ဘက် သွားတော့မယ်ဆိုရင် ဟေး စစ်ကိုင်းတောင်ရိုးက ရွှေကြက်ယက်သွားမယ်ဟေ့။ စစ်ကိုင်းတောင်ရိုးနဲ့ ရွှေကြက်ယက်နဲ့က ရောဝတီခြားနေတာကိုး။ ခိုင်းလည်းခိုင်းတတ်တယ် အဘတို့ အကြည်တို့က ပျော်အောင်လို့ အဲ့ဒီလိုလုပ်ပြီးတော့ ငှက်ခတ်သလို ကျွိကျက် ကိုယ့်ဟာကို ကျွိကျက် ကျွိကျက်အော်ပြီး ဘုရားဘက်ရောက်သွားလိုက်။ နောက်ပြန်လှည့်လာလိုက်။ ဟေး စစ်ကိုင်းတောင်ရိုးသွားမယ် ရွှေကြက်ယက်ကနေဆို။ ကိုယ့်ဟာကိုယ်သာ ပျော်နေတာ ကိုယ်ပဲ မောနေတာ။ ငှက်ခတ်တယ်ဆိုတာ အဲ့ဒါပေ့ါ သမ္ဗန်ခတ်တာ။ ဘုန်းဘုန်းတို့ဆီကတော့ ငှက်လို့ခေါ်တာကိုး။ ငှက်တောင်ပံ ဘာညာဆိုတာလေ အဲ့ဒီလိုမျိုးနဲ့ ခတ်ခတ်သွားတာ။ ဒီဟာတွေ အခြောက်တိုက်ပြီးလို့ရှိရင် အစိုတိုက်ဆိုတာရှိတယ်။ ဖယောင်းတွေ အကုန်လိုက်သုတ်ရတာ။ ကြားတွေထဲရော အကုန်။ အဲ့ဒါတွေအကုန် အရင်တံမြက်စည်းလှည်းပစ်လိုက်ရသေးတယ်။ အဝတ်စုတ်နဲ့ တစ်ထပ်။ တကယ်ကိုလေ ကြမ်းကို ဘုန်းဘုန်းတို့က ခုခေတ်လိုပြောရင် စားပွဲကို ပေါ်လစ်တင်သလိုမျိုး။ ကြမ်းကြေးတွေ အကုန်လုံးသုတ်ပြီးတော့ အဝတ်နဲ့လိုက်ပြီး ကြေးတွေသိမ်းပစ်။ ပြီးတော့မှ ဖယောင်းလိုက်သုတ်ရတာ။ သုတ်တော့လည်း ကိုယ်ပဲ သုတ်ရတာပါပဲ။ ဖယောင်းစိုစိုနဲ့လေ ပြည်သူ့ရေနံနဲ့ ဘာလုပ်ငန်းဆိုလားပဲ။ ပရလဆိုတာ အဲ့ဒီကထွက်တဲ့ဟာတွေနဲ့ လိုက်ပွတ်ရတာ။ အကုန်လုံး ပွတ်ပြီးပြီဆိုမှ ဖယောင်းတွေပွတ်ပြီးရင် နောက်ထပ်တစ်ခါ အဝတ်နဲ့လိုက်ပြန်ပွတ်တာ။

ဘယ်လိုခေါ်မလဲကွယ် ကြမ်းတိုက်တာကြီးပဲ ပြောနေတော့ အဖြေထွက်တာပဲ ပြောတော့မယ်။ ပြောင်လက်နေတာပဲ။ အခြောက်ပွတ်တယ် ပြီးတော့ အစိုပွတ်တယ်။ ဖယောင်းပွတ်ပြီးတော့ ဖယောင်းဆီတွေ စိမ့်ဝင်အောင်ပွတ်ရတယ်။ ပွတ်ပြီးတော့မှ အပေါ်က အဲ့ဒီဖယောင်းတွေကို အကုန်လုံး မှန်လိုက်ကိုဖြစ်လာတာ ပြောင်လက်နေတာ။ ဘုန်းဘုန်းတို့အိမ်က ပြောပြီးပြီ လှည်းလမ်းက အပြင်ဘက်မှာ အတွင်းဘက်မှာ။ ကြမ်းတိုက်တဲ့နေ့များဆို အကုန်လုံး တံခါးတွေ အကုန်ပိတ်ထား။ ဘုန်းဘုန်းတို့ အခန်းရှိတယ်၊ သံဆန်ခါတံခါးရှိတယ် ပြီးတော့မှ အသားတံခါးရှိတယ် လေးရွက်ဖွင့်။ အဲ့ဒီကြားထဲမှာ ဖိနပ်ချွတ်ခေါ်တယ် ဖိနပ်တွေထားတာ။ ဒီသံဆန်ခါကနေ အထဲဝင်လိုက် ဖိနပ်ချွတ် ချွတ်ပြီးတော့မှ ဒီဘက် အသားကြမ်းခင်းကိုတက်ရတာ။ အကုန်လုံးတံခါးတွေ ပိတ်ပြီးတော့ တိုက်တာ ဖုန်ဝင်မှာစိုးလို့။ ပြောချင်တာကတော့ ပြောလို့ကောင်း မကောင်းတော့ မသိဘူး။ စိတ်ထဲ အဲ့ဒါလေး ပေါ်နေတယ်။ ပြောချင်တာက အဲ့ဒါအဓိက။ ကိုယ်ပဲ အခြောက်တိုက်ကစပြီးတော့ ဟိုငှက်ခတ်သမ္ဗန်ခတ် အဲ့ဒါတွေလုပ် ပြောင်လက်အောင် တိုက်ထား ပြီးပြီဆိုရင် အပြင်ဘက်က သံတံခါးရော အဲ့ဒီအသားတံခါးလေးထပ်ရော ဟိုး နောက်ဖေးကရော ထမင်းစားခန်းက နောက်မှာလေ။ ဝရန်တာကလည်း နောက်မှာလေ။ အဲ့ဒါ အပြင်သွားပြီး ပြန်လာပြီဆိုရင် ဝင်မယ်လည်းလုပ်ရော အဲ့ဒီအဘွားက အကြည်က ပေါ့လေ ဟဲ့ကောင်လေးတွေ အဲ့ဒီကမလာနဲ့ ခြေရာထင်လိမ့်မယ် ဟိုးနောက်ဖေးပေါက်ကလာခဲ့။ စိတ်ထဲမှာ ဘာတုံး။

■ ဓမ္မဒူတအရှင်ဆေကိန္ဒ

(ဆက်လက်ဖော်ပြပါမည်။)


ဓာတ်ပုံ – မြင့်မိုးညို

> တစ်ခါတလေကျတော့လည်း ရယ်စရာတွေကလည်း အသိတိုးရင် တိုးတာ။ လောကမှာလည်း ခက်တာက ကိုယ်ကရယ်စရာထင်ပြီး သူများက ငိုစရာ ထင်ချင်ထင်တာ။ ကိုယ်က ငိုစရာထင်ပြီးမှ သူများက ရယ်စရာ ထင်ချင်ထင်တာ။ ဒါကြောင့်မို့ လောကကြီးဟာလေ ဘယ်လိုခေါ်မလဲ အဲ့ဒါကိုက ရယ်စရာကြီး။ သူထင်ချင်သလိုထင်တဲ့ လောကကြီးလေ။

# ဆယ်ကျော်သက်အုပ်စုတွင် ပထမအဆင့် ART ဆေးယဉ်ပါးမှု

# အရွယ်ရောက်ပြီးသူများထက် သုံးဆပို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ဆယ်ကျော်သက် လူငယ်အုပ်စုတွင် ပထမအဆင့် ART ဆေးယဉ်ပါးမှုသည် အရွယ်ရောက်ပြီးသူများထက် သုံးဆ ပိုမိုများပြားနေသည့်အတွက် ပိုမိုထိရောက်သည့် (ဒုတိယအဆင့် ART ဆေးဝါး)သို့ ပြောင်းလဲကုသရန်လိုအပ်ကြောင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့ (MSF)၏ ထုတ်ပြန်ချက်အရ သိရသည်။

အရွယ်ရောက်ပြီးသူ လူနာများ၏ ခြောက်ရာခိုင်နှုန်းခန့်သည် ဒုတိယအဆင့်ဆေးဝါးဖြင့် ကုသနေရချိန်တွင် ဆယ်ကျော်သက်လူနာအုပ်စုမှာ ၁၆ ရာခိုင်နှုန်းသို့ မြင့်တက်နေသည်ကို တွေ့ရကြောင်း၊ ပဏာမသုတေသနစစ်ချက်များအရ လူကြီးများနှင့်နှိုင်းယှဉ်ပါက ဆယ်ကျော်သက်လူငယ်များသည်ကုသမှုကိုကျန်းမာရေးပိုမိုကောင်းမွန်သည့်အခြေအနေတွင် စတင်ခံယူခဲ့ကြရပြီး ဆေးသောက်နေစဉ် ကာကလတွင်လည်း CD4 (ကိုယ်ခံအားစနစ်)မှာ မြင့်မားနေခဲ့သောကြောင့်အရွယ်ရောက်ပြီးသူလူနာများ၏အခြေအနေထက် ပိုမိုကောင်းမွန်နေသည်ကို တွေ့ရှိရကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ART ဆေးသည်အလွန်အာနိသင်ရှိသည့်ဆေးဝါးဖြစ်ပြီး ပုံမှန်သောက်သုံးရမည့်ကာလနှင့်ပမာဏကိုအပြည့်မသောက်ခြင်း၊ အချိန်မှန်မသောက်ခြင်း စသည့်အခြေအနေများတွင် ဆေးယဉ်ပါးမှုကိုဖြစ်စေပြီး ဆေးမတိုးတော့ပါက ဆေးဆက်သောက်နေသော်လည်း ပိုးများဆက်ပွားနေမည်ဖြစ်ပြီး ကိုယ်ခံအားကျကာ ကျန်းမာရေးချို့ယွင်းလာနိုင်ကြောင်း အထူးကုဆရာဝန်ကြီး၊ပါမောက္ခဒေါက်တာထင်အောင်စောက ပြောကြားသည်။

"ဒုတိယအဆင့်ဆေး၊ တတိယအဆင့်ဆေး ရှိပါသေးတယ်။ ဒါပေမဲ့ ဒုတိယအဆင့်ဆေးက ပထမအဆင့်ဆေးထက် စာရင် ပိုဈေးကြီးသွားမှာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်တွေ၊ ဆေးအလုံးတွေများတဲ့အတွက် နည်းနည်းပိုပင်ပန်းမယ်။ ဘေးထွက်ဆိုးကျိုးလည်း ပိုများနိုင်ပါတယ်။ ဒါကြောင့် မဖြစ်မနေမှ ဒုတိယအဆင့်ဆေး သွားမှာပေါ့။ ပထမအဆင့်ဆေးကို ရအောင်သောက်တာ အကောင်းဆုံးပါပဲ။ ဆေးယဉ်ပါးတာက လူ ၁၀၀ မှာတစ်ယောက်၊ ART ဆေးသောက်လက်စ လူ ၁၀၀ မှာ တစ်ယောက်၊ နှစ်ယောက်နှုန်းလောက်ပေါ့" ဟု ၎င်းက ရှင်းပြသည်။

လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချို့အချက်များကြောင့် ထိခိုက်လွယ်သည့် ဆယ်ကျော်သက်များအတွက် ဆေးယဉ်ပါးမှုဆီသို့ ဦးတည်သွားနိုင်ခြေ ပိုများလာပြီး ဆယ်ကျော်သက်လူနာအများစုသည် အိတ်ချ်အိုင်ဗီပိုးရှိ မိဘများထံမှ မွေးဖွားလာကြကာ အချို့မှာ မိဘမဲ့များအဖြစ် ကြီးပြင်းလာကြရကြောင်း MSF အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ■ J-12

# ပိုးကောင်ရေကျပါက မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗီ ကူးစက်မှုနည်း

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

အိတ်ချ်အိုင်ဗီရောဂါပိုး ရှိသူများသည် ART ဆေးကို ပုံမှန်သောက်သုံးခြင်းဖြင့် ပိုးကောင်ရေကျဆင်းလာနိုင်ပြီး မိခင်မှကလေးသို့ကူးစက်မှုနှုန်းလည်း နည်းပါးလာကြောင်း အထူးကုဆေးရုံကြီး (သာကေတ) မှ တွဲဖက်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ဒေါက်တာစံပယ်ဖြူက ပြောကြားသည်။

အကြောင်းအမျိုးမျိုးကြောင့် အိတ်ချ်အိုင်ဗီရောဂါပိုး ကူးစက်သူများသည် ART ဆေးကို ပုံမှန်တစ်သက်လုံး သောက်သုံးသွားခြင်းဖြင့် ကိုယ်ခံအားစနစ် (CD4)တက်လာပြီး ပိုးကောင်ရေများကျဆင်းလာကာ မိခင်မှကလေးဆီသို့ ပိုးမကူးစက်နိုင်အောင် ကာကွယ်နိုင်ကြောင်း ၎င်းကပြောဆိုသည်။

"ART သောက်နေတဲ့ မိခင်တွေဟာ ကိုယ့်ရဲ့ရင်သွေးကို အချို့က မိခင်နို့တိုက်ကျွေးချင်ပါတယ်။ တိုက်ကျွေးရင် ပိုးကောင်ရေဟာ တိုင်းတာလို့မရတဲ့ Level ကိုရောက်နေပြီဆိုရင်တော့ ကလေးကို နို့ကတစ်ဆင့်ကူးစက်မှုကလည်း နည်းသွားပါပြီ။ ၁၀၀ ရာခိုင်နှုန်းလို့တော့ ဘယ်သူမှ မပြောနိုင်ပါဘူး" ဟု ဒေါက်တာစံပယ်ဖြူက ရှင်းပြသည်။

ကလေး၏ မိဘတစ်ဦးဦးတွင် ပိုးရှိခြင်း (သို့မဟုတ်) မိဘနှစ်ပါးလုံးထံတွင် ပိုးရှိခြင်း စသည့်အခြေအနေများတွင် ART ဆေးကို ကြိုတင်သောက်ထားလိုက်နိုင်ပါက မိခင်မှကလေးသို့ ကူးစက်မှုနှုန်းထားသည် နည်းသွားမည်ဖြစ်ကြောင်း၊ ART ဆေးကို ယခင်က ကုသရန်အတွက်သာထားရှိခဲ့ပြီး ယခုအခါ ကာကွယ်မှုလုပ်ငန်းရပ်တစ်ခုအထိပင် ဖြစ်နေကြောင်း၊ ပိုးရှိသူများအနေနှင့် ဆေးကိုမှန်မှန်သောက်သုံးရန် လိုအပ်ပြီး မှန်မှန်မသောက်ပါက ဖော်ပြပါကောင်းကျိုးများကို ရရှိမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ART ဆေးကုသရေးလုပ်ငန်းအတွက် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူဖြည့်တင်းရန် အမေရိကန်ဒေါ်လာ ၁၅ သန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ခွဲဝေချထားပေးထားကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရသည်။ ■ J-12

# မနာကျင်ဘဲ သဘာဝအတိုင်း မွေးဖွားနိုင်မည့်

# သားဖွားကုထုံးကို ပထမဦးဆုံးမိတ်ဆက်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် မနာမကျင်ဘဲ သဘာဝအတိုင်း မွေးဖွားနိုင်မည့် သားဖွားခြင်းကုထုံးဖြင့် ရွှေလမင်းအထူးကုဆေးရုံ(လမ်းမတော်)တွင် စတင်ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း ယင်းဆေးရုံ၏ လူ့စွမ်းအားအရင်းအမြစ်ဒါရိုက်တာ ဒေါက်တာတင်ထွန်းအောင်က ပြောကြားသည်။

နိုင်ငံတကာတွင် အသုံးတွင်ကျယ်နေပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် မရှိသေးသည့် နာကျင်မှုကို လုံးဝနီးပါးအထိ လျှော့ချပေးနိုင်မည့် မွေးဖွားနည်းကုထုံးကို ဒီဇင်ဘာလလယ်ပိုင်းမှစတင်ပြီး ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း ရွှေလမင်းအထူးကုဆေးရုံ(လမ်းမတော်)ထံမှ သိရသည်။

"ကလေးမိခင်ကိုသာ နာကျင်မှုကို လျှော့ချပေးခြင်း နည်းလမ်းသာဖြစ်တဲ့အတွက် ကလေးကိုလည်း ထိခိုက်မှုမရှိဘူး။ Epidural ဆေးထိုးတဲ့အတွက် သွေးပေါင်ကျစေနိုင်တာကြောင့် သွေးတိုးလွန်ပြီး သွေးကြောပေါက်ထွက်တာမျိုးတွေ မဖြစ်နိုင်တဲ့အတွက် သွေးတိုးရောဂါ ဝေဒနာရှင်တွေ၊ နာကျင်မှု Pressure မရှိတဲ့အတွက် နှလုံးခုန်နှုန်းမြန်တာမျိုးတွေ မဖြစ်ဘူး" ဟု ဒေါက်တာတင်ထွန်းအောင်က ရှင်းပြသည်။

သမားရိုးကျမွေးဖွားနည်းထက် အနည်းငယ် ကုန်ကျစရိတ်ပိုမိုသော်လည်း ခွဲစိတ်မွေးဖွားခြင်းထက် ကုန်ကျစရိတ်သက်သာပြီး ဘေးထွက်ဆိုးကျိုး လျှော့ချနိုင်သည့်အပြင် သမားရိုးကျမွေးဖွားနည်းဖြင့်မွေးဖွားရန် အခက်အခဲရှိသူများ အသုံးပြုရန် အလွန်သင့်လျော်ကြောင်း ၎င်းက ပြောကြားသည်။

"မွေးဖွားရာမှာ နာကျင်မှုကို ကြောက်ရွံ့တဲ့ မိခင်တွေရဲ့သောကကို လျှော့ချပေးနိုင်တယ်။ သဘာဝအတိုင်း မွေးဖွားနည်းဖြစ်တဲ့အတွက် ဘေးထွက်ဆိုးကျိုးနဲ့ အန္တရာယ်တွေကို လျှော့ချနိုင်မယ်။ နိုင်ငံတကာမှာ ပြဿနာက ဘာဖြစ်လာလဲဆိုတော့ အချို့တိုင်းပြည်တွေဟာ သားဖွားခြင်းဟာ နာကျင်တဲ့အတွက် မိခင်တွေက ကိုယ်ဝန်ဆောင်ရမှာကို ကြောက်ရွံ့လာတယ်။ အဲဒီအတွက် သားဖွားနှုန်းဟာ ကျဆင်းလာပြီး လူဦးရေတိုးနှုန်းဟာ ကျဆင်းလာတယ်" ဟု ၎င်းကဆိုသည်။ ■ J-12

# NEWS IN BRIEF

## မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ဉာဏ်ရည်မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့က မိမိအရေးကို တောင်းဆိုနိုင်သူများ၏ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ လ ၁၀ ရက်နေ့တွင် ဝိုင်အမ်စီအေခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း အနာဂတ်ကြယ်ပွင့်များ ဉာဏ်ရည်မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့၏ စီမံကိန်းတာဝန်ရှိသူ ဦးကောင်းထက်နိုင် က ပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များသည် ဉာဏ်ရည်မသန်စွမ်းသူများအတွက် အကျုံးဝင်ကြောင်းကို ဉာဏ်ရည်မသန်စွမ်းသူများ ကိုယ်တိုင်သိရှိစေနိုင်ရန်နှင့် ယင်းတို့၏ထောက်ခံမှုများကို သိရှိစေနိုင်ရန်ရည်ရွယ်၍ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

## မသန်စွမ်းသူများနေ့အခမ်းအနားတွင် Samsung Myanmar ပါဝင်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မြန်မာမသန်စွမ်းသူများကွန်ရက်က ကြီးမှူးသည့် ဒီဇင်ဘာလ ၃ ရက်နေ့ ပြည်သူ့ရင်ပြင်၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် Samsung Myanmar က ပါဝင်ကူညီခဲ့ကြောင်း Samsung Myanmar က သတင်းထုတ်ပြန်သည်။

အဆိုပါပွဲတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့နှင့်ပတ်သက်သည့် အချက်အလက်များ၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင်ပါရှိသည့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေများ အစရှိသည့်အချက်အလက်များကို အများပြည်သူများသိရှိစေရန် ပြောကြားခဲ့သည်။

## MSF က HIV စောင့်ရှောက်ပေးနေသူများအနက် ဆယ်ကျော်သက်လူငယ် ငါးရာခိုင်နှုန်းခန့်ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတွင် နယ်စည်းမထား ဆရာဝန်များအဖွဲ့(MSF)က အိတ်ချ်အိုင်ဗီရောဂါစောင့်ရှောက်မှုပေးနေသော လူ ၃၅၀၀၀ အတွင်း ဆယ်ကျော်သက်လူငယ်များမှာ ငါးရာခိုင်နှုန်းခန့်ရှိနေကြောင်း MSF အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

## ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားသူ ၃၇ သန်းခန့်ရှိဟုခန့်မှန်း

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားသူ ၃၇ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြောင်း ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောဆွေးနွေးပွဲတွင်မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြက ပြောကြားသည်။ ■ J-12

# မသန်စွမ်းသူများ အနုပညာပွဲတော် ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

တတိယအကြိမ်မြောက် အနုပညာရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကို ဒီဇင်ဘာလ ၈ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့အမှုဆောင် အရာရှိချုပ် ဦးနေလင်းစိုးက ပြောကြားသည်။

"မသန်စွမ်းတဲ့သူတွေမှာ စွမ်းဆောင်နိုင်တဲ့ အခြေအနေတွေ သူ့ကဏ္ဍအလိုက်သူရှိတယ်။ အနုပညာမှာလည်း Talent လေးတွေ ရှိတယ်။ အများပြည်သူလက်ခံတဲ့ အခြေအနေတစ်ခုဖြစ်တဲ့အတွက် အနုပညာလမ်းကြောင်းကနေတစ်ဆင့် မသန်စွမ်းသူတွေရဲ့ စွမ်းဆောင်နိုင်မှုကို ပိုပြီးတော့မှ အသိအမှတ်ပြုဖို့နဲ့၊ မသန်စွမ်းသူတွေအပေါ်မှာထားတဲ့ သဘောထားတွေ၊ အတွေးအခေါ်တွေ ပြောင်းလဲလာဖို့၊ နောက်ဆုံး နိုင်ငံတော် မူဝါဒအဆင့် ချမှတ်တဲ့အပိုင်းကနေ အောက်ခြေမှာထိတွေ့တဲ့ ပြည်သူတွေအဆုံး မသန်စွမ်းတဲ့သူတွေအပေါ်မှာထားတဲ့ အတွေးအမြင်တွေ၊ သဘောထားတွေ ပြောင်းလဲလာဖို့ရည်ရွယ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး British Council (Myanmar)၊ Asia World Foundation၊ Gender Equality Network၊ FHI360၊ USAID၊ FM Bagan၊ Bagan Entertainment၊ Tin Moe Lwin Foundation နှင့် Handicap International (Myanmar) တို့ပူးပေါင်းပါဝင်ပံ့ပိုးပေးထားကာ နိုင်ငံတစ်ဝန်းမှ မသန်စွမ်းအနုပညာရှင် ၁၀၀ ဦးခန့် ပါဝင် ဆင်နွှဲကြမည်ဖြစ်သည့်အပြင် ဗြိတိန်နိုင်ငံမှ ကမ္ဘာကျော် STOPGAP မသန်စွမ်းဝိုးချဲ့အကအဖွဲ့လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။ ■ J-12

# “တီဘီဆေးကို ရက်စေ့အောင်မတိုက်တဲ့၊ မသောက်တဲ့အတွက် ဆေးယဉ်ပါးတီဘီတွေ ပေါ်လာပါတယ်”

## ဒေါက်တာသူရဇော်(ကလေးဆရာဝန်)နှင့် တွေ့ဆုံခြင်း

သီတာဆွေ



**တီဘီရောဂါသည် တစ်မျိုးသားလုံးကို ဒုက္ခပေးမည့်လေထုထဲက ကူးစက်နိုင်သည့် ကြောက်စရာရောဂါကြီး တစ်ခုဖြစ်ပြီး တီဘီရောဂါပိုးရှိသူများအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်သည် ကလေးတီဘီရောဂါသည်များ ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အချက်အလက်များအရသိရပြီး ကလေးတီဘီရောဂါနှင့် ပတ်သက်ပြီး ဂရုပြုနိုင်စေရန် အတွက် ဒေါက်တာ သူရဇော် (ကလေးဆရာဝန်)နှင့် မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ： ကလေးတီဘီနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**Dr.TYZ ：** တီဘီဆိုတာကတော့ Mycobacterium Tuberculous ဆိုတဲ့ပိုးတစ်မျိုး ခန္ဓာကိုယ်ထဲ ဝင်ရောက်ကူးစက်လို့ ဖြစ်လာရတာပါ။ အဲဒီပိုး ခန္ဓာကိုယ်ထဲ ဝင်ရောက်ချိန်ကနေ တီဘီဖြစ်ဖို့ အနည်းဆုံးအချိန် ခြောက်လလောက်ကြာပါတယ်။ ရောဂါဝင်ပြီးချိန်မှ စကာ မိမိတို့ခန္ဓာကိုယ် ရောဂါတုံ့ပြန်ကာကွယ်မှုစနစ်ရဲ့တန်ပြန်ခုခံမှုအပေါ်မူတည်ပြီး ရောဂါလက္ခဏာပေါ်တာ မပေါ်တာ ကွာခြားသွားတယ်။

အဆုတ်တီဘီနဲ့ အဆုတ်ပြင်ပတီဘီရယ်လို့ ခွဲခြားထားတဲ့အထဲမှာ နှစ်မျိုးလုံးဖြစ်နိုင်ပါတယ်။ အဆုတ်တီဘီကတော့ ပိုတွေ့ရများပြီး ကျန်တဲ့အဆုတ်ပြင်ပတီဘီက ၃၀၊ ၄၀ ရာနှုန်းနီးပါး တွေ့ရတယ်။ အဆုတ်ပြင်ပတီဘီအနေနဲ့ ကလေးတွေမှာ အဖြစ်များတာကတော့ ဝမ်းခေါင်းတီဘီ၊ ဦးနှောက်အမြှေးပါး ရောင်တီဘီတို့ဖြစ်တယ်။ ကျန်တဲ့ အရိုးတီဘီ၊ ကျောက်ကပ်တီဘီ၊ ပိုးပြန့်တီဘီတို့ကတော့ တွေ့ရခဲပါတယ်။

**Voice ： ကလေးတွေမှာ တီဘီက ဘယ်အသက်အရွယ် ဖြစ်လေ့ရှိပါသလဲ။**

**Dr.TYZ ：** ကလေးတွေမှာတီဘီဘယ်အသက်အရွယ်ဖြစ်လေ့ရှိလဲဆိုတော့ မြန်မာပြည်မှာ မွေးကင်းစအရွယ်ကနေ အသက် ၁၄ နှစ်အထိ ဖြစ်တယ်။ အခြားနိုင်ငံတွေမှာတော့ ၁၆ နှစ်အထိ သတ်မှတ်ကြတယ်။ ဘယ်အသက်အရွယ်မဆို ဖြစ်နိုင်ပေမယ့် ကလေးတွေမှာတော့ တစ်နှစ်ကနေ ငါးနှစ်အထိက ပိုအဖြစ်များသလို အဲဒီအရွယ်ကို ကုသမှုပေးဖို့လည်း ပိုလိုပါတယ်။

**Voice ： ဘယ်လိုအပြုအမူနဲ့ ဘယ်လိုအခြေအနေရှိတဲ့ကလေးတွေမှာ ပိုဖြစ်ပြီးတော့ ကူးစက်မှုလွယ်နိုင်ပါသလဲ။**

**Dr.TYZ ：** ဘယ်လိုကလေးတွေမှာ တီဘီကူးစက်ခံရဖို့များသလဲဆိုရင် အသက်ငါးနှစ်အောက်ကလေးတွေ၊ ဘီစီဂျီလို့ခေါ်တဲ့ ကာကွယ်ဆေး မထိုးထားတဲ့ကလေးတွေ၊ HIV ပိုး ကူးစက်လို့ပဲဖြစ်ဖြစ်၊ အခြားနာတာရှည်ရောဂါတစ်ခုကြောင့်ပဲဖြစ်ဖြစ် ရေရှည်စွဲသောက်နေရတဲ့ ခုခံအားကျစေတတ်တဲ့ဆေးတွေကြောင့်ဖြစ်ဖြစ် ခုခံအားကျဆင်းနေတဲ့ကလေးတွေ၊ လူကြီးတီဘီရောဂါသည်နဲ့ ထိတွေ့မှုရှိတဲ့ ကလေးတွေနဲ့ အာဟာရချို့တဲ့တဲ့ကလေးတွေမှာ ပိုအဖြစ်များပါတယ်။

လူကြီးအဆုတ်တီဘီတွေမှာ သလိပ်ပိုးတွေ့ခြင်း မတွေ့ခြင်းက အလွန်အရေးကြီးပေမယ့် ကလေးတွေမှာတော့ သလိပ်က ဟပ်မထုတ်နိုင်တာအပြင် ကလေးတွေရဲ့သလိပ်မှာ ကူးစက်နိုင်လောက်တဲ့ ပိုးကောင်ရေပမာဏမရှိဘူး။ ဒီနေရာမှာ အဓိကထားပြောချင်တာက အသက်ရှစ်နှစ်အထက် ကလေးကြီးတွေ၊ အထူးသဖြင့် သလိပ်ထွက်တဲ့ကလေးကြီးကလွဲရင် ကလေးကလေးချင်း မကူးစက်တတ်ဘူး ဆိုတာပါပဲ။ ကလေးတစ်ဦးမှာ တီဘီတွေ့ပြီဆိုရင် သူ့အနားမှာ တီဘီပိုးရှိတဲ့ ကလေးကြီးသော်လည်းကောင်း၊ လူကြီးတစ်ဦးဦးသော်လည်းကောင်း ရှိနေတာအသေအချာပါပဲ။ ဒါကြောင့် တီဘီရောဂါတိုက်ဖျက်ဖို့ဆိုရင် ကလေးကိုလည်းကု၊ ဘယ်လူကြီးမှာရှိလဲဆိုတာပါ ရှာဖွေဖော်ထုတ်ကုသပေးမှ အောင်မြင်မှာပါ။ ထိုနည်းငှင်းပဲ လူကြီးတစ်ယောက် သလိပ်ပိုးတွေ့ပြီဆိုလည်း သူနဲ့ထိတွေ့နေတဲ့ ငါးနှစ်အောက်ကလေးတွေကိုလည်း စောင့်ကြည့်ကုသမှုပေးရမှာပါ။

**Voice ： ကလေးတီဘီရဲ့ရောဂါလက္ခဏာတွေကို ပြောပြပေးပါဦး။**

**Dr.TYZ ：** ကလေးတီဘီရဲ့လက္ခဏာတွေကတော့ အတော်လေးများပါတယ်။ အလွယ်ပြောရရင် အဖြစ်များတဲ့ အဆုတ်တီဘီမှာ ရက်ရှည် သုံးပတ်ကျော် ချောင်းဆိုးတာ၊ ခဏခဏဖျားတာ၊ ပိန်လာတာ၊ သိသိသာသာ အစားလျော့လာတာနဲ့ ညဘက်ခေါင်းချွေးထွက်တာတွေ ဖြစ်တယ်။ တီဘီဦးနှောက်အမြှေးပါး ရောင်ဆိုရင်တော့ ရက်ရှည်ဖျားတာအပြင် ကလေးက နွမ်းပန်းလာတာ၊ ခေါင်းကိုက်လာတာ၊ တက်တာ၊ သတိလစ်တာတွေ ဖြစ်တတ်ပြီးတော့ ဝမ်းခေါင်းတီဘီဆိုရင်တော့ ဗိုက်ဖောင်းလာတာ ဖြစ်နိုင်သလို မပိန်မဖောင်းနဲ့ ဝမ်းမသွားတာ၊ အူပိတ်တာတွေ ဖြစ်နိုင်ပါတယ်။

**Voice ： ဒီရောဂါက အသက်အန္တရာယ်ဖြစ်ပွားနိုင်ခြေ ဘယ်လောက်အတိုင်းအတာထိ ရှိပါသလဲ။**

**Dr.TYZ ：** ကလေးရော လူကြီးပါ တီဘီရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု သေချာမခံယူရင် လူနာကိုယ်တိုင် အသက်သေသည်အထိ ဆိုးရွားနိုင်ရုံမက နီးစပ်သူတွေကိုပါ ဆင့်ပွားရောဂါ ဖြန့်ဖြူးနိုင်တဲ့ အတွက် ကုသမှုခံယူဖို့ အရမ်းအရေးကြီးပါတယ်။ ဒီနေရာမှာ ကလေးတစ်ယောက် တီဘီရှိမရှိ တီဘီဆေးသောက်ဖို့လို မလိုဆိုတာ တစ်ထိုင်တည်းဆုံးဖြတ်ဖို့ တစ်ခါတစ်ရံ အလွန်ခက်ခဲတတ်ပါတယ်။ တီဘီပိုးဝင်ထားသည့်တိုင် ခန္ဓာကိုယ်ရဲ့ခုခံမှုအားကောင်းနေရင် ဆေးကုဖို့မလိုပေမယ့် ခုခံအားမကောင်းတဲ့ ကလေးကို ဆေးမတိုက်မိရင် ကလေးအတွက်မကောင်းလို့ ဆရာတို့ ကလေးဆရာဝန်တွေအတွက် တာဝန်ကြီးလှပါတယ်။

ဘယ်ဆေးမဆို ဘေးထွက်ဆိုးကျိုး ရှိတတ်မြဲမို့ မလိုအပ်ဘဲ ဆေးမတိုက်မိဖို့လည်း သတိထားရပါတယ်။ အရေးကြီးတာက ရောဂါရာဇဝင် သေချာမေးဖို့နဲ့ အသေအချာစမ်းသပ်ဖို့ပါပဲ။ လိုအပ်ရင် ဓာတ်မှန်ရိုက်တာတို့၊ သွေးစစ်တာတို့လုပ်ရပေမယ့် ဓာတ်မှန်အဖြေတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့မရဘူးဆိုတာ သိစေချင်ပါတယ်။ ဓာတ်မှန်ရိုက်တိုင်း တီဘီပြောလို့ တီဘီဆေး သုံး၊ လေးခါသောက်ဖို့ မလိုဘူးဆိုတာလည်း သိစေချင်ပါတယ်။ တိုက်ရပြီဆိုလည်း ခြောက်လတန်သည်၊ တစ်နှစ်တန်သည် လိုအပ်သလို တစ်ရက်မပျက်တိုက်ဖို့ လိုပါတယ်။ ဒီနေ့ခေတ်မှာ ပိုကြောက်စရာကောင်းတဲ့ပြဿနာတစ်ခု အနေနဲ့ ဆင်းရဲမှုနဲ့အတူ ဒွန်တွဲပါလာတဲ့ ပေါ့ဆမှု၊ ကျန်းမာရေးအသိပညာ နည်းမှုတွေကြောင့် တီဘီဆေးကို ရက်စေ့အောင်မတိုက်တဲ့၊ မသောက်တဲ့အတွက် ဆေးယဉ်ပါးတီဘီတွေပေါ်လာပါတယ်။ ဒါကြောင့်ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် တီဘီဆေးညွှန်ရ တော့မယ်ဆိုရင် ရက်မပျက်သောက်ဖို့ နားလည်အောင် ရှင်းပြဖို့ အရေးကြီးသလို အမြဲစောင့်ကြည့်နေဖို့လည်း လိုပါတယ်။

**Voice ： ဒီလိုရောဂါတွေ မဖြစ်ပွားအောင် ဘယ်လို ကြိုတင်ကာကွယ်မှုတွေ လုပ်ထားလို့ရနိုင်ပါသလဲ။**

**Dr.TYZ ：** လေထုထဲက ကူးနိုင်တဲ့ရောဂါမို့ ရောဂါဖြစ်ပြီဆိုရင်လည်း ကိုယ်တိုင်ကုသမှု သေချာခံယူတာဟာ လူထုထဲ ရောဂါကူးစက်မှုကို ကာကွယ်တာနဲ့ အတူတူပါပဲ။ ကလေးရော၊ လူကြီးရော ချောင်းဆိုးရင် လက်ကိုင်ပဝါနဲ့အုပ်ဆိုးဖို့ အရေးကြီးပါတယ်။ သလိပ်ပိုးတွေ့တဲ့ လူကြီးတွေဆိုရင် ဆေးစသောက်သောက်ချင်း တစ်လမှာ စိတ်ချရတဲ့ နှာခေါင်းဖုံး အမြဲတပ်ထားသင့်ပါတယ်။

ကလေး လူကြီးတိုင်း ကိုယ့်အနားမှာ ဘယ်သူ တီဘီပိုးရှိနေလဲ မသိသည့်တိုင် မိမိရဲ့ရောဂါခုခံမှု အားကောင်းအောင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ အာဟာရပြည့်ဝစွာ စားသုံးခြင်း၊ ကောင်းမွန်စွာ အိပ်စက်အနားယူခြင်း၊ HIV ကူးစက်ခြင်း မခံရအောင် နေထိုင်ပြုမူခြင်းတွေကို ပြုလုပ်သင့်ပါတယ်။ ပြင်းထန် တီဘီတွေမဖြစ်ရအောင် ကလေးတွေကိုဘီစီဂျီကာကွယ်ဆေး ထိုးပေးရပါမယ်။ ဘီစီဂျီကို မွေးစအချိန် သို့မဟုတ် အသက်တစ်လခွဲအချိန်မှာ ကနဦးထိုးပေးရပါမယ်။ အသက်ငါးနှစ်အရွယ်မှာ ထပ်ဆောင်းအားဖြည့် ထိုးသင့်ပါတယ်။

**Voice ： ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြောချင်ပါသလဲ။**

**Dr.TYZ ：** နောက်ဆုံးပြောချင်တာကတော့ ရက်ရှည်ချောင်းဆိုးနေသူတွေတွေ့ရင် တီဘီတိုက်ဖျက်ရေးဆေးခန်းတွေ ပို့ပေးပါ။ မိမိရဲ့ အသက်အန္တရာယ်အပြင် တစ်မျိုးသားလုံးအတွက် ကြီးမားတဲ့ကျန်းမာရေးပြဿနာမို့ ဆေးဆိုင်ကစပ်ဆေးတွေ၊ ဆေးမြီးတိုတွေ၊ ရမ်းကုတွေနဲ့ကုပြီး ရောဂါပြဿနာ ပိုမိုကြီးထွားအောင် မလုပ်ကြပါနဲ့လို့ မှာချင်ပါတယ်။

Voice ： အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

■ **သီတာဆွေ**

## Myanmar

| Population 2015 | | 54 million |
|---|---|---|
| Estimates of TB burden*, 2015 | Number (thousands) | Rate (per 100 000 population) |
| Mortality (excludes HIV+TB) | 27 (16–40) | 49 (30–74) |
| Mortality (HIV+TB only) | 4.8 (3.5–6.5) | 9 (6.4–12) |
| Incidence (includes HIV+TB) | 197 (144–258) | 365 (267–479) |
| Incidence (HIV+TB only) | 17 (11–25) | 32 (21–47) |
| Incidence (MDR/RR-TB)** | 14 (9.9–18) | 26 (17–33) |

| Estimated TB incidence by age and sex (thousands)*, 2015 | 0-14 years | > 14 years | Total |
|---|---|---|---|
| Females | 6 (2.4–9.6) | 66 (35–97) | 72 (38–106) |
| Males | 7.7 (4.8–11) | 117 (87–147) | 125 (92–158) |
| Total | 14 (9.4–18) | 183 (152–214) | 197 (144–258) |

## အသားအရေ ကြည်လင်စိုပြည်ချောမွေ့စေမယ့် ထိန်းသိမ်းနည်းများ

**၁။ အသားလှုဆီလိမ်းပါ**

ဆောင်းရာသီကာလမှာ အသားအရေက ပုံမှန်ထက် ခြောက်သွေ့တတ်တာကြောင့် အစိုဓာတ်ဖြည့်တင်းပေးဖို့အတွက် မိမိနဲ့သင့်တော်တဲ့ အသားလှုဆီ (Lotion) တွေကို နေ့စဉ်ပုံမှန်လိမ်းပေးဖို့ လိုအပ်ပါတယ်။ အိမ်မှာနေရင်ပဲဖြစ် ဖြစ်၊ အပြင်ကိုထွက်ရင်ပဲဖြစ်ဖြစ် အသားလှုဆီတစ်မျိုးမျိုးကို ဆောင် ထားဖို့ လိုအပ်ပါလိမ့်မယ်။

**၂။ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေ ပုံမှန်စားသုံးပါ**

ကျန်းမာသန့်စွမ်းပြီး ကြည်လင်တောက်ပတဲ့ အသားအရေကိုရရှိလိုရင်တော့ တန်ဖိုးကြီး အသားလှုဆီတွေ လိမ်းခြယ်ရုံနဲ့တော့ မလုံလောက်ပါဘူး။ ကိုယ့်ရဲ့နေ့စဉ်ပုံမှန်စားသောက်မှုထဲမှာ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေကို ထည့်သွင်းစားသုံးနိုင်အောင်လည်း ဂရုပြုရပါမယ်။ အစိမ်းရောင်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေမှာ အိုမင်းရင့်ရော်မှုကို လျှော့ချပေးနိုင်တဲ့ Antioxidants တွေ အများအပြား ပါဝင်ပါတယ်။

**၃။ နေလောင်ကာ ခရင်တွေလိမ်းပါ။**

အိမ်ကနေ လုပ်ငန်းခွင်ရှိရာကို နေ့စဉ်သွားလာနေရတဲ့သူတွေအတွက် အပူဒဏ်ကို မလွဲမသွေ ခံကြရမှာပါ။ နေရောင်က အသားအရေကို ပိုပြီးညိုမွဲစေ သလို၊ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကိုလည်း ဖြစ်စေနိုင်တဲ့အတွက် အပူဒဏ်ကာကွယ်နိုင်မယ့် နေလောင်ကာ ခရင်တွေကို အသားအရေပေါ်မှာ ထူထူ လိမ်းပေးဖို့ လိုအပ်ပါတယ်။

**၄။ အိပ်ရေးဝဝအိပ်ပါ**

လူတစ်ယောက်က တစ်နေ့တာမှာ ကုန်ခန်းသွားတဲ့အားအင်တွေကို ပြန်လည်ဖြည့်တင်းဖို့အတွက် တစ်နေ့ကို ရှစ်နာရီ အနည်းဆုံးအိပ်ဖို့ လိုအပ်ပါ တယ်။ အိပ်ချိန်အပြည့်အဝမရှိရင် မျက်နှာမှာ အဖုအပိမ့်တွေ ပေါက်လာတာမျိုး၊ အသားအရေ မွဲခြောက်ခြောက် ဖြစ်လာတာမျိုးတွေ ကြုံရနိုင်ပါတယ်။ ဒါကြောင့်မို့ အိပ်ချိန်အနည်းဆုံး တစ်နေ့ကို ရှစ်နာရီရှိအောင် ဂရုစိုက်သင့်ပါတယ်။

**၅။ ခန္ဓာကိုယ်ကို ကြေးချွတ်ပါ**

လူတစ်ယောက်ရဲ့ခန္ဓာကိုယ်မှာ အရေပြားပေါ်မှာရှိတဲ့ ဆဲလ်တွေက နေ့တိုင်းအသစ်ပြန်လည် မွေးဖွားနေပါတယ်။ အပေါ်ယံအရေပြားမှာရှိတဲ့ ဆဲလ်သေတွေ ကိုနေ့စဉ်ပုံမှန် ပွတ်တိုက်သန့်စင်ပေးမှသာ ကြည်လင် တောက်ပတဲ့ အသားအရေ ကို ပိုင်ဆိုင်နိုင်မှာပါ။ Scrub အမျိုးအစား ရေချိုးဆပ်ပြာတွေနဲ့ ခန္ဓာကိုယ်ကို တစ်ပတ်ကိုနှစ်ကြိမ်ခန့် ပွတ်တိုက်သန့်စင်ပေးဖို့ လိုအပ်ပါတယ်။

**၆။ အသီးအနှံများများစားပါ**

နေ့စဉ်ပုံမှန်စားသောက်နေတဲ့ အစားအစာတွေထဲမှာ ကျန်းမာရေးအတွက် အစားအစာတွေ (Fast Foods) အစား၊ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ ဗီတာမင် ဓာတ်ကြွယ်ဝစွာပါဝင်တဲ့ အသီးအနှံတွေကို စားသုံးပေးဖို့လိုအပ်ပါတယ်။ Vitamin C၊ D၊ E တွေ ပါဝင်တဲ့ အသီးအနှံတွေကို နေ့စဉ်ပုံမှန် စားသုံး ပေးရပါမယ်။ ဥပမာ-မုန်လာဥနီနဲ့ ခရမ်းချဉ်သီးတွေမှာ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးနိုင် တဲ့ Antioxidants တွေ များစွာပါဝင်ပါတယ်။

**၇။ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်လုပ်ပေးပါ**

ကိုယ်နဲ့သင့်တော်တဲ့ လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပုံမှန်လုပ်ပေးတာက ကျန်းမာရေးအတွက် အများကြီး အထောက်အကူပြုပါတယ်။ လေ့ကျင့်ခန်း ပုံမှန်လုပ်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်က နေရထိုင်ရတာ သွက်လက်ပေါ့ပါးပြီး စိတ်ကြည်လင် လန်းဆန်းစေပါတယ်။ လေ့ကျင့်ခန်းလုပ်ပြီးတဲ့အခါမှာ ခန္ဓာကိုယ်တွင်းမှာရှိတဲ့ အဆိပ်အတောက်တွေ၊ ဆဲလ်သေတွေ ကျသွားတဲ့အတွက် ကြည်လင်လန်းဆန်းတဲ့ အသားအရေကို ရရှိပိုင်ဆိုင်နိုင်မှာပါ။

■ **Ref: www.elle.com**


ဓာတ်ပုံ- မယ်လိုဒီ Facebook Page

# ရုပ်ရှင်ကားကြီးနှစ်ကားရိုက်ဖို့ လက်ခံထားတယ်ဆိုတဲ့ မယ်လိုဒီ

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

တစ်ဦးတည်းသော သားဖြစ်သူ သိဒ္ဓိစစ်ကို ပြုစုစောင့်ရှောက်နေရတာကြောင့်အနုပညာလောကနဲ့အတန်ငယ်ကင်းကွာနေတဲ့ သရုပ်ဆောင်မယ်လိုဒီက ၂၀၁၇ ခုနှစ်အတွင်းမှာ ရုပ်ရှင်ကားကြီးနှစ်ကား ရိုက်ကူးဖို့ လက်ခံထားပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ရုပ်ရှင်ကားကြီးက လက်ခံထားတာ နှစ်ကားရှိတယ်။ သရုပ်ဆောင်ကလည်း သူ ခေါင်းဆောင်အနေမျိုးနဲ့တစ်ခါမှတွဲမရိုက်ဖူးတဲ့သူပါ။ ဇာတ်ကားတွေမှာတော့ သူနဲ့ ဆုံဖူးတာပေါ့။ သူ အဓိကဇာတ်ဆောင်၊ ကိုယ်အဓိကဇာတ်ကောင်အနေနဲ့ ဆုံပြီး မရိုက်ဖူးသေးတဲ့သူပေါ့။ ဇာတ်လမ်းလေးကလည်း ထူးခြားပါတယ်" လို့ ယင်းဇာတ်ကားတွေနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ရိုက်ကူးဖို့လက်ခံထားတဲ့ ရုပ်ရှင်ဇာတ်ကားနှစ်ကားက ဟာသ၊ ဒရာမာ အသားပေး ဇာတ်လမ်းတွေ ဖြစ်ပြီး၊ ပညာပေးအကြောင်းအရာလေးတွေလည်း ပါဝင်တာကြောင့် ကြည့်ရတဲ့ ပရိသတ်တွေအတွက် ထူးခြားမှုရှိမယ့် ဇာတ်ကားတွေလို့ ကြိုပြောထားနိုင်ကြောင်း သရုပ်ဆောင် မယ်လိုဒီက ပြောကြားပါတယ်။

"မျိုးတို့ အနုပညာသမားတွေက ဒီလောကနဲ့ အကြာကြီးခွဲမနေနိုင်ကြပါဘူး။ အခြေအနေပေးလာရင် ကိုယ်ချစ်တဲ့ အနုပညာလောကကို ပြန်ရောက်လာကြတာပါပဲ။ ဇာတ်ကားတွေကတော့ မျိုးကို ဆက်တိုက်ငှားရင် ဆက်တိုက်ရိုက်သွားမှာပါပဲ။ အခုလက်ရှိရိုက်နေရတဲ့ ပုံစံကလည်းအဆင်ပြေပါတယ်။ ရိုက်လိုက် နားလိုက်ပေါ့ နော်။ ဒီအနုပညာလောကကနေ ပြန်ထွက်သွားစရာတော့မရှိပါဘူး။ ကိုယ့်ကို ငှားနေရင်တော့လည်း ရိုက်ဖြစ်နေမှာပေါ့" လို့ ၎င်းက ဆိုပါတယ်။

# MAMA ဂီတဆုပေးပွဲမှာ တွဲဖက်ဖျော်ဖြေဖို့ ပျက်ကွက်ခဲ့တဲ့အပေါ် အပြန်အလှန်ပြစ်တင်ဝေဖန်နေတဲ့ ဝဇ်ခါလီဖာနဲ့ တေးယွန်း

**ဆိုးလ်၊ ဒီဇင်ဘာ ၆**


soompi.com

ဟောင်ကောင်မှာ ကျင်းပခဲ့တဲ့ MAMA( Mnet Asian Music Awards) ဆုပေးပွဲမှာ တွဲဖက်ဖျော်ဖြေဖို့ စီစဉ်ထားပေမယ့် ပျက်ကွက်ခဲ့တဲ့အပေါ်မှာ အမေရိကန်ဟစ်ပ်ဟော့ပ် အဆိုတော် ဝစ်ခါလီဖာနဲ့ Girls' Generation အဖွဲ့ဝင် တေးယွန်းတို့က အပြန်အလှန်ပြစ်တင်ဝေဖန်နေကြကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ယင်းဂီတဆုပေးပွဲမှာနှစ်ယောက် တွဲဖက်ဖျော်ဖြေဖို့ စီစဉ်ထားပေမယ့် ပျက်ကွက်ခဲ့ရတာက တေးယွန်းကြောင့်ဖြစ်ကြောင်း အမေရိကန်ဟစ်ပ်ဟော့ပ်အဆိုတော် ဝဇ်ခါလီဖာက သူ့ရဲ့ Twitter ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးပြောကြားခဲ့ပါတယ်။

ယင်းပွဲမှာ စီဒီခွေနဲ့ စတိတ်စင်ပေါ်မှာထားရှိတဲ့ စက်မှု ပစ္စည်းပိုင်းဆိုင်ရာမှာ အခက်အခဲလေးတွေ ရှိခဲ့တာကြောင့် ဝဇ်ခါလီဖာနဲ့ တွဲဖက်မဖျော်ဖြေဖြစ်တော့တာဖြစ်ကြောင်း တေးယွန်းကလည်း သူ့ရဲ့ Instagram ကနေတစ်ဆင့် ပရိသတ်တွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

တေးယွန်းက ဆေးရုံကို သွားစရာရှိတဲ့အတွက် MAMA ဂီတဆုပေးပွဲမှာ တွဲဖက်သီဆိုဖို့ မဖြစ်နိုင်တော့ဘူးလို့ သူ့ကို အသိပေးပြီး ပွဲနားနီးမှ ဖျက်ခဲ့တာဖြစ်ကြောင်း ဝဇ်ခါလီဖာက သူ့ရဲ့ Twitter Account ကနေတစ်ဆင့် တေးယွန်းရဲ့ပြောကြားချက်ကို ပြန်လည်ချေပခဲ့ပါတယ်။


contactmusic.com

# အသက် ၃၅ နှစ်ပြည့်မွေးနေ့ကို စင်မြင့်ပေါ်တွင် ပရိသတ်များနှင့်အတူ ဘရစ်တနီစပီးယား ပြုလုပ်

ပြီးခဲ့တဲ့ သောကြာနေ့ညက ပြုလုပ်ခဲ့တဲ့ စင်မြင့်ဖျော်ဖြေပွဲတစ်ခုပေါ်မှာ ဘရစ်တနီစပီးယားပွဲ စီစဉ်သူတွေဟာ ကိတ်မုန့်ကြီးတစ်ခု ယူလာခဲ့ပြီး ပရိသတ်တွေနဲ့အတူ မွေးနေ့ပွဲ ပြုလုပ်သွားခဲ့ပါတယ်။

လော့အိန်ဂျလိစ် က ဖျော်ဖြေပွဲမှာ အဆိုပါ ပေါ့စတားဟာ သူမရဲ့နာမည်ကျော်သီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်။ အသစ်ထွက်ရှိထားတဲ့ Glory ဆိုတဲ့ တေးအယ်ဘမ် အသစ်ထဲက သီချင်းတွေနဲ့လည်း ဖျော်ဖြေသွားခဲ့ပါသေးတယ်။

အနက်ရောင်နဲ့ ပန်းရောင် ကိတ်မုန့်ကြီးကို စင်ပေါ်ယူလာခဲ့သူကတော့ အဆိုပါ ဖျော်ဖြေပွဲရဲ့စီစဉ်သူတွေ၊ တင်ဆက်သူတွေဖြစ်ပြီးတော့ ကိတ်မုန့်ရဲ့ ထိပ်မှာ B ဆိုတဲ့ စာလုံး အကြီးကြီး ဆင်ယင်ထားပါတယ်။

ပရိသတ်တွေနဲ့ ကချေသည်တွေက Happy Birthday သီချင်းကို သီဆိုဟစ်ကြွေးခဲ့ကြပါတယ်။

"ချစ်စရာကောင်းတဲ့ မွေးနေ့ဆုတောင်းလေးတွေအတွက် ကျေးဇူးတင်ပါတယ်" လို့ ဘရစ်တနီစပီးယားက Instagram မှာ ရေးသားတင်ထားပါတယ်။

"အံ့သြစရာကောင်းတဲ့ နေ့ရက်တစ်ရက်ကို ရရှိခဲ့ပါတယ်။ အားလုံးကို ချစ်ခင်ပါတယ်" လို့လည်း သူက ဆိုပါတယ်။


ဉက္ကာမင်းမောင် Facebook Page

# Mister Tourism World 2016 ပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်နေတဲ့ ဥက္ကာမင်းမောင်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံမှာ ဒီဇင်ဘာလ ၃ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ကျင်းပသွားမယ့် Mister Tourism World 2016 ပြိုင်ပွဲမှာ သရုပ်ဆောင် ဥက္ကာမင်းမောင်က နိုင်ငံကိုယ်စားပြုအလှမောင် တစ်ယောက်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်နေပါတယ်။

"ပြိုင်ပွဲက ဖိလစ်ပိုင်နိုင်ငံရဲ့ မြို့တော် မနီလာမှာ လုပ်တာ မဟုတ်ဘူး။ ဗိုင်ကန်ဆိုတဲ့ မြို့မှာ လုပ်မှာပါ။ ပြောရရင် ရန်ကုန်နဲ့ဆို မန္တလေးလို နေရာမျိုးပေါ့။ မနီလာကနေ အဲ့ဒီမြို့ကို ငါးနာရီလောက် ကားမောင်းရသေးတယ်။ ပြိုင်ပွဲကတော့ ဒီဇင်ဘာလ ၃ ရက်နေ့ကနေ ၁၀ ရက်နေ့အထိပေါ့။ ကျွန်တော်ကတော့ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ မြန်မာနိုင်ငံကို ပြန်ရောက်မယ်" လို့ သရုပ်ဆောင် ဥက္ကာမင်းမောင်က ပြောကြားပါတယ်။

ယင်းပြိုင်ပွဲမှာ ဥက္ကာမင်းမောင် ဝတ်ဆင်မယ့် National Costume နဲ့ မြန်မာရုပ်သေးအကကပြီး Talent ပြရမယ့်အချိန်မှာ ဝတ်မယ့် ဝတ်စုံတွေကိုတော့ ဒီဇိုင်နာ မျိုးမင်းစိုးက ဖန်တီးချုပ်လုပ်ပေးထားပြီး၊ ပြိုင်ပွဲ တစ်လျှောက် ဝတ်ဆင်ရမယ့် အနောက်တိုင်းဝတ်စုံတွေကိုတော့ ဒီဇိုင်နာ ကောင်းမြတ်က ချုပ်လုပ်ပေးထားကြောင်း ဥက္ကာမင်းမောင်က ပြောကြား ပါတယ်။

"ကျွန်တော် ဒီပြိုင်ပွဲပြိုင်မယ်ဆိုတဲ့ အချိန်မှာ အားပေးတဲ့ သူတွေရှိသလို၊ ဝေဖန်တဲ့သူတွေလည်း အများကြီးပါပဲ။ ဒီပြိုင်ပွဲပြိုင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့ အချိန်ကစပြီး ကိုယ့်နိုင်ငံအတွက် ဆုတစ်ဆုရအောင် ကြိုးစားခဲ့မယ်လို့ ကျွန်တော်ဆုံးဖြတ်ထားတယ်။ အကယ်၍ ဆုမရခဲ့ရင်လည်း ကျွန်တော့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးပါလို့ ပရိသတ်တွေကို တောင်းဆိုချင်ပါတယ်" လို့ ၎င်းက ဆိုပါတယ်။

သရုပ်ဆောင် ဥက္ကာမင်းမောင်က ပထမဆုံး တစ်ကိုယ်တော်စီးရီးဖြစ်တဲ့ 18 ကို နိုဝင်ဘာလ ၁၈ ရက်နေ့က ဖြန့်ချိပေးခဲ့ပြီး၊ သူပါဝင်သရုပ်ဆောင်ထားတဲ့ မေထုန်ရာသီဖွား ရုပ်ရှင်ကိုတော့ ဒီဇင်ဘာလ ၉ ရက်နေ့ကစပြီး အဆင့်မြင့် ရုပ်ရှင်ရုံကြီးတွေမှာ ရုံတင်ပြသသွား ဖို့ရှိပါတယ်။

"အမှန်တော့ မေထုန်ရာသီဖွား ရုပ်ရှင်ရုံတင်တဲ့အချိန်မှာ ကျွန်တော် မြန်မာနိုင်ငံမှာ ရှိနေပြီး ပရိသတ်တွေနဲ့ အတူတူကြည့်ချင်တာပါ။ ထုတ်လုပ်သူဖြစ်တဲ့ ကိုငြိမ်းချမ်းကျော်ကလည်း ဒီဇင်ဘာ ၉ ရက်နေ့ရုံတင်ပြီး ၁၀ ရက်နေ့မှာ Promotion ပွဲ လုပ်ချင်တယ်လို့ပြောတယ်။ ဒါပေမဲ့ Final ပြိုင်ပွဲက ဒီဇင်ဘာ ၁၀ ရက်နေ့မှာဆိုတော့ ပြန်လာဖို့ မဖြစ်နိုင်ဘူး။ အဲ့ဒီတစ်ချက်တော့ စိတ်မကောင်းဘူး" လို့ ဥက္ကာမင်းမောင်က ပြောကြားပါတယ်။

# “ဂိုဏ်းစတားပုံစံက မကြီးအတွက်လည်း ထူးခြားပါတယ်။ အဲ့ဒီလိုပုံစံမျိုး မကြီး တစ်ခါမှ သရုပ်မဆောင်ဖူးသေးဘူး”

**စိုးမြတ်သူဇာနဲ့ တွေ့ဆုံခြင်း**

**သန့်ဇင်ဦး**

**နာမည်ကျော် ဝါရင့်သရုပ်ဆောင် စိုးမြတ်သူဇာနဲ့ တွေ့ဆုံပြီး အကယ်ဒမီဆန်ခါတင် စာရင်းဝင်အောင် မကြာသေးခင်က ရုံတင်ပြသခဲ့တဲ့ မယုံရင်တော့ ပုံပြင်ပေါ့ ရုပ်ရှင်မှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ Kanebo အလှကုန် ၁၅ နှစ် ပြည့်ပွဲမှာ ဝတ်ဆင်ခဲ့တဲ့ ဖက်ရှင်နဲ့ ပတ်သက်ပြီး ပရိသတ်များကို ပြန်လည်ဖြေရှင်းခဲ့ရတဲ့ အကြောင်းနဲ့ မကြာမီ ရိုက်ကူးမယ့် Bad Boys 2 ရုပ်ရှင်မှာ ဂိုဏ်းစတားအဖြစ် သရုပ်ဆောင်မယ့် အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ကိုဒိန်းဒေါင် ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့ မယုံရင်တော့ပုံပြင်ပေါ့ ရုပ်ရှင်က အကယ်ဒမီဆန်ခါတင်စာရင်းဝင်အောင် တစ်ပတ်ကြာ ရုံတင်ခဲ့တာကို တွေ့တယ်လေ။ အဲ့ဒီကားမှာ မကြီးသရုပ်ဆောင်ထားတဲ့ ကာရိုက်တာကို ပြောပြပေးပါဦး။**

**SMTZ:** ကိုဒိန်းရိုက်တဲ့ ရုပ်ရှင်မှာ ပါဝင်ဖြစ်သွားတာကတော့ ခေါင်းဆောင်မင်းသားဖြစ်တဲ့ စိုင်းလွှမ်းက အကူအညီတောင်းလို့ပါ။ ကိုဒိန်းကလည်း မကြီးစိုးရယ် အဆင်ပြေရင်တော့ တစ်ရက်စာ၊ နှစ်ရက်စာလောက် ရိုက်ပေးပါလို့ ပြောတယ်။ မကြီးကလည်း ကိုယ် အချိန်ရနိုင်မလား၊ ကူညီနိုင်မလား စဉ်းစားလိုက်တော့ အဆင်လည်းပြေတာနဲ့ ဝင်ရိုက်ပေးခဲ့တာပါ။ တကယ်တမ်း ရိုက်ဖြစ်တော့လည်း မကြီးပါရတဲ့ ဇာတ်ဝင်ခန်းတွေက များသွားတယ်။ ကိုယ့်ရဲ့ အခန်းများတယ်ဆိုပေမယ့် မကြီးပါဝင်ရတဲ့ အခန်းကဏ္ဍကနေပြီးတော့ အကောင်းဆုံးတော့ ဇာတ်ပို့ပေးခဲ့ပါတယ်။ ဒီကားလေးက စိုင်းလွှမ်းအတွက်တော့ အင်မတန်ကောင်းမွန်တဲ့ ဇာတ်ကားလေးပါ။

**Voice: ဒီဇာတ်ကားမှာ မကြီးအတွက်ရော ဘယ်လောက်အထိ လုပ်ကွက်ရှိခဲ့လဲ။**

**SMTZ:** ဒီဇာတ်ကားမှာ ဦးဇင်ဝိုင်းနဲ့ စိုင်းလွှမ်းနဲ့က သားအဖပေါ့။ မကြီးကကျတော့ ရပ်ကွက်ထဲမှာ သူတို့နဲ့ အိမ်နီးနားချင်းပေါ့။ သူတို့ရဲ့ချို့တဲ့မှုကို မကြီးက သိနေတော့ ကိုယ်နိုင်သလောက် ကူညီပေးတယ်။ သူတို့ ငွေတွေဘာတွေလိုအပ်လာရင် ချေးတာပေါ့။ မကြီးရဲ့ နေရာက ဇာတ်ကိုပို့ပေးရတဲ့ နေရာပါပဲ။ အဓိကကတော့ စိုင်းလွှမ်းရဲ့ ဇာတ်ပေါ့။ ဇာတ်လမ်းလေးက ပရိသတ်တွေ သဘောကျနိုင်မယ့် ဒရာမာဇာတ်ကားပုံစံမျိုးပါ။ ခေါင်းဆောင်မင်းသားဖြစ်တဲ့ စိုင်းလွှမ်းကလည်း တော်တော်လေး ကြိုးစားထားရတာကို တွေ့ရပါတယ်။

**Voice: ဒီလထဲမှာပဲ ရုံတင်မယ်လို့ကြားနေတဲ့ ငဘ ရုပ်ရှင်ဇာတ်ကားအတွက်ရော မကြီးရဲ့ ပရိသတ်တွေကို ဘာများကြိုပြောထားချင်လဲ။**

**SMTZ:** ငဘရုပ်ရှင်နဲ့ ပတ်သက်ပြီး ပြောရရင်တော့ အစကတည်းက မကြီးတို့ ဇာတ်ဝင်ခန်းတွေက အများကြီး မပါပါဘူး။ ဒါပေမဲ့ ကိုယ့်အခန်းသိပ်မပါဘူးဆိုပေမယ့် မကြီးတို့တွေက ကိုမောင့် (ကျော်သူ) ကို ဇာတ်ပို့ပေးရတာပေါ့။ ကိုမောင့်ကိုရော၊ အေးမြတ်သူကိုရော မကြီးက အတတ်နိုင်ဆုံးဇာတ်ပို့ပေးထားပါတယ်။ အဲ့ဒါကြောင့်မို့ တချို့ကတောင် ငဘ ဇာတ်ကားမှာ မကြီးကို အားမရဘူးလို့ ပြောကြတယ်။ မကြီးတို့ဘက်ကကျတော့ အက်တင်လုပ်တဲ့အခါမှာ သူများတကာကို ကျော်ပြီး လုပ်လို့မရဘူး။ မကြီးတို့က ဇာတ်ပို့ပေးရတဲ့အခန်းကဏ္ဍဆိုရင် အတတ်နိုင်ဆုံး ပံ့ပိုးပေးရပါတယ်။

**Voice: Kanebo အလှကုန်ဆယ့်ငါးနှစ်ပြည့်ပွဲတုန်းက ဝတ်ခဲ့တဲ့ ဖက်ရှင်နဲ့ ပတ်သက်ပြီး နောက်မဖြစ်စေရပါဘူးလို့ မကြီး ဖြေထားတာတွေလည်း တွေ့ပါတယ်။ အဲ့ဒီအကြောင်းလည်း ပြောပြပေးပါဦး။**

**SMTZ:** အဲ့ဒီနေ့က စင်ပေါ်တက်သွားကတည်းက အင်္ကျီက ဟိုက်နေမှန်းတော့ သိတယ်။ ဒါပေမဲ့ မကြီးက အင်္ကျီပေါ်မှာ ဆွဲကြိုးလေး ဆွဲထားပါတယ်။ ဖြစ်ချင်တော့ အဲ့ဒီနေ့က ပွဲလုပ်မယ့် ဟိုတယ်ကိုရောက်တော့မှ အင်္ကျီကို Fitting ချရတယ်။ အင်္ကျီက ဟိုက်နေမှန်းသိတော့ မကြီးက ဆွဲကြိုးလေး သွားယူခိုင်းလိုက်တယ်။ ဆွဲကြိုးသွားယူနေတဲ့အချိန်မှာ စင်အောက်မှာ ကိုယ့်အနုပညာရှင်အချင်းချင်း အမှတ်တရဓာတ်ပုံရိုက်ကြတယ်။ အဲ့ဒီမှာ ဘေးက ဝင်ရိုက်တဲ့ ပုံတွေက အွန်လိုင်းပေါ်တက်သွားတော့ ပရိသတ်ပြောစရာဖြစ်သွားတာပေါ့။ အဲ့ဒီအတွက် မကြီး နောက်ကို ဆင်ခြင်ပါ့မယ်လို့ပြောချင်ပါတယ်။ စင်ပေါ်တက်သွားတော့ ဆွဲကြိုးလေးဆွဲထားတဲ့ အတွက် ဘာပြဿနာမှ မရှိခဲ့ပါဘူး။ တချို့ကကျတော့ မကြီးက ဒီအသက်အရွယ်ကြီးကျမှ ရှပိုးထိုးပြီး လုပ်တယ်လို့ ထင်နေဦးမယ်။ မကြီးက တမင်တကာကြီး လုပ်တာမဟုတ်ပါဘူး။ မမျှော်လင့်ဘဲ ဖြစ်သွားတဲ့အပေါ်မှာ နားလည်ပေးပါလို့ ပရိသတ်တွေကို တောင်းပန်ချင်ပါတယ်။

**Voice: ပုံမှန်ဆို ပရိသတ်တွေက မကြီးကို မြန်မာဆန်ဆန်ပုံစံမျိုးနဲ့ပဲ တွေ့ရတာများတော့ အံ့သြသွားကြတာလည်း ဖြစ်မယ်ထင်တယ်နော်။**

**SMTZ:** အမှန်တော့ အဲ့ဒီနေ့က မကြီးဝတ်တဲ့ အဝတ်အစားက ကိုယ့်ရဲ့ ဆံပင်ပုံစံနဲ့ လိုက်ဖက်တာကို စဉ်းစားပြီး ဝတ်ရတဲ့ သဘောပါ။ မကြီးရဲ့ဆံပင်ကလည်း တိုနေတော့ ဆံထုံးတွေ ဘာတွေလည်း မထုံးချင်တော့ဘူးလေ။ ဆံထုံးထုံးရတာလည်း ပင်ပန်းလို့ပါ။ ကိုယ်နဲ့ အဆင်ပြေတဲ့ဟာကို ဝတ်လိုက်တဲ့ သဘောပါပဲ။ တမင်တကာ ဖက်ရှင်ထွင်ပြီး ဝတ်တာလည်းမဟုတ်ပါဘူး။ သူ့အင်္ကျီလေးကလည်း အမှန်တော့ လုံခြုံပါတယ်။ အဲ့ဒီလည်ပင်းလေး ဟိုက်သွားတာ တစ်ခုပဲရှိပါတယ်။ အင်္ကျီပေါ်ကနေ ဆွဲကြိုးထပ်ဝတ်လိုက်တော့လည်း ဘာမှ မပေါ်တော့ပါဘူး။ ကိုယ် သတိမထားမိတဲ့ အချိန်မှာ ဖြစ်သွားတာပေါ့။ မင်းသမီးတွေ ဓာတ်ပုံရိုက်နေတာကို ဘေးက ပရိသတ်တွေကလည်း ဝင်ရိုက်တော့လည်း မကြီးတို့က ပြောလို့ မကောင်းဘူးလေ။ မကြီးကတော့ ပရိသတ်တွေကိုပဲ အားနာပါတယ်။

**Voice: ဒါရိုက်တာ ဂျီး ရိုက်မယ့် Bad Boys ရုပ်ရှင်မှာလည်း မကြီးက ဂိုဏ်းစတားပုံစံမျိုး သရုပ်ဆောင်မယ်လို့ သိထားပါတယ်။ အဲ့ဒီဇာတ်ကားကရော ဘယ်လိုပုံစံမျိုးဖြစ်မလဲ။**

**SMTZ:** အဲ့ဒီကားမှာ မကြီးက ကိုခင်လှိုင်တို့ ကိုဒိန်းဒေါင်တို့ဘက်အခြမ်းပေါ့။ ဇေရဲထက်တို့ မင်းသားအငယ်လေးတွေက တစ်ခြမ်းပေါ့။ အဲ့ဒီကားမှာ မကြီးက ဂိုဏ်းစတားဆိုပေမယ့် ဘယ်လိုပုံစံလာဦးမလဲ မသိဘူး။ ဟိုဘက်အုပ်စုနဲ့ ဘယ်လိုပြန်ချိတ်ထားလဲမသိဘူး။ ဇာတ်ကို မကြီး အကြမ်းဖျင်းဖတ်ကြည့်တာတော့ ကောင်းပါတယ်။ မကြီးအတွက်လည်း လုပ်ရမယ့် ကာရိုက်တာက အထူးအဆန်းဖြစ်ပါတယ်။ ဘယ်လိုပုံစံမျိုးတွေ ဝတ်ရမ လဲဆိုတာတောင် မကြီး မစဉ်းစားရသေးဘူး။

**Voice: ဂိုဏ်းစတားပုံစံမျိုးနဲ့က မကြီးကို ပရိသတ်တွေ မမြင်ဖူးသေးဘူးနော်။ ကိုယ့်ရဲ့ ကာရိုက်တာကို ဘယ်လို ပုံဖော် သရုပ်ဆောင်သွားမလဲ။**

**SMTZ:** အဲ့ဒီကားမှာ မကြီးတို့က ဆေးရောင်းတဲ့ဂိုဏ်းပေါ့။ ကိုခင်လှိုင်နဲ့ ကိုဒိန်းတို့က အခြောက်တွေလို လုပ်ပြီး ဆေးရောင်းပေမယ့် တကယ်တမ်းကျတော့ သူတို့က ဂိုဏ်းစတားတွေ။ ဇေရဲထက်နဲ့ မင်းသားအငယ်လေးတွေကျတော့ တကယ့်အခြောက်ပုံစံ သရုပ်ဆောင်ရမှာပေါ့။ ဂိုဏ်းစတားပုံစံက မကြီးအတွက်လည်း ထူးခြားပါတယ်။ အဲ့ဒီလိုပုံစံမျိုး မကြီးတစ်ခါမှ သရုပ်မဆောင်ဖူးသေးဘူး။ ဇာတ်ကားကိုတော့ မကြီး လက်ခံထားတယ်။ ရိုက်ရက်တွေတော့ တစ်ချက်ပြန်ညှိရဦးမယ်။

## Recap

❍ လူမှုကွန်ရက် Facebook က လူငယ်တွေအတွက် သုံးတတ်ရင်တော့ဆေးဖြစ်နိုင်ပြီး မသုံးတတ်ရင်တော့ ဘေး ဖြစ်နိုင်ပါတယ်လို့ ဇာတ်မင်းသား ဖိုးချစ်က The Voice ကို ပြောကြားပါတယ်။

“Facebook သုံးခြင်းက ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေတာပါပဲ။ သုံးတတ်ရင် ကိုယ်မသိသေးတဲ့ ဗဟုသုတ ရစရာတွေ ဖတ်လို့ရမယ်။ သူငယ်ချင်းအချင်းချင်း ဗဟုသုတတွေ ဖြန့်ဝေကြမယ်။ ကွဲကွာနေတဲ့ မိတ်ဆွေတွေနဲ့လည်း ပြန်လည်ဆက်သွယ်လို့ရမယ်။ မသုံးတတ်ရင်တော့ အချင်းချင်းဝေဖန်ကြ၊ ဆဲကြပြုကြနဲ့ ၊ မမှန်သတင်း ဖြန့်တာတွေ၊ ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တဲ့ ကိစ္စတွေကြောင့် ဘေးဖြစ်နိုင်ပါတယ်” လို့ ၎င်းကဆို ပါတယ်။

❍ဇာတ်ကားတွေ ရိုက်ကူးတဲ့နေရာမှာ ပရိသတ် တစ်ယောက်နေရာကနေ အရင်ခံစားကြည့်ပြီးမှ ထူးခြား မှု ရှိမယ့် ဇာတ်လမ်းတွေကို ရွေးချယ်ရိုက်ကူးဖြစ်ပါတယ် လို့ နာမည်ကျော်ဒါရိုက်တာ ညိုမင်းလွင်က The Voice ကို ပြောကြားပါတယ်။

“ဈေးကွက်မှာ ခေတ်စားနေတဲ့ ဇာတ်ကားတွေလည်း ကျွန်တော် တစ်ခါတလေရိုက်ပါတယ်။ ပထမထပ် ဟန်းနီးမွန်း ဇာတ်ကားဆို ရိုးရိုးဟာသကားပုံစံမျိုးပါပဲ။ များသောအားဖြင့် ဇာတ်ကားတွေရိုက်တဲ့အခါမှာ ကျွန်တော်စဉ်းစားတာကတော့ ငါသာဒါရိုက်တာ ညိုမင်းလွင်မဟုတ်ဘဲနဲ့ သာမန်လူတစ်ယောက်ဆိုရင်ရော ဒီဇာတ်ကားအတွက် အချိန်နဲ့ ပိုက်ဆံကို သုံးမှာလားလို့ စဉ်းစားပါတယ်။ ဇာတ်ကားတစ်ကား မရိုက်ခင်တိုင်းမှာ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါတယ်” လို့ ၎င်းက ဆိုပါတယ်။

# မွေးနေ့မှာ မိဘမဲ့ကလေးငယ်တွေအတွက် အလှူငွေသွားရောက်လှူဒါန်းမယ့် ပက်ထရစ်ရှာ

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပက်ထရစ်ရှာက ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ ကျရောက်မယ့် မွေးနေ့မှာ နေပြည်တော်၊ အမြန်လမ်းမပေါ်၊ ၉၉ မိုင်မှာရှိတဲ့ မိဘမဲ့ဂေဟာက ကလေးငယ်တွေကို သွားရောက်လှူဒါန်းဖို့ ရှိပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

“ညီမမွေးနေ့မှာ မိဘမဲ့ကလေးလေးတွေအတွက် ငွေသွားလှူမယ်။ အဲ့ဒီအလှူငွေမှာ ညီမကိုယ်တိုင်ထည့်ဝင်ထားတဲ့ အလှူငွေရော၊ ပရိသတ်တွေ ထည့်ဝင်ထားတဲ့ ငွေတွေရောပါပါမယ်။ ပရိသတ်တချို့လည်း ညီမနဲ့အတူ လိုက်လှူမယ်ပေါ့။ တချို့ကကျတော့ နယ်ဝေးကဖြစ်တဲ့အတွက် လူကိုယ်တိုင် မလိုက်နိုင်ကြဘူး။ ငွေပဲ လှူလိုက်ကြတယ်” လို့ မွေးနေ့အလှူနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းနေ့မှာတော့ မိဘမဲ့ဂေဟာက ကလေးတွေအတွက် ငွေလှူဒါန်းမယ့် အပြင် အချိုရည်တွေနဲ့ အစားအသောက်တွေကိုလည်း ကျွေးမွေးလှူဒါန်းပေးသွားမှာဖြစ်ကြောင်း၊ ပရိသတ်တွေကတော့ မွေးနေ့အမှတ်တရအဖြစ် မိဘမဲ့ကလေးငယ် တွေကို ထမင်းကျွေးမွေးလှူဒါန်းမှာဖြစ်ကြောင်း ပက်ထရစ်ရှာက ပြောကြားပါတယ်။

“အသက်တစ်နှစ်ကြီးလာတိုင်း အရွယ်ကပေးတဲ့ အသိအရပြောင်းလဲလာတာတွေ ရှိပါတယ်။ ညီမရဲ့စိတ် က အရင်ကလိုမျိုးတော့ အရမ်းကလေးမဆန်တော့ဘူးပေါ့။ ကိုယ့်အလုပ်အပေါ်မှာ လေးလေးစားစား ရှိလာတယ်။ လူတိုင်းနဲ့ လိုက်လျောညီထွေ နေတတ်လာတယ်။ အရင်တုန်းကလို ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း မပြောတတ်တော့ဘူး။ အားလုံးနဲ့ အဆင်ပြေအောင် ပေါင်းတတ်လာပါတယ်” လို့ ၎င်းက ဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ဒါရိုက်တာ ခင်စောမျိုး၊ သရုပ်ဆောင် အောင်ရဲလင်းတို့နဲ့ ရန့်ပြယ်လိပ်ပြာ ဗီဒီယိုဇာတ်ကား ရိုက်ကူးနေပြီး၊ ပဲခူးဆားနှင့် သူ၏ ဗိုင်းရပ်စ်များ ရုပ်ရှင်လည်း ယခုလအတွင်း ရုံတင်ဖို့ရှိကြောင်း ပက်ထရစ်ရှာက ပြောကြားပါတယ်။ ■

# နည်းပညာနှင့် ဒေတာများကို အကျိုးရှိစွာ အသုံးချနိုင်ခဲ့သောကြောင့် ထရမ့်အနိုင်ရရှိဟုဆို

ဝါရှင်တန်၊ ဒီဇင်ဘာ ၆


BreakingLatest

အမေရိကန်သမ္မတလောင်း ဒေါ်နယ် ထရမ့်သည် ဆိုရှယ်မီဒီယာစသည့် လူအများ အသုံးပြုနေသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် ကဲ့ရဲ့လှောင်ပြောင်စရာ ဖြစ်နေခဲ့သော်လည်း ယင်းအချက်ကို အခွင့်ကောင်းယူကာ ဒေတာများကိုတန်ပြန်ပို့လွှတ်ပြီး လူသိများအောင် မိမိကိုယ်မိမိ လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ထရမ့်၏ လျှို့ဝှက်ချက်မှာ အွန်လိုင်းပေါ်ကတစ်ဆင့် ဒစ်ဂျစ်တယ်ကမ်ပိန်းကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်ပြီး၊ စည်းရုံးရေး ကာလနောက်ဆုံးအချိန်တွင် အွန်လိုင်းကတစ်ဆင့် ပြိုင်ဘက်ကို ပွဲသိမ်းထိုးနှက်နိုင်ခဲ့ခြင်း ကြောင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ရွေးကောက်ပွဲအတွက် အပြိုင်စည်းရုံးရေးဆင်းနေစဉ်ကာလတွင် ထရမ့်သည် သူ့ကိုယ်သူထင်တစ်လုံးဖြင့် လေလုံးထွားကာ ပြောချင်ရာပြောနေသူတစ်ဦးဟု ထင်မြင်ယူဆစရာ ဖြစ်နေသော်လည်း၊ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ယင်းနည်းသည် သမ္မတ အိုဘားမား အသုံးပြုခဲ့သည့် နည်းဟောင်းဖြစ်ပြီး မိမိကိုယ် လူအများ ဆုံး စိတ်ဝင်စားလာစေရန် ပြုလုပ်နေသည့် မိုက်ခရိုပစ်မှတ်နည်းကို အသုံးပြုနေခြင်းဖြစ်ကြောင်း AFP တွင် ရေးသားထားသည်။

ထရမ့်သည် သမ္မတလောင်းအဖြစ် ရွေးကောက်ခံရန် ပါတီကတင်မြှောက်ရွေးချယ်ပြီးသည့်နောက်တွင် ဒစ်ဂျစ်တယ်ဗျူဟာကို စတင်အသုံးပြုခဲ့ပြီး အထူးသဖြင့် သူ၏ သမက်ဖြစ်သူ နိုင်ငံရေး ကျွမ်းကျင်သည့် ဂျာရက် ကုရှ်နာ၏ အထောက်အပံ့ဖြင့် အွန်လိုင်းကတစ်ဆင့် ပြိုင်ဘက်ကို နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်နိုင်စေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးအဆင့်တွင် ထရမ့်သည် ကင်းဘရစ်ချ်မှ နိုင်ငံရေး ကျွမ်းကျင်ပညာရှင်များ၏ ယူဆချက်များကို အွန်လိုင်းကတစ်ဆင့် ပျံ့နှံ့စေရန် ကြံဆောင်ခြင်း၊ အဓိကပြည်နယ်များတွင် ပြိုင်ဘက် ဟီလာရီ ကလင်တန်အပေါ် လွှမ်းမိုးနိုင်မည့် အချက်အလက်များကို ထုတ်ပြန်နိုင်ခဲ့ကာ စိတ်များကို ဇဝေဇဝါဖြစ်စေခဲ့သည်။

ထရမ့်ဘက်မှ ကလင်တန်ကို ဇဝေဇဝါဖြစ်စေမည့် သတင်းများကို နေ့တိုင်း အွန်လိုင်းပေါ်တင်ကာ ထိုးနှက် တိုက်ခိုက်နေခြင်းမှာ ကလင်တန်အဖို့ စည်းရုံးရေး လုပ်ရန်ထက် ဖြေရှင်းနေရခြင်းအပေါ် အားကုန်သွားစေရန် စနစ်တကျ စီစဉ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။

ထရမ့်သည် အွန်လိုင်းပေါ်ကတစ်ဆင့် သူ့ကိုယ်သူ ကြော်ငြာသည့်အသွင်ဖြင့် လုပ်ဆောင်နေသော နေရာပေါင်း ၄၀၀၀ ရှိပြီး သူ၏တင်ပြမှုများကို သန်းချီသည့် အမေရိကန်ပြည်သူများက အကြိမ်ပေါင်း ၁ ဒသမ ၅ ဘီလီယံအထိ ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း Cambridge Analytica အဖွဲ့က ထုတ်ပြန်ထားသည်။ ■ E01

# ရင်သားကျန်းမာရေး တန်ဖိုးနည်းစွာဖြင့် စစ်ဆေးနိုင်မည်

ဝါရှင်တန်၊ ဒီဇင်ဘာ ၆


Medgadget

အမျိုးသမီးများ ရင်သားကင်ဆာဖြစ်မှုများကို အစောဆုံး ကြိုတင်ကာကွယ်နိုင်စေရန်အတွက် ဈေးအသက်သာဆုံး စစ်ဆေးနိုင်မည့်နည်းစနစ်တစ်မျိုးကို UE Lifesciences ကုမ္ပဏီက တီထွင်နိုင်ခဲ့ကြောင်း Medgadget သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံများတွင် ရုံးခွဲများ ဖွင့်ထားသည့် ယင်းကုမ္ပဏီသည် အမျိုးသမီးများ ရင်သားစစ်ဆေးမည့် iBreastExam ဆိုသည့် ကိရိယာတစ်မျိုးကို တီထွင်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

အမျိုးသမီးများသည် တန်ဖိုးနည်းစွာဖြင့် မိမိတို့ရင်သားများကို စစ်ဆေးခွင့်နည်းပါးကြကြောင်း၊ ယခုတီထွင်ထားသည့် iBbreastExam သည် မိမိကိုယ်တိုင် အလွယ်စစ်ဆေးနိုင်သည့် စကင်နာတစ်မျိုးဖြစ်ကြောင်း၊ ကြိုးမဲ့စနစ်ဖြင့် မည်သည့်ဖုန်းသို့မဟုတ် ကွန်ပျူတာပစ္စည်းများတွင်မဆို ကြည့်ရှုစစ်ဆေးနိုင်ကြောင်း Medgadget သတင်း တွင် ရေးသားထားသည်။

နောက်ဆုံးပေါ်နည်းလမ်းသည် စစ်ဆေးသည့်အခါ နာကျင်ခြင်း မရှိစေရုံမက၊ ဓာတ်ရောင်ခြည်ဖြင့် ဘေးသင့် ခြင်းဆိုးကျိုးများလည်း မရှိကြောင်း၊ ရလဒ်ကို ငါးမိနစ်အတွင်း အဖြေထုတ်ပေးနိုင်စေရန် စီစဉ်ထားကြောင်း တီထွင်သူများကပြောကြားသည်။

ကွန်ပျူတာဆော့ဖ်ဝဲများထဲတွင် ကင်ဆာဖြစ်နေသည့် တစ်သျှူးနမူနာပေါင်းများစွာကို ထည့်သွင်းထားပြီး အစစ်ဆေးခံသူ၏ ရင်သားတစ်သျှူး နမူနာကို စကင်ဖတ်စက်မှ ပေးပို့ချက်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး ချက်ချင်းအဖြေထုတ်နိုင်ရန် စီစဉ်ထားသည်။

UE Lifesciences ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်တွင် ဆေးပညာဆိုင်ရာ တီထွင်မှုအတွက် Hitlab ဆုကို ရရှိထားပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စွမ်းဆောင်မှုအတွက် ယင်းဆုကို နယူးယောက်မြို့တွင် ကျင်းပသည့် Hitlab Innovators ညီလာခံ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ CTO ဖြစ်သူ မက်သရူး ကမ်ပီစီက ပြောကြားသည်။ ■ E01

# NEWS IN BRIEF

## Appleကုမ္ပဏီ၏ ၂၀၁၇ အတွက် iPhone အသစ်သတင်းများ ထွက်ပေါ်

၂၀၁၆ ခုနှစ်တွင် iPhone 7 ဖြင့် ပြိုင်ဘက်ကင်းလောက်အောင် အောင်မြင်သွားခဲ့သည့် Apple ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်တွင် ၁၀ နှစ်မြောက် iPhone ထုတ်လုပ်ခြင်း အထိမ်းအမှတ်အဖြစ် iPhone 8 ကို စက်တင်ဘာလ မတိုင်မီဖြန့်ချိမည်ဖြစ်ကြောင်း Business Insider သတင်းတွင်ဖော်ပြထားသည်။

အသစ်ထုတ်လုပ်မည့် iPhone 8 ဆိုသည်မှာ အမည်အားဖြင့် မသေချာသေးသော်လည်း ဟာ့ဒ်ဝဲများကိုအစ္စရေးနိုင်ငံတွင်ထုတ်လုပ်ထားကြောင်း ယင်းသတင်း ကဆိုသည်။

၂၀၁၇ ခုနှစ်ထုတ် iPhone အသစ်တွင် ကြိုးဖြင့် ဆက်သွယ်စရာမလိုသည့် ဝါယာလက်စ်နည်းပညာဖြင့် ဖုန်းကို အားပြန်သွင်းသည့်စနစ်ပါဝင်လာမည်ဖြစ်ကြောင်း၊ ကင်မရာနှစ်လုံးဖြင့် 3D ဗီဒီယိုများ ရိုက်ကူးနိုင်သည်အထိ အဆင့်မြှင့်ထားကြောင်း The Verge သတင်းတွင်ရေးသားထားသည်။ ■

## အာကာသထဲတွင် ဆလတ်ရွက်များ စမ်းသပ်စိုက်ပျိုးအောင်မြင်

အမေရိကန် အာကာသသိပ္ပံအဖွဲ့ နာဆာက စေလွှတ်ထားသည့် နိုင်ငံတကာ အာကာသစခန်းအတွင်း အာကာသယာဉ်မှူးတစ်ဦးဖြစ်သူ ရှောင်ကင်းဘရော့ စမ်းသပ်စိုက်ပျိုးထားသော ဆလတ်ရွက်စိုက်ခင်းလေးသည် အောင်မြင်စွာဖြစ်ထွန်းနေကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

ရှောင်သည် ဆလတ်ပင် ၆ ပင်ကို စမ်းသပ်စိုက်ပျိုးထားခဲ့ရာ ၁၀ ရက်အတွင်း ခူးဆွတ်စားသုံးနိုင်သည့်အနေအထားကိုရောက်လာကြောင်း ယင်းသတင်းကဆိုသည်။

အာကာသအတွင်း စားသုံးဟင်းသီးဟင်းရွက်များကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းသည် အနာဂတ် အင်္ဂါဂြိုဟ်သို့ ခြေလှမ်းရန်အတွက် အားတက်ဖွယ်ဖြစ်ကြောင်း၊ ယခုအခါ အမျိုးအစား လေးမျိုးကို စမ်းသပ်စိုက်ပျိုးရန် သတ်မှတ်ထားပြီး လာမည့်နှစ်အထိ စမ်းသပ်မှုများ လုပ်ဆောင်သွားမည်ဟု နာဆာကထုတ်ပြန်သည်။ ■

## သိပ္ပံနှင့် သင်္ချာပညာရှင်များအတွက် ဆုကြေးအများဆုံး ချီးမြှင့်ပွဲကျင်းပ

၂၀၁၆ ခုနှစ်အတွက် ထူးချွန်သိပ္ပံနှင့် သင်္ချာပညာရှင်များ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၄ ရက်နေ့က၊ အမေရိကန် ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဗျူးမောင်းတိန်းရှိ နာဆာသုတေသနစင်တာတွင် ကျင်းပခဲ့ရာ ယခုနှစ်အတွက် ဆုကြေး ဒေါ်လာ ၂၅ သန်းအထိ ချီးမြှင့်ခဲ့ကြောင်း New York Times သတင်းတွင် ဖော်ပြထားသည်။

ယင်းဆုများကို Breakthrough ဖောင်ဒေးရှင်းက ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ရူပဗေဒပညာရှင်၊ သိပ္ပံပညာရှင်နှင့် သင်္ချာပညာရှင် ထောင်ချီပြီး ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ယခုနှစ်အတွက်ဆုရရှိသူများထဲတွင် ဇီဝဗေဒပညာရပ်ဆိုင်ရာ မော်လီကျူးပညာရှင် ငါးဦးကို တစ်ဦးလျှင် ဒေါ်လာ ၃ သန်းစီ၊ သင်္ချာပညာရှင်တစ်ဦးကို ဒေါ်လာ ၃ သန်းပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်ဆုများကို သိပ္ပံပညာရှင် ၁၀၁၅ ဦးအား ခွဲဝေ ပေးအပ်ခဲ့ကြောင်း New York Times တွင် ရေးသားထားသည်။ ■

## တစ်ရက်လျှင် စီးကရက် တစ်လိပ်သောက်သူများ သေဆုံးမှုနှုန်းမြင့်မား

စီးကရက်ကိုဘူးလိုက်မသောက်ဘဲ တစ်ရက်လျှင် တစ်လိပ်သာ သောက်သုံးသော်လည်း သေဆုံးသည့်နှုန်းမှာ ဆေးလိပ်မသောက်သူများထက် ပိုပြီး များပြားလျက်ရှိကြောင်း Fox News တွင်ဖော်ပြထားသည်။

စီးကရက်သောက်ခြင်းကြောင့် အသက်ရှည်ရန် မည်သည့်နည်းလမ်းမျှ မရှိကြောင်း၊ စီးကရက်ကို တစ်လိပ်သောက်လည်း မသောက်သူများထက် အသေစောနေကြကြောင်း မေရီလင်းပြည်နယ်။ အမျိုးသား ကင်ဆာသိပ္ပံမှ သုတေသီ မာကီ အီနူးချိုင်ကပြောကြားသည်။

အသက် ၅၉ နှစ်မှ ၈၂ နှစ်အတွင်း စီးကရက်သောက်သုံးသူ သုံးသိန်းကို လေ့လာဆန်းစစ်ရာ ၆၄ ရာခိုင်နှုန်းသည် တစ်နေ့တစ်လိပ်သာသောက်သော်လည်း သက်တမ်းမစေ့မီ သေဆုံးနေကြရကြောင်း ယင်းသတင်းက ဆိုသည်။ ■

## Facebook ကို အသုံးပြုပြီး ပစ္စည်းအတုများ ကြော်ငြာနေမှုကို ထိုင်းနိုင်ငံတွင်အရေးယူ

ထိုင်းနိုင်ငံ ဉာဏပစ္စည်းမူပိုင်ခွင့်ဌာနသည် Facebook ကုမ္ပဏီသို့ ပစ္စည်းအတုများကို ဆိုရှယ်ကွန်ရက်အား အသုံးပြုပြီး ကြော်ငြာထည့်သွင်းနေမှုအား ပိတ်သိမ်းပေးပါရန် အကြောင်းကြားခဲ့ပြီး ကျူးလွန်နေသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း Bangkok Post သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတာဝန်ရှိသူများက စင်ကာပူနိုင်ငံ Facebook ဒေသဆိုင်ရာ တာဝန်ခံထံ ပစ္စည်းအတုများကို ဗီဒီယို ရိုက်ကူးကြော်ငြာနေသည့် ပစ္စည်းများကို တင်ပြပြီး ပိတ်သိမ်းခိုင်းခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားပြီး ပစ္စည်းအတုများကို Facebook ပေါ်ကတစ်ဆင့် ကြော်ငြာများ ထည့်သွင်းလုပ်ဆောင်နေသူ သုံးဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းပြီးဖြစ်ကြောင်း Bangkok Post တွင် ရေးသားထားသည်။ ■E01

# နတ်မြစ်အတွင်း ဘင်္ဂါလီ ၃၀ ကျော်သေဆုံးမှုမဟုတ်ဟု နယ်ခြားစောင့်ရဲတပ်ဖွဲ့ပြောကြား

**မောင်တော၊ ဒီဇင်ဘာ ၆**

မောင်တောနယ်စပ်နတ်မြစ်အတွင်း လှေနစ်မြုပ်မှုကြောင့် ဘင်္ဂါလီ ၃၀ကျော် ပျောက်ဆုံးနေသည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း မောင်တောဒေသတွင် လုံခြုံရေး တာဝန်ထမ်းဆောင်နေသည့် ဒုတိယရဲမှူးကြီးတစ်ဦးက အတည်ပြုပြောကြားသည်။

"နယ်စပ်တစ်လျှောက်မှာ လုံခြုံရေးအင်အားအပြည့်နဲ့ နှစ်နိုင်ငံ ပူးပေါင်းပြီး ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်နေကြတာ၊ မည်သည့်စက်လှေတစ်စီးမှလည်း နစ်မြုပ်မှုမရှိပါဘူး၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ပြောဆိုတာဘာမှမရှိပါဘူး" ဟု ၎င်းက ပြောဆိုသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ထွက်ပြေးသည့် ရိုဟင်ဂျာများကို သယ်ဆောင်လာသော လှေငယ်တစ်စင်း နှစ်နိုင်ငံ နယ်ခြားမြစ်အတွင်း နစ်မြုပ်ခဲ့ကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေကြောင်း ဘင်္ဂလားဒေ့ရှ် တံငါသည်တစ်ဦး၏အဆိုအရ ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးကို ကယ်တင်ရမိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။

ယင်းသတင်းနှင့်ပတ်သက်၍ The Voice က ဆက်သွယ်မေးမြန်းရာတွင် အဆိုပါ ဒုတိယရဲမှူးကြီးက ယခုကဲ့သို့ ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

နတ်မြစ်အတွင်း အဆိုပါလှေနစ်မြုပ်မှုကို မကြားမိကြောင်းနှင့် ပြဿနာများကို ဖန်တီးလိုသူများက ပြောဆိုခြင်းဖြစ်နိုင်ကြောင်း မောင်တောမြို့အမှတ် ၃ ရပ်ကွက်မှ ဦးအဒူဘူလောင်က ရှင်းပြသည်။

မောင်တောမြို့နယ်အနီး နတ်မြစ်အတွင်း လှေနစ်မြုတ်ကြောင်းသတင်းကို မကြားမိကြောင်းနှင့် သတင်းဌာနများတွင်လည်း ဖော်ပြခြင်းမတွေ့ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနစ်မြို့ မြစ်နားရွာမှ ဒေသခံ ကိုဝင်းသိန်းကပြောဆိုသည်။

မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက်နေ့မှစတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် လုံခြုံရေး အပြည့်အဝချထားပြီး အကြမ်းဖက်သမားများ ဖြတ်ကျော်ဝင်ရောက်မှု မရှိစေရေးအတွက် နှစ်နိုင်ငံ ပူပေါင်းဆောင်ရွက်လျက်ရှိကြောင်း အစိုးရအဖွဲ့ထံမှ သိရသည်။ ■

R 04



ဓာတ်ပုံ-ရန်နိုင်

ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များသွေးလှူဒါန်းနေစဉ်

# ကျိုင်းတုံတွင် သွေးလှူရှင်များကို စုပေါင်းဂုဏ်ပြုမည်

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပထမဆုံးအကြိမ် သွေးလှူဒါန်းသူများနှင့် သွေးအလှူရှင်များကို ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်မည့်သွေးလှူရှင်များနေ့၌ စေတနာသွေးလှူရှင်အသင်းနှင့် ဆေးရုံကြီးတို့စုပေါင်းကာ ဂုဏ်ပြုမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အဆိုပါ ဆေးရုံကြီး၌ လတ်တလောတွင် သွေးလိုအပ်ချက်မြင့်မားလာပြီး သွေးအလှူရှင်သစ်များလည်း လာရောက်လှူဒါန်းသဖြင့် သွေးအလှူရှင်များကို ကျေးမွေးဧည့်ခံခြင်း အပါအဝင် ဂုဏ်ပြုဆုတံဆိပ်များကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ဆေးကုသသူများပြားလာသဖြင့် လိုအပ်နေသော သွေးများကို ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ပြည်နယ် မီးသတ်ဦးစီးမှူးတို့ထံ အကူအညီ တောင်းခံသောကြောင့် တပ်ဖွဲ့ဝင်များက လာရောက် လှူဒါန်းကြောင်း၊ ယင်းအပြင် တပ်မတော်သားများကပါ သွေးလှူဒါန်းမှုများရှိသောကြောင့် သွေးလှူရှင်များကို ဂုဏ်ပြုရခြင်းဖြစ်ကြောင်း စေတနာသွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းဌေးက ပြောကြားသည်။

တောင်ပေါ်ဒေသနေ တိုင်းရင်းသားအများစုတက်ရောက်နေသည့် ကျိုင်းတုံ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ယခင်က လစဉ် သွေးလုံးရေ ၁၀၀ ခန့်မှ လက်ရှိတွင် ၂၀၀ခန့်အထိ မြင့်တက်လာကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းကပြောကြားသည်။ ■

# လားရှိုးတွင် ထိုင်ဝမ်ဗုဒ္ဓသာသနာပြုအဖွဲ့ ရဟန်းခံနှင့် ဆွမ်းဆန်စိမ်းလှူပွဲ ကျင်းပ

**လားရှိုး၊ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆု(ရှမ်း)ကျောင်းတွင် ဒီဇင်ဘာလ ၅ ရက်နေ့က ထိုင်ဝမ်နိုင်ငံ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က ရဟန်းအဖြစ်ခံယူပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပြုလုပ်ခဲ့ကြောင်း ယင်းပွဲအတွင်းမှ သိရသည်။

ထိုင်ဝမ်နိုင်ငံ လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုအဖွဲ့မှ သံဃာတော် ၃၉ပါး ရဟန်းခံပွဲကျင်းပခြင်းဖြစ်ပြီး ရဟန်းအဖြစ်ခံယူသူများတွင် စင်ကာပူနိုင်ငံသား သုံးဦး၊ ဟောင်ကောင်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦးမြန်မာနိုင်ငံသား နှစ်ဦး အပါအဝင် ထိုင်းနိုင်ငံသား၃၅ ဦးစုစုပေါင်း ၄၂ ဦးက ရဟန်းအဖြစ်ခံယူခဲ့ကြောင်း လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ (ရှမ်းကျောင်း) ဆရာတော် ဘဒ္ဒန္တပုညာနန္ဒက မိန့်ကြားသည်။

ထို့ပြင် လားရှိုးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၂ ကျောင်းမှ ပင့်သံဃာအပါး ၁၂၀၀ နှင့် သီလရှင်စာသင်တိုက်ခြောက်ခုမှ သီလရှင်အပါး ၂၀၀ စုစုပေါင်း အပါး ၁၄၀၀ ကို လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင် ၁၅၀ ခန့်က ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း ဆရာတော်က မိန့်ဆိုသည်။

လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုဆရာတော်နှင့် သာသနာပြုအဖွဲ့ဝင်များသည် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့တွင် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိသံဃာတော်အပါး ၁၆၀၀ကိုနိုဝင်ဘာလအတွင်းက လောက်ကိုင်မြို့သို့ပင့်ဆောင်ပြီး မေတ္တာသုတ်များနှင့် ပရိတ်များရွတ်ဖတ်ခြင်းတို့ပြုလုပ်ခဲ့သည်။ ■

R-07

# ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးခြင်းမရှိ၍ တိုင်ကြားထားမှု ရဲတပ်ဖွဲ့လာစစ်

**သပိတ်ကျင်း၊ ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု၊ ရေထွက်ကျေးရွာမှ ရွှေလုပ်ကွက်တစ်ခုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခတွင် ကျူးလွန်သူများကို ဖမ်းဆီးခြင်းမရှိမှုနှင့် ပတ်သက်၍ တိုင်ကြားထားသူများကို ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး၏ညွှန်ကြားချက်ဖြင့် ဒီဇင်ဘာလ ၅ ရက်နေ့က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းတွင် လာရောက်စစ်ဆေးနေကြောင်း သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဋိပက္ခဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်ခံထားရပြီး လွတ်မြောက်နေသူများကို ဖမ်းဆီးပေးရန် ချောင်းကြီးကျေးရွာ ရဲကင်းကို နိုဝင်ဘာလ ၂၆ ရက်နေ့က သွားရောက်တိုင်တန်းခဲ့သော်လည်း မြို့နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဖမ်းဆီးမှုမရှိဟုဆိုကာ သက်ဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲများ သို့ တင်ပြတိုင်ကြားထားသည့်အတွက် လာရောက်စစ်ဆေးရခြင်းဖြစ်ကြောင်း လာရောက်စစ်ဆေးသည့် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်က ပြောဆိုသည်။

"ခရိုင်ရဲတပ်ဖွဲ့မှူးရဲ့ ညွှန်ကြားချက်နဲ့ လာရောက်စစ်ဆေးပေးနေတာပါ။ အခုလက်ရှိရေထွက်ကျေးရွာကရွာသူရွာသား ၂၃ ဦးကိုခေါ်ပြီး တိုင်ကြားစာ မှန်ကန်မှုရှိမရှိစစ်ဆေးပေးနေတယ်" ဟု ၎င်းကဆိုသည်။

ယင်းစစ်ဆေး ထွက်ဆိုချက်များကို ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးထံသို့ တင်ပြမည်ဖြစ်ပြီး ယင်းအမှုကို ခရိုင်ရဲတပ်ဖွဲ့မှူးက တစ်ဆင့်ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စခန်းမှူးတို့ ဦးဆောင်သည့် အဖွဲ့မှာ မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီ၏ ရွှေသတ္တုလုပ်ကွက် (မြန်မာစည်သူကုမ္ပဏီ လုပ်ကိုင်လျက်ရှိသည့် TPK-201 သို့ ကွင်းဆင်းစစ်ဆေးစဉ် ရွာသားသုံးဦးမှာ ကုမ္ပဏီ ဧရိယာအတွင်းသို့ကျူးကျော်၍ လက်နက်မျိုးစုံ ကိုင်ဆောင်ကာ ကွင်းဆင်းအဖွဲ့ကို ပစ်ခတ်ခြင်းနှင့် ကုမ္ပဏီပစ္စည်းများဖျက်ဆီးခြင်းတို့ကြောင့် ကျပ်သိန်းတစ်ထောင်ကျော် ပျက်စီးဆုံးရှုံးပြီး တပ်ဖွဲ့ဝင် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တိုင်တန်းစာတွင် ထည့်သွင်းဖော်ပြထားသည်။

"လာစစ်ဆေးတဲ့ ရဲမှူးကိုလည်း အမှုဖွင့်ခံထားရသူတွေနဲ့ ပတ်သက်ပြီး မှတ်တမ်းဗီဒီယိုဖိုင်တွေ၊ ဖြစ်စဉ်အမှန်တွေ ထွက်ဆိုခဲ့ပြီးပါပြီ" ဟု တိုင်တန်းသူ ဦးလှိုင်ဝင်းထွန်းက ပြောဆိုသည်။

ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်၍ကျေးရွာအမှုဖွင့်ခံထားရသူများသည် သပိတ်ကျင်းမြို့မရဲစခန်းတွင် မြန်မာ့စီးပွားရေးဦးပိုင်မှ အမှုဖွင့် တိုင်တန်းချက်များ၊ မြို့မစခန်းမှူးမှ အမှုဖွင့်ထားမှုများရှိသော်လည်း တစ်နှစ်ကျော်ကြာမြင့်သည်အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း ရေထွက်ကျေးရွာ ဒေသခံ ဦးကံဌေးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍တိုင်တန်းမှုများကို လာရောက်စစ်ဆေးလျက်ရှိပြီး ပဋိပက္ခဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်ခံထားရသူများကို မြို့မ ရဲစခန်းတွင် (ပ) ၁၀၇/၂၀၁၅ပြစ်မှုပုဒ်မပေါက်ကွဲ ၃၊(ပ) ၁၀၈/၂၀၁၅ ပြစ်မှုပုဒ်မ ၃၃၄/၁၁၄ (ပ) ၁၀၉/၂၀၁၅ ပြစ်မှုပုဒ်မ၄၃၆/၄၂၇/၁၁၄ ဖြင့်အမှုဖွင့်ထားကြောင်း သပိတ်ကျင်းမြို့မရဲစခန်းထံမှ သိရသည်။ ■

R-05




သမ္မတအိုဘားမားသည် ပြီးခဲ့သည့်မေလက ရှင်ဇိုအာဘေးနှင့်အတူ ဟီရိုရှီးမားသို့ သွားရောက်လည်ပတ်ခဲ့သည်

# ပုလဲဆိပ်ကမ်းသို့ လာရောက်သော ပထမဆုံး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဖြစ်လာမည်

**တိုကျို၊ ဒီဇင်ဘာ ၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပုလဲဆိပ်ကမ်းသို့ သွားရောက်ရန် စီစဉ်ထားရာ ဟာဝိုင်ယီရှိ အမေရိကန်ရေတပ်စခန်းသို့ ပထမဆုံးလာရောက်သောဂျပန်ခေါင်းဆောင် ဖြစ်လာမည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

၁၉၄၁ တွင် ပုလဲဆိပ်ကမ်းကို ဂျပန်လေယာဉ်များက ရုတ်တရက်အငိုက်ဖမ်း တိုက်ခိုက်ခဲ့မှုကြောင့် အမေရိကန်ရေတပ်သား ၂၃၀၀ ခန့်ကျဆုံးခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်းသို့ အမေရိကန်ပါဝင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရှင်ဇိုအာဘေးသည် ဒီဇင်ဘာလ ၂၇ ရက်တွင် သမ္မတအိုဘားမားနှင့်အတူ သွားရောက်မည်ဖြစ်သည်။ ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရမှု ၇၅ နှစ်ပြည့်မတိုင်မီ နှစ်ရက်အလိုတွင် ထုတ်ပြန်သော ကြေညာချက်သည် ဟီရိုရှီးမားသို့ သမ္မတအိုဘားမား သွားရောက်ခြင်းကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတအိုဘားမားသည်လည်း ၁၉၄၅ ခုနှစ်က အမေရိကန် အဏုမြူဗုံးဒဏ်ကြောင့် လူပေါင်း ၁၅၀,၀၀၀ ခန့်သေဆုံးခဲ့ရသော ဟီရိုရှီးမားမြို့သို့ သွားရောက်သော ပထမဆုံး အမေရိကန်ခေါင်းဆောင် ဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးက "စစ်ရဲ့ အနိဋ္ဌာရုံများကို ထပ်မံ မဖြစ်စေရပါဟု ကတိပေးလိုပါသည်။ တစ်ချိန်တည်းတွင် ဂျပန်နှင့် အမေရိကန်အကြား ပြန်လည်သင့်မြတ်မှု သဝဏ်လွှာကို ပေးပို့လိုက်ပါသည်" ဟု ကြေညာချက် ထုတ်ပြန်သည်။

ခေါင်းဆောင်နှစ်ဦးသည် ဟာဝိုင်ရီတွင် နောက်ဆုံးအကြိမ် ထိပ်သီးအစည်းအဝေးမကျင်းပမီ၊ ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရသောနေရာ၌ ကျဆုံးခဲ့သူများကို အလေးပြုကြမည်ဖြစ်သည်။

ယခုခရီးစဉ်သည် ယခင်ပြိုင်ဘက်များကို ရင်းနှီးသောမဟာမိတ်များ ဖြစ်လာအောင် အကျိုးတူစီးပွားများ၊ တူညီသောတန်ဖိုးများဖြင့် ပြောင်းလဲပေးသော ပြန်လည်သင့်မြတ်ရေးပါဝါကို ပြသခြင်းဖြစ်သည်ဟု အိမ်ဖြူတော်က ထုတ်ပြန်သည်။

ဝန်ကြီးချုပ်အာဘေးကလည်း ဟာဝိုင်ယီဆွေးနွေးပွဲသည် တစ်ကမ္ဘာလုံးအား အနာဂတ်၏ အခိုင်မာဆုံး မဟာမိတ်ဖြစ်ကြောင်း ပြသရန် အခွင့်အရေးဖြစ်သည်ဟု ပြောကြားသည်။

ဗုဒ္ဓဟူးနေ့တွင် ကျရောက်မည့် ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရမှု ၇၅ နှစ်ပြည့် အခမ်းအနားကို ဆိပ်ကမ်းကို စီးမြင်ရသည့် ဆိပ်ခံတံတားပေါ်တွင် ကျင်းပမည်ဖြစ်ပြီး တိုက်ခိုက်မှုစတင်သည့် ၇း၅၅ အချိန်တွင် ခေတ္တငြိမ်သက်၍ အလေးပြုကြမည်ဖြစ်သည်။

■F-04

# ဆီးရီးယား အလက်ပိုမြို့ တစ်ပတ်ကြာအပစ်ရပ်စဲရေး ရုရှားနှင့် တရုတ် ဗီတိုသုံးပယ်ချ

**နယူးယောက်၊ ဒီဇင်ဘာ ၅**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့အရှေ့ပိုင်းရပ်ကွက်များသို့ လူသားချင်းစာနာမှု အကူအညီများ ပေးပို့နိုင်ရန် ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို ရုရှားနှင့် တရုတ်နိုင်ငံက ဗီတိုအာဏာသုံးပယ်ချခဲ့ကြောင်း VOA သတင်းက ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ဗင်နီဇွဲလားနိုင်ငံကလည်း ကန့်ကွက်မဲပေးခဲ့ပြီး အင်ဂိုလာနိုင်ငံမှာမူ မဲမပေးဘဲနေခဲ့သည်။

"ဒီလိုရပ်ပေးလိုက်တာတွေကို တိုက်ခိုက်ရေးသမားတွေက အခွင့်ကောင်းယူပြီး ခဲယမ်းမီးကျောက်နဲ့ ဖြည့်တင်းပြီး တပ်စွဲထားတာ ပိုခိုင်မာအောင် လုပ်ခဲ့ကြပြီးပါပြီ။ ဒီလိုလုပ်တာဟာ အရပ်သားတွေရဲ့ ဘေးဒုက္ခကို ပိုဆိုးစေပါလိမ့်မယ်" ဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗစ်တာလီချာကင်က ဗီတိုသုံးရခြင်း အကြောင်း ရှင်းလင်းခဲ့သည်။

ရုရှားသည် ယင်းဆုံးဖြတ်ချက်မူကြမ်း မဲခွဲဆုံးဖြတ်မည့် အစီအစဉ်ကိုပါ ဟန့်တားရန် ကြိုးပမ်းခဲ့သေးသော်လည်း မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် မဲခွဲချိန်တွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

ယခုဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းသည့် အီဂျစ်၊ နယူးဇီလန်နှင့် စပိန်တို့သည် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့၏ဖိအားကြောင့် အလျင်အမြန်မဲခွဲနိုင်ရေး ကြိုးပမ်းခဲ့သည်ဟုလည်း ချာကင်က ဝေဖန်ခဲ့သည်။

အလျင်စလိုလုပ်သည်ဟု ရုရှားက ဝေဖန်ခဲ့သော်လည်း ဆုံးဖြတ်ချက် မူကြမ်းပါအချက်အလက်များကို ကောင်စီဝင်နိုင်ငံများ ဆွေးနွေးနေသည်မှာ တစ်လထက်မနည်း ရှိနေပြီဖြစ်သည်။

မူလက လူသားချင်းစာနာမှု အကူအညီများ ပေးပို့နိုင်ရန် ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရန်ဟု မူကြမ်းတွင် ထည့်ရေးခဲ့သော်လည်း ရုရှားထောက်ခံမှု ရလေမလားဟူသော မျှော်လင့်ချက်ဖြင့် ခုနစ်ရက်အဖြစ် ပြင်ပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဘုံလက်ခံထားတဲ့ ဒီပဋိပက္ခအတွက် စစ်ရေးအဖြေမရှိဘူးဆိုတဲ့ အယူအဆဟာ အနှစ်မပါအကာသက်သက် ဇာတ်လမ်းတစ်ပုဒ်ပဲဖြစ်တယ်ဆိုတာကို မော်စကိုနဲ့ ဒမ္မစကတ်က ဒီကနေ့ ဗီတိုနဲ့အတူ ကမ္ဘာကြီးကိုသက်သေပြလိုက်တာပါ။ ဒီနိုင်ငံတွေအတွက်က စစ်ရေးအောင်ပွဲက သူတို့လိုချင်တဲ့အရာ၊ သူတို့အသည်းအသန်လုပ်နေတဲ့ အရာဆိုတာ ရှင်းသွားပါပြီ" ဟု နယူးဇီလန်ကိုယ်စားလှယ် ဂျရတ် ဗန်ဘိုဟီးမန်းက ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရသည် ရုရှားအထောက်အပံ့ဖြင့် အလက်ပိုမြို့ရှိ သူပုန်များ ထိန်းချုပ်ထားသောဒေသများကို နိုဝင်ဘာလလယ်ကတည်းက အပြင်းအထန် ထိုးစစ်ဆင်နေခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် သူပုန်များ ထိန်းချုပ်ထားသည့်ဒေသ ထက်ဝက်ကျော်ကို ပြန်သိမ်းနိုင်ခဲ့ပြီးလည်းဖြစ်သည်။ မြို့အရှေ့ပိုင်းတွင် အရပ်သား ၂ သိန်းခွဲခန့် ပိတ်မိနေသည်ဟု ယူဆရသည်။

"အပစ်မဲ့ ဆီးရီးယားပြည်သူတွေရဲ့ အသက်ပေါင်းများစွာကို ဗီတိုအာဏာနဲ့ သူတို့ ပယ်ချခဲ့တာပါ။ ဒီလုပ်ရပ်ဟာ အပစ်မဲ့ အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ်တွေကို သေဒဏ်ချလိုက်သလိုပါပဲ" ဟု ရုရှားနှင့် တရုတ်၏ ဗီတိုသုံးမှုကို အမေရိကန်၏ ကုလသမဂ္ဂဆိုင်ရာ ဒုတိယသံအမတ် မီရှဲလ်ဆစ်ဆင်က ဝေဖန်ခဲ့သည်။ နိုင်ငံ ၁၅ နိုင်ငံသာ ပါဝင်သည့် ကုလလုံခြုံရေးကောင်စီတွင် စစ်ပွဲကို မဟန့်တားနိုင်ခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်သည့် အထွေထွေညီလာခံတွင် တင်ပြဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံအများအပြားက တောင်းဆိုထားသည်။ ■F-03

**<ins>စာမျက်နှာ 14 မြန်မာပြည်သူလူထုအပေါ်တွင် ဖြေလျှော့ပေးရန်ကျန်ရှိနေသည့်...မှအဆက်</ins>**

သင့်တင့်မျှတသော ကျောင်းလခဖြင့် ဘွဲ့လွန်ပညာများ ဆက်လက်သင်ယူခွင့်ပြုသည့်နည်းလမ်း။

အားသာချက်။ ။အကောင်းဆုံးအသင့်တော်ဆုံးနည်းလမ်းဖြစ်ပါသည်။

အားနည်းချက်။ ။ နိုင်ငံတော်၏အခွန်ဘဏ္ဍာများ ကုန်ကျနိုင်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်တောင့်မှ ပို၍လုပ်ကိုင်နိုင်ပါမည်။

ခ။ အခြားတက္ကသိုလ်များကဲ့သို့ နောက်ဆုံးနှစ်အမှတ်မီပါက (သို့မဟုတ်) ပထမနှစ်မှ နောက်ဆုံးနှစ်အထိ စုစုပေါင်းရမှတ်များ အမှတ်မီပါက ဝန်ထမ်းလုပ်စရာမလိုဘဲ ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲအား ဖြေဆိုခွင့်ပေးခြင်း။

အားသာချက်။ ။ဆရာဝန်လောင်း ကျောင်းသားကျောင်းသူများ ကျောင်းစာများကို အပြင်းအထန် ပိုမိုကြိုးစားလာကြပါမည်။

အားနည်းချက်။ ။လက်ရှိကျောင်းသားမဟုတ်တော့သည့် ပြင်ပဆရာဝန်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနိုင်ပါသည်။

ဂ။ အပြည့်အဝ မဟုတ်သည့် ထက်ဝက်ခန့် ဖြေလျှော့ပေးခြင်း။

ပြင်ပဆရာဝန်များကို ဘွဲ့လွန်သင်တန်းသားဦးရေ အလွန်နည်းပါးစွာ ခေါ်ယူခြင်း၊ ဘွဲ့လွန်သင်တန်းကြေးများကို သိန်းချီ၍ အဆမတန်ကောက်ခံခြင်းဖြင့် အစိုးရဝန်ထမ်းဆရာဝန်များကိုလည်း ၎င်းတို့သည် အခွင့်အရေး ပိုမိုရရှိသည်ဟု ထင်လာစေရန် ဖြားယောင်းထားခြင်း။

အားသာချက်။ ။အထက်ပါနည်းလမ်းသည် အညံ့ဆုံးနှင့်မသင့်တော်ဆုံးဖြစ်သော်လည်း လက်ရှိအချိန်လို လုံးဝပိတ်ပင်ထားသည်နှင့် နှိုင်းစာလျှင် အခွင့်အရေးရှိနိုင်ပါသည်။ ပညာသင်ဆုပုံစံမျိုး ဖန်တီးပေးခြင်းဖြင့်လည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါသည်။

အားနည်းချက်။ ။ပြည်တွင်းဖြစ်ဆန်ရှင်ဆိုသည်မှာ တစ်ဝက်ကျန်နေလျှင်ပင် ထိုတစ်ဝက်သည် များနေပါသေးသည်။

နည်းလမ်း (ခ) နှင့် (ဂ) ကို ပေါင်းစပ်လုပ်ကိုင်ပေးခြင်းကဲ့သို့ အခြားနည်းလမ်းများလည်း ရှိနိုင်ပါသည်။

ကျွန်တော်သည် မြန်မာနိုင်ငံ၌ ပညာရေးနှင့်ပတ်သက်လာလျှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အယုံကြည်ဆုံးနှင့် အားအကိုးဆုံးဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်သည် B.D.S (Mdy) ဘွဲ့ရ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိခေတ်စနစ်တို့နှင့် မကိုက်ညီတော့သည့် ပြည်တွင်းဖြစ်ဆန်ရှင်အား ရုပ်သိမ်းပေးပါရန်အတွက် သွားဘက်ဆိုင်ရာဆရာဝန်များ၏လက်မှတ်များ စုဆောင်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြမေတ္တာရပ်ခံနိုင်ရန် လက်မှတ်ရေးထိုးလှုပ်ရှားမှုကို တာဝန်ခံ၍ကြိုးစားပေးနေပါသည်။ ပြင်ပရှိ M.B.,B.S ဆရာဝန်များအနေနှင့်လည်း မိမိတို့၏ မူလရပိုင်ခွင့်ဖြစ်သလို ပြည်သူလူထုအတွက်လည်း အမှန်တကယ်အကျိုးရှိမည့်ကိစ္စဖြစ်ပါသဖြင့် လက်မှတ်ရေးထိုးတောင်းဆိုသည့် လှုပ်ရှားမှုများပြုလုပ်သင့်ပါသည်ဟု အကြံပြုလိုပါသည်။

လက်မှတ်ရေးထိုး မေတ္တာရပ်ခံတောင်းဆိုမှုဆိုသည်မှာ မည်သူ့ကိုမှ မထိခိုက်သည့် သိမ်မွေ့ညင်သာသည့် လှုပ်ရှားမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွားဘက်ဆိုင်ရာဆရာဝန်များအနေနှင့် ဝန်ထမ်းမဟုတ်သည့်ပြင်ပဆရာဝန်များအား ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်အတွက် လက်မှတ်ရေးထိုးတောင်းဆိုလို၍ဖြစ်စေ၊ မိမိတို့မြို့များတွင် လက်မှတ်များကူညီကောက်ခံပေးလိုလျှင်ဖြစ်စေ Dr. မင်းသန့်အောင် (မိတ္ထီလာ)၊ ဖုန်း ၀၉ ၂၅၆ ၂၅၁၀၃၂ သို့ ဆက်သွယ်နိုင်ပါသည်။

**ဒေါက်တာမင်းသန့်အောင်**
**(သွားဆရာဝန်၊ မိတ္ထီလာ)**

# Twitter တွင် ထရမ့်က တရုတ်အစိုးရကို ပြစ်တင်ဝေဖန်

**ဝါရှင်တန်၊ ဒီဇင်ဘာ ၆**

အမေရိကန်သမ္မတဖြစ်လာမည့် ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံ၏ ငွေကြေးမူဝါဒနှင့်တောင်တရုတ်ပင်လယ်ပြင်လှုပ်ရှားမှုများကို Twitter တွင် ဆက်တိုက် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

"တကယ်လို့ တရုတ်က သူတို့ရဲ့ ငွေတန်ဖိုးကို ချထားမယ်၊ စစ်အင်အားတိုးချဲ့မယ်၊ အဆင်ပြေရဲ့လားလို့ ကျုပ်တို့ကို မေးလာခဲ့ရင် ကျုပ်ကတော့ အဆင်ပြေတယ်လို့မထင်ပါဘူး"ဟု ထရမ့်က ရေးသားထားသည်။

ထရမ့်သည် ယခင်အပတ်က ထိုင်ဝမ်သမ္မတနှင့်တိုက်ရိုက်ဖုန်းပြောခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ကန့်ကွက်မှု ထွက်ပေါ်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးချမှုသည် တရုတ်ပို့ကုန်သမားများအတွက် အသာစီးရစေသည်ဟု အမေရိကန်က ယခင်ကပင် ပြစ်တင်ဝေဖန်ခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်ရှိကျွန်းများ၊ သောင်ခုံများကို ဘေဂျင်းက အပိုင်စီးရန် တောင်းဆိုနေမှုကိုလည်း ဝါရှင်တန်က ကန့်ကွက်ထားပြီး အမရိကန်ရေတပ်သင်္ဘောများကို ၎င်းပင်လယ်ပြင်သို့ စေလွှတ်ထားသည်။

ထို့ပြင် သံမဏိနှင့် တာယာကဲ့သို့သော တရုတ်ကုန်စည်အချို့ကို အမေရိကန်က အခွန်ကောက်ခံမှု စတင်ပြုလုပ်နေသည်။

မစ္စတာထရမ့်က တရုတ်ကုန်စည်များကိုအခွန် ၄၅ ရာခိုင်နှုန်းကောက်ခံမည်ဟု ခြိမ်းခြောက်ပြောဆိုထားသည်။

မစ္စတာထရမ့်နှင့် ထိုင်ဝမ်သမ္မတဆိုင်လျင်ဝန်တို့၏ ဖုန်းပြောဆိုမှုအပေါ် တရုတ်နိုင်ငံက ကန့်ကွက်လွှာ ထုတ်ပြန်ခဲ့သည်။

အိမ်ဖြူတော်ကလည်း တရုတ်နိုင်ငံနှင့်ပတ်သက်သည့် အမေရိကန်၏ မူဝါဒ ပြောင်းလဲခြင်းမရှိဟု ရှင်းလင်းပြောဆိုခဲ့သည်။



ထရမ့်သည် ပြီးခဲ့သည့်သီတင်းပတ်က ထိုင်ဝမ်သမ္မတနှင့်တိုက်ရိုက်စကားပြောဆိုခဲ့သည်

ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံသူ မိုက်ပင့်စ်ကလည်း ထရမ့်၏ဖုန်းပြောဆိုမှုကို လျှော့လျှော့ပေါ့ပေါ့ မှတ်ချက်ပေးသည်။

တနင်္ဂနွေနေ့က NBC သတင်းဌာနနှင့် အင်တာဗျူးတွင် မိုက်ပန့်စ်က "လက်ဖက်ရည်ကရားထဲက ဆူပွက်မှုလေးပါ။ ယဉ်ယဉ်ကျေးကျေး လောကဝတ်ပြုတဲ့ အခိုက်အတန့်တစ်ခုဖြစ်တယ်လို့ တရုတ်တာဝန်ရှိသူတွေကို ပြောချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဘေဂျင်းကမူ ထိုင်ဝမ်ကိစ္စကို ဂရုတစိုက် ချင့်ချင့်ချိန်ချိန် ကိုင်တွယ်ရန် ဝါရှင်တန်ကို တိုက်တွန်းထားသည်။

ဘေဂျင်းသည် ထိုင်ဝမ်ကို ၎င်း၏ လက်အောက်ခံ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး တရားဝင်လွတ်လပ်ရေးကြေညာပါက အင်အားအသုံးပြု၍ တားဆီးမည်ဟု ခြိမ်းခြောက်ထားကာ ထိုင်ဝမ်ကျွန်းကို ဒုံးကျည်ရာပေါင်းများစွာဖြင့် ချိန်ရွယ်ထားသည်။ ■F-04



မိသားစုနှင့်သားသမီးများကို အချိန်ပိုပေးလိုသည်ဟု ဝန်ကြီးချုပ်က ဆိုသည်

# နယူးဇီလန်ဝန်ကြီးချုပ် အံ့အားသင့်ဖွယ် နုတ်ထွက်

**ဝယ်လင်တန်၊ ဒီဇင်ဘာ ၆**

နယူးဇီလန်နိုင်ငံရဲ့ဝန်ကြီးချုပ်အဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဂျွန်ကီးဟာ အံ့အားသင့်ဖွယ် ရုတ်တရက် နုတ်ထွက်သွားခဲ့ပြီး မိသားစုကိစ္စများကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ဘဝမှာ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များထဲကမှ အခက်ခဲဆုံးဖြစ်ပါတယ်။ ဘာဆက်လုပ်ရမယ်ဆိုတာကို မသိသေးပါဘူး"ဟု စိတ်မကောင်း ဖြစ်နေသည့်လေသံဖြင့် ဂျွန်ကီးက နုတ်ထွက်မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုခဲ့သည်။

ထိုဆုံးဖြတ်ချက်မှာ ပုဂ္ဂိုလ်ရေးဆုံးဖြတ်ချက်ဖြစ်ပြီး၊ ဇနီးသည်က နုတ်ထွက်ခိုင်းသောကြောင့်လားဟု မီဒီယာများက မေးမြန်းမှုကို ငြင်းဆန်ခဲ့သည်။

၂၀၁၇ ရွေးကောက်ပွဲတွင်လည်း ဝန်ကြီးချုပ်ရာထူးသက်တမ်း လေးကြိမ်မြောက်ကို ဝင်ရောက်ရွေးကောက်ခံတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နောက်ထပ်ဝန်ကြီးချုပ်အသစ်အဖြစ် ပါတီခေါင်းဆောင်သစ်ကို မတင်မြှောက်နိုင်ခင်တွင် ဒုတိယဝန်ကြီးချုပ် ဘီလ်အင်းဂလစ်ရှ်က ဝန်ကြီးချုပ်တာဝန်ကို ယူသွားမည်ဖြစ်သည်။

သီတင်းပတ်စဉ်တိုင်းပြုလုပ်လေ့ရှိသည့် သတင်းစာရှင်းလင်းပွဲတို့တွင် မစ္စတာကီးက အဆိုပါ ရုတ်တရက် ထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

တရားဝင်နုတ်ထွက်လွှာကို ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်တင်ပြမည်ဟု ၎င်းက ဆိုသည်။

သူ့အလုပ်ကြောင့် အချစ်ရဆုံးပုဂ္ဂိုလ်များမှာ များစွာအနစ်နာခံရပြီး သားသမီးများ၏ဘဝများလည်း အလွန်အနှောင့်အယှက်ဖြစ်ခဲ့ရသည့်အတွက် ထိုသို့ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

"ကျွန်တော့်ဇနီးနဲ့လည်း တိုင်ပင်ပြီးပါပြီ။ သူကတော့ ကျွန်တော် အိမ်ကမခွာတာကို ပိုကြိုက်တာပေါ့ဗျာ။ ဒါပေမဲ့ သူက ထွက်ခိုင်းလို့ထွက်တာတော့ မဟုတ်ပါဘူး" ဟု ဂျွန်ကီး က ပြောကြားခဲ့သည်။

National Party ၏ ခေါင်းဆောင်ဖြစ်သော ဂျွန်ကီးသည် ၂၀၁၄ ခုနှစ်တွင် ဝန်ကြီးချုပ်သက်တမ်း သုံးကြိမ်မြောက် ရွေးချယ်ခံရခြင်းဖြစ်သည်။

အတိုက်အခံခေါင်းဆောင် အင်ဒရူးလစ်တဲလ်က ဝန်ကြီးချုပ်အနေနှင့် နယူးဇီလန်ကို ကောင်းစွာ ဦးဆောင်ခဲ့ကြောင်း၊ မိသားစုဘဝ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးခဲ့သည်။ ■F-02

# အိန္ဒိယတွင် ဩဇာကြီးသော နိုင်ငံရေးသမား ဂျာယာလာလီသာ ကွယ်လွန်မှုကြောင့် လူအများ ဝမ်းနည်းကြေကွဲ

**ဒေလီ၊ ဒီဇင်ဘာ ၆**

အိန္ဒိယတွင် ဩဇာကြီးသော နိုင်ငံရေးသမား အမျိုးသမီးကြီး ဂျာယာလာလီသာ ကွယ်လွန်မှုကြောင့် ဝမ်းနည်းကြေကွဲသူများက လာရောက်ဂါရဝပြုနေကြသည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

တမီးလ်နာဒူးပြည်နယ် ဝန်ကြီးချုပ် ဂျာယာလာ အသက် ၆၈ နှစ်သည် တနင်္ဂနွေနေ့ညက နှလုံးရောဂါဝေဒနာ ခံစားခဲ့ရပြီးနောက် တနင်္လာနေ့ ၂၃း၃၀ အချိန်တွင် ကွယ်လွန်သွားသည်ဟု ချင်းနိုင်းမှ အပိုလိုဆေးရုံက သတင်းထုတ်ပြန်သည်။

သူမ၏ရုပ်အလောင်းကို နိုင်ငံတော်အလံဖြင့်ပတ်ကာ မြို့တော်ခန်းမတွင် ပြသထားပြီး လူထုမငြိမ်မသက်ဖြစ်မည်ကို စိုးရိမ်ရသောကြောင့် ရဲတပ်ဖွဲ့အင်အားတိုး၍ အစောင့်ချထားသည်။

သူမအား "အမား" ဟုခေါ်ကာ အစွန်းရောက် ကြည်ညိုလေးစားသော ထောက်ခံသူများက ဝမ်းနည်းကြေကွဲမှုကြောင့် ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ပြုသော အကြမ်းဖက်မှုများဖြစ်လာမည်ကို စိုးရိမ်နေရသည်ဟုဆိုသည်။

အစောပိုင်းက ဆေးရုံရှေ့တွင် သူမ၏ ပရိသတ်နှင့် ရဲများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် သူမအား နောက်ဆုံးဂါရဝပြုလိုသော ထောက်ခံသူများက စနစ်တကျ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

တမီးလ်နာဒူးပြည်နယ်တွင် အောက်မေ့ဖွယ်ကာလကို ၇ ရက်သတ်မှတ်ထားပြီး ပြည်ထောင်စုအစိုးရကလည်း အင်္ဂါနေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကာ သူမအား နိုင်ငံတော်အခမ်းအနားဖြင့် ဂုဏ်ပြုသဂြိုဟ်မည်ဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်ရာထူးကို လေးကြိမ်ထမ်းဆောင်ခဲ့သော ရုပ်ရှင်သရုပ်ဆောင်ဟောင်း ဂျာယာလာ၏ အသုဘကို တက်ရောက်ရန်အတွက် အိန္ဒိယဝန်ကြီးချုပ် မိုဒီလည်း ညနေပိုင်းတွင်ရောက်ရှိလာမည်ဖြစ်သည်။

သူမအား စက်တင်ဘာလ ၂၂ ရက်ကတည်းက ကုသပေးနေသော အပိုလိုဆေးရုံက သူမကွယ်လွန်ကြောင်း အတည်ပြုခဲ့ပြီးနောက်တွင် သူမ၏ AIADMK ပါတီက ထိုသတင်းကို ထုတ်ပြန်ပေးခဲ့ပြီး အလံကို တစ်ဝက်လျှော့ချလွှင့်ထူခဲ့သည်။



ဂျာယာလာသည် တမီလ်နာဒူးပြည်နယ်ကို စီးပွားရေးအဖွံ့ဖြိုးဆုံးဖြစ်အောင် အကောင်အထည်ဖော်ရာတွင် အဓိကကဏ္ဍမှ ပါဝင်ခဲ့သည်ဟု သူမအား ကြည်ညိုလေးစားသူများက ယုံကြည်ကြသည်

အမျိုးသားလွှမ်းမိုးသော တမီလ်နာဒူးပြည်နယ် နိုင်ငံရေးတွင် အမျိုးသမီးများ၏ အခွင့်အရေးကို လှုံ့ဆော်အားပေးခဲ့သူ ဂျယာလာအား Twitter နှင့် Facebook တွင် ဂါရဝပြုရေးသားမှုများ ပြည့်လျှံနေသည်။

သူမကွယ်လွန်ပြီးနောက် ဝန်ကြီးချုပ်နေရာတွင် AIADMK ပါတီမှ အကြီးတန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ အိုပန်နီဆီလ်ဗန်ကို အစားထိုးခန့်အပ်လိုက်သည်ဟု ပါတီက အတည်ပြုပြောဆိုသည်။

ရုပ်ရှင်မင်းသမီးဟောင်း တစ်ဦးဖြစ်သူ ကွန်ဂရက်ပါတီ ပြောရေးဆိုခွင့်ရှိသူ ကုရှ်ဘူးဆန်ဒါက "အင်မတန်နာကျင်ကြေကွဲရပါတယ်။ နိုင်ငံရေးအမြင် မတူကြပေမယ့် လေးစားဖို့ကောင်းသူ ဖြစ်ပါတယ်။ သူ့ကို ဘယ်သူကမှ မဆုံးရှုံးချင်ကြပါဘူး။ အမျိုးသမီးတွေရဲ့ အခွင့်အရေးအတွက် ဦးဆောင်ခဲ့တဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ခေါင်းဆောင်တစ်ယောက်ပါ" ဟု ပြောကြားသည်။

ဂျယာလာသည် နိုင်ငံရေးနယ်ပယ်သို့ မဝင်ခင် ၁၉၈၀ ခုနှစ်များ အစောပိုင်းတွင် ရုပ်ရှင်ကားပေါင်း ၁၀၀ ကျော်ကို ရိုက်ကူးခဲ့သူဖြစ်သည်။ ထို့နောက်တွင် AIADMK ပါတီကို ဦးဆောင်ကာ ဝန်ကြီးချုပ်သက်တမ်းလေးကြိမ်အနက် ပထမအကြိမ်ကို ၁၉၉၁ တွင် စတင်ခဲ့သည်။

သူမသည် အဂတိလိုက်စားမှု စွပ်စွဲချက်များကြောင့် ၂၀၁၄ တွင် ခေတ္တခဏ နှစ်ကြိမ်ထောင်ကျခဲ့သော်လည်း ပါဝင်ပတ်သက်မှုမရှိဟု ၂၀၁၅ တွင် တရားရုံးက ဆုံးဖြတ်သောကြောင့် နိုင်ငံရေးအာဏာ ပြန်ရလာခဲ့သည်။

■F-04

# မုံးကိုးတိုက်ပွဲအတွင်း ပျောက်ဆုံးနေသည့် ရဲတပ်ဖွဲ့ဝင်သုံးဦးပြန်တွေ့ နှစ်ဦးကျဆုံး

**လားရှိုး၊ ဒီဇင်ဘာ ၆**

အရှေ့မြောက်ဒေသ မုံးကိုးမြို့တိုက်ခိုက်ခံရသည့်ကာလအတွင်း မုံးကိုးမြို့ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁၆ ဦး ပျောက်ဆုံးခဲ့ရာမှ သုံးဦးကိုပြန်လည်တွေ့ရပြီး ကျန်တပ်ဖွဲ့ဝင်များကို ဆက်လက်ရှာဖွေနေကြောင်း လားရှိုးမြို့ရှိ ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်မြတ်မိုးက ပြောကြားသည်။

"ဒီဇင်ဘာလ ၅ ရက်နေ့မှာ အသက်ရှင်လျက်ကျန်သူ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ သေဆုံးနေသူတပ်ဖွဲ့ဝင်နှစ်ဦးနဲ့ တစ်ဖက်နိုင်ငံ မန်ဟိုင်း ရဲစခန်းမှာ တစ်ဦး ရောက်နေတယ်လို့သတင်းရပါပြီ။ ကျန်နေတဲ့အရာရှိနှစ်ဦးနဲ့ အခြားအဆင့်ကိုးဦးကို ရှာဖွေနေဆဲပဲ"ဟု ၎င်းကဆိုသည်။

အဆိုပါမြို့ကို လက်နက်ကိုင်များကဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် မုံးကိုးမြို့မှ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁၆ ဦးနှင့် အဆက်အသွယ် ပြတ်တောက်ပြီး ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းသို့ပျောက်ဆုံးသွားသူများမှာ အရာရှိနှစ်ဦးနှင့် အခြားအဆင့် ၁၄ ဦးဖြစ်ကြောင်း မူဆယ်မြို့ရဲတပ်ဖွဲ့ရုံးထံမှ သိရသည်။

ယင်းရဲတပ်ဖွဲ့ဝင် ၁၆ ဦးအနက်မှ နှစ်ဦးမှာ မုံးကိုးတိုက်ပွဲအတွင်း ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ကျန်ရှိနေသေးသည့် ရဲတပ်ဖွဲ့ဝင်ကိုးဦးကို မုံးကိုးမြို့ရှိ စစ်ဗျူဟာနှင့် ဆက်သွယ်စုံစမ်းရှာဖွေလျက်ရှိကြောင်း လတ်တလောတွင် မြောက်ပိုင်းတပ်များကဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည်ဟု တိကျစွာပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ရဲမှူးကြီးအောင်မြတ်မိုးက ဆက်လက်ပြောဆိုသည်။

လက်ရှိမုံးကိုးမြို့ အခြေအနေမှာ တည်ငြိမ်နေပြီး မုံးကိုးနေပြည်သူအများအပြားမှာ အိုးအိမ်စွန့်ခွာ၍ တရုတ်နိုင်ငံအတွင်း ဝင်ရောက်သွားသူ ၃၀၀၀ ခန့်ကို မန်ဟိုင်းမြို့ရှိ စစ်ရှောင်စခန်းများတွင် တရုတ်ဘက်အခြမ်းမှ တာဝန်ယူစောင့်ရှောက်လျက်ရှိသည်။

မုံးကိုးမြို့မှာ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ကချင်ပြည်နယ်နှင့်လည်း နယ်မြေချင်း ဆက်စပ်နေသည့်မြို့ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ ■R-07

# တောင်ငူတွင် စပါးဈေး ပြန်လည်မြင့်တက်

**တောင်ငူ၊ ဒီဇင်ဘာ ၆**



ဓာတ်ပုံ – မောင်မျိုးထက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် ခြောက်မြို့နယ်တွင် ဒီဇင်ဘာလ ပထမပတ်မှစတင်ကာ စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းခွဲကျော်အထိ မြင့်တက်လာကြောင်း ဆန်ကုန်သည်ကြီးများထံမှ သိရသည်။

စပါးဈေးမှာ ပြန်လည်မြင့်တက်သော်လည်း ဆန်ကြမ်းဈေးမှာ တစ်တင်းခွဲဝင် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ လောက်ရှိကြောင်း၊ မူဆယ်ဈေးကွက်သို့ ဆန်တင်ပို့မှုမှာ ယခင်က ဆန်အိတ်ရေ ၃၅,၀၀၀ တင်ပို့ရသော်လည်း ယခုအခါ အိတ် ၁၀၀၀ သာ တင်ပို့ရကြောင်း တောင်ငူမြို့ခံဆန်ကုန်သည် ဦးသိန်းလွင်က ပြောကြားသည်။

ဒေသတွင်းသာမက တစ်နိုင်ငံလုံးရှိ မိုးစပါးပေါ်ချိန် စပါးဈေး ဆက်တိုက်ကျဆင်းခဲ့သော်လည်း နိုင်ငံတော်မှ စပါးကို တင်းတစ်ရာလျှင် လေးသိန်းခန့်ဖြင့် ဝယ်ယူမည်ဟုဆိုသော သတင်းများ ထွက်ပေါ်လာပြီးနောက် စပါးဈေးပြန်လည် မြင့်တက်ခဲ့ကြောင်း၊ ဒီဇင်ဘာလ ပထမပတ်တွင်း ဒေသမျိုးရင်း စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းခွဲမှ ကျပ် လေးသိန်းရှစ်သောင်းအထိ ဈေးရရှိကြောင်း ဆန်ကုန်သည်ကြီးများထံမှ သိရသည်။

"စပါးဈေးပြန်မြင့်လာတာ မိုးစပါးပေါ်ချိန် ဈေးကျဆင်းနေပေမယ့် မတ်ပဲဈေးကောင်းရထားတော့ တောင်သူက စပါးကို လက်ထဲထားနိုင်တာလည်းပါတယ်၊ ခက်တာက စပါးဈေးမြင့်ပေမယ့် ဆန်ဈေးကကျနေသေးတော့ တောင်သူက လက်ထဲမှာပဲစပါးထားဖို့တွေးကြတယ်၊ စပါးက ဈေးကွက်ထဲမှာ မရှိတော့ဘူး" ဟု တောင်ငူမြို့နယ် ကချောင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

စပါးဈေး မြင့်တက်လာသော်လည်း တင်းတစ်ရာလျှင် ကျပ်လေးသိန်းခွဲကျော်သာရှိသောကြောင့် နွေစပါး စိုက်ပျိုးမှုမှာ လျော့ကျသွားနိုင်ကြောင်း၊ တောင်သူများအနေနှင့် ပဲတီစိမ်းကဲ့သို့သော အခြားသီးနှံများကို ဦးစားပေး စိုက်ပျိုးရန် လိုအပ်ကြောင်း တောင်ငူမြို့နယ်တွင် ပေါင်းစည်းလယ်ယာစနစ်ကို ပထမဦးဆုံး စတင်ထူထောင်သည့် တောင်သူကြီး ဦးသန်းမြင့်က သုံးသပ်သည်။ R- 15

## NEWS IN BRIEF

### တာချီလိတ်တွင် ၅နှစ်သမီးကို အိမ်နီးချင်းက မဖွယ်မရာ ပြုကျင့်

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါလျံ(၁) ရန်အောင်မြင်ရပ်ကွက်တွင် ဒီဇင်ဘာလ ၅ရက် ညနေ ၅နာရီတွင်ကစားနေသော ငါးနှစ်သမီးကို အိမ်နီးချင်း အသက်၄၅နှစ်အရွယ် အမျိုးသားက မဖွယ်မရာ ပြုကျင့်ခဲ့ကြောင်း တာချီလိတ် ရဲစခန်းထံမှ သိရသည်။

မိခင်ဖြစ်သူက ဘုန်းကြီးကျောင်းတွင် ဝေယျာဝစ္စလုပ်ဆောင်နေစဉ် အိမ်နီးချင်းက မိန်းကလေးကို နေအိမ်သို့ ခေါ်ယူပြီး ထိုင်းဘတ်ငွေ ၂၀ ပေးကာ ဓမ္မတာနှင့်ဆန့်ကျင်သော မဖွယ်မရာများ လုပ်ဆောင်ခဲ့ကြောင်း၊ ထွက်ပြေးနေသော ကျူးလွန်သူကို ရာဇသတ်ကြီးပုဒ်မ-၃၆၃/၃၇၇ဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် စိုင်းဖြိုးသီဟထွန်းက ပြောကြားသည်။ ■ R-16

### မော်တော်ဆိုင်ကယ်စီးလာသူထံမှ စိတ်ကြွဆေးပြားများ ဖမ်းမိ

**မုံရွာ၊ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းဂွရွာလမ်းအသုံးပြုခကောက်ခံရေးတိုးဂိတ်တွင် ဒီဇင်ဘာလ ၄ ရက်နေ့က ကသာဘက်မှ အင်းတော်ဘက်သို့ စည်သူအောင်(ခ)မောင်မောင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ထံမှ စိတ်ကြွဆေး ၂၀၀ပြားပါ အထုပ် ၅၀ ကိုဖမ်းဆီးရမိခဲ့ကြောင်း ကသာမြို့မရဲစခန်းထံမှ သိရသည်။

မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် စည်သူအောင်(ခ)မောင်မောင်ကို ကသာမြို့မရဲစခန်းတွင် မူးစိတ် ၁၅/၁၉(က) မယ(ပ) ၄၈/၂၀၁၆ဖြင့်အမှုဖွင့် အရေးယူထားကြောင်း အဆိုပါစခန်းထံမှ သိရသည်။ ■ R- 08

# ပြည်ထောင်စုလမ်း မိုင်တိုင် ၂၁၄ အနီး မပေါက်ကွဲသေးသည့်မိုင်း ၆ လုံးတွေ့

**လားရှိုး၊ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုလမ်းပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများက မကြာခဏမိုင်းထောင်ဖောက်ခွဲနေရာတွင် ဒီဇင်ဘာလ ၅ ရက်နေ့ မွန်းလွဲ ၃နာရီခန့်က ပြည်ထောင်စုလမ်းပိုင်း မိုင်တိုင်အမှတ် ၂၁၄ ရှိ ရေပြွန်တစ်ခုအတွင်းမှ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၆ လုံးကိုတွေ့ရှိခဲ့ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပြည်ထောင်စုလမ်းမပေါ် သိန်းနီမြို့နှင့် ကွတ်ခိုင်မြို့အကြား မိုင်တိုင် ၂၁၄ အနီးရှိ ရေပြွန်တစ်ခုအတွင်းမှ ဒေသန္တရ လက်လုပ်မိုင်း ၆ လုံးကို တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့များက တွေ့ရှိရှင်းလင်းနိုင်ခဲ့ကြောင်း လားရှိုးမြို့ရှိ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးကြီး ရဲမှူးကြီး အောင်မြတ်မိုးက ပြောကြားသည်။

အဆိုပါ မိုင်း ၆ လုံးကို တပ်မတော်စစ်ကြောင်း မိုင်းရှာဖွေရေးအဖွဲ့က အချိန်မီတွေ့ရှိပြီး ဖယ်ရှားနိုင်ခဲ့ခြင်းဖြစ်ရာ ပြည်ထောင်စုလမ်းပေါ် သွားလာနေသည့် ခရီးသွားများ၊ ကုန်တင်ယာဉ်များနှင့် တပ်မတော်စစ်ကြောင်းများအတွက် အန္တရာယ်တစ်စုံတစ်ရာ မတွေ့ကြုံခဲ့ရကြောင်း ၎င်းက ပြောဆိုသည်။

အရှေ့မြောက်ဒေသ မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းပိုင်းတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင် ဖောက်ခွဲခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်နေ့ကလည်း နမ့်ပေါ့တာနှင့် ကွတ်ခိုင်နှင့်နမ့်ဖတ်ကာအကြား ရှိ စွန်လုံ တံတားတို့ကို မိုင်းခွဲဖျက်ဆီးခဲ့ရာ တံတားများပျက်စီးခဲ့ရသည်။ ■R-07

သတင်းကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# မြန်မာ- တရုတ် ကုန်သွယ်မှု အစည်းအဝေး တိုက်ပွဲကြောင့် ရက်ရွှေ့

**မူဆယ်၊ ဒီဇင်ဘာ ၆**

မြန်မာ- တရုတ်နှစ်နိုင်ငံ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဆိုင်ရာအစည်းအဝေး ကျင်းပမည့်ရက်ကို တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ရွှေ့ဆိုင်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် ကပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲကို မူဆယ်မြို့တွင် ဒီဇင်ဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အပါအဝင် ရှမ်းမြောက်ဒေသတွင် ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့်ကျင်းပမည့်ရက်ကိုရွှေ့ဆိုင်းထားကြောင်း ၎င်းကပြောဆိုသည်။

“ဘယ်တော့လောက် ပြန်ကျင်းပမယ်ဆိုတာကိုလည်း လတ်တလောမှာတော့ မပြောနိုင်သေးပါဘူး” ဟု ဦးခင်မောင်လွင်က ဆိုသည်။

ယင်းသို့ ရက်ရွှေ့ဆိုင်းရခြင်းမှာ လုံခြုံရေးအခြေအနေအရဖြစ်ကြောင်း၊ မြန်မာ- တရုတ်နှစ်နိုင်ငံကုန်စည်ပြပွဲများကို နှစ်နိုင်ငံအကြား တစ်နှစ်လျှင် တစ်ကြိမ်စီ အလှည့်ကျကျင်းပနေရာ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ကျင်းပရန် အလှည့်ကျကြောင်း ၎င်းကရှင်းပြသည်။

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံအလှည့်ကျရောက်သည့်အတွက် မြန်မာနိုင်ငံ မူဆယ်မြို့မုံးယု ၁၀၅ မိုင်တွင် အဆိုပါပွဲကို ကျင်းပခဲ့ပြီး နှစ်နိုင်ငံ ကုန်သည်ကြီးများတွေ့ဆုံပွဲကို မူဆယ်မြို့ရှိ ကုန်သည်ကြီးများအသင်းရုံးတွင် ကျင်းပခဲ့သည်။

ယင်းသို့ ကျင်းပသည့်ပွဲအတွင်း မြန်မာနိုင်ငံမှထုတ်ကုန်များကို ပြသနိုင်ခဲ့ပြီး ဝယ်ယူမည့်သူများနှင့်အဆက်အသွယ်ချိတ်ဆက်ရသည့်အတွက် အဆိုပါပွဲ ကျင်းပခြင်းသည် ကုန်သည်များအတွက် အကျိုးရှိကြောင်း ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်ပွဲတွင် မန္တလေးမှ ကျောက်စိမ်းအလှဆင်ပစ္စည်းများ လာရောက်ပြသသူ ဒေါ်နွယ်နီအေးက ဆိုသည်။

မြန်မာ- တရုတ်နှစ်နိုင်ငံကုန်သည်ကြီးများ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သည်ကြီးများနှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူများ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန တာဝန်ရှိသူများ တွေ့ဆုံခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

■ R-07

The VOICE Daily CARTOON





ဓာတ်ပုံ – ငြိမ်းသူမင်း

# ကလေးမြို့တွင် ကျောက်မီးသွေးဖြင့် အုတ်ဖုတ်သည့်စနစ် စမ်းသပ်လုပ်ကိုင်မည်

**ကလေး၊ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ထင်းအသုံးပြုမှု လျှော့ချနိုင်ရေးအတွက် ကျောက်မီးသွေးဖြင့် အုတ်ဖုတ်သည့်စနစ်ကို အုတ်ဖုတ်ရာသီဖြစ်သော ဒီဇင်ဘာနောက်ဆုံးပတ်တွင် စတင်ကာ စမ်းသပ်လုပ်ကိုင်မည် ဖြစ်ကြောင်း ကလေးမြို့ အုတ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ကပြောကြားသည်။

ကလေးမြို့နယ်တွင် ကျောက်မီးသွေး အများအပြားထွက်ရှိသဖြင့် ထင်းရှားပါးလာမှု၊ ထင်းခုတ်ယူရသည့် အခက်အခဲများကို လျှော့ချနိုင်ရေးအတွက် ထင်းနှင့် ကျောက်မီးသွေးရောကာ အုတ်ဖုတ်သည့်စနစ်ကို စမ်းသပ်လုပ်ကိုင်မည် ဖြစ်ကြောင်း၊ ယင်းနည်းစနစ်ကို မန္တလေးမြို့ရှိ အုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ ရရှိခဲ့ပြီး ထင်းနှင့် ကျောက်မီးသွေး ရောနှောကအုတ်ဖုတ်ပါက ပုံမှန်သုံးစွဲရသော ထင်းပမာဏ၏ လေးပုံတစ်ပုံသာ ကုန်ကျမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ကျွန်တော်တို့လည်း ငွေဝမ်းပူဆာမနေသာလို့သာ ထင်းကို သုံးရတာ၊ အိမ်နီးချင်းက အိန္ဒိယမှာလည်း ကျောက်မီးသွေးနည်းပဲ အုတ်ဖုတ်တယ်၊ ငွေကုန်ကျများတဲ့နည်းကိုတော့ မလုပ်နိုင်ဘူး၊ စမ်းသပ်နည်းသာ အဆင်ပြေရင် ထင်းသုံးစွဲမှု လျော့ကျမှာပါ”ဟု ၎င်းက ပြောဆိုသည်။

ကလေးမြို့တွင် အုတ်လုပ်ငန်း လုပ်ကိုင်သူ ၅၀ နီးပါး ရှိပြီး တစ်နှစ်လျှင် အုတ်ချပ်ရေ သိန်း ၃၀မှ ၅၀ အထိ ထုတ်လုပ်နိုင်ကြောင်း၊ ယင်းအုတ်ချပ်ရေ ရရှိရေးအတွက် တစ်နှစ်လျှင် ထင်းတန် ၁၇၀၀ ကျော်အထိ အသုံးပြုရပြီး ကြိုးဝိုင်း ကြိုးပြင်တော အပြင်ဘက်ရှိတောများမှ ခုတ်ယူရသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ထင်းရှားပါးလာကြောင်း ကလေးမြို့ အုတ်လုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။

ထင်းဖြင့် အုတ်ဖုတ်ရာတွင် ထင်း ၄ တန်လျှင် အုတ်ချပ်ရေ တစ်သောင်း ရရှိကြောင်း ထင်းတစ်တန်လျှင် ငွေကျပ်နှစ်သောင်းခွဲ ဖြင့် ပေးဝယ်ရပြီး ကျောက်မီးသွေးတစ်တန်လျှင် ကျပ်ခြောက်သောင်းခွဲရှိကြောင်း၊ ယခင်က အုတ်တစ်ချပ်လျှင် ကျပ် ၉၀ဖြင့် ရောင်းချသော်လည်း စမ်းသပ်ထုတ်လုပ်မည့် အုတ်တစ်ချပ်၏ ကုန်ကျစရိတ်ကို မူတည်ကာ အုတ်ဈေးနှုန်း သတ်မှတ်မည် ဖြစ်ကြောင်း အုတ်လုပ်ငန်းရှင် ဦးဘပုက ပြောဆိုသည်။■ R- 20

# HIV ရှိသည့် မိခင် ၂၀ ကျော်မှ မွေးဖွားသည့် ကလေးများတွင် ရောဂါကူးစက်ခြင်းမရှိ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ယခုနှစ်အတွင်း HIV ပိုးရှိသည့် မိခင်လောင်း ၂၂ ဦးကို (PMCT) မိခင်မှ သန္ဓေသားသို့ HIVကူးစက်မှုတားဆီးရေး ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ရာတွင် ရောဂါကူးစက်မှုမရှိခဲ့သည်ကို တွေ့ရကြောင်း မိတ္ထီလာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျနှင့်ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးကျော်က ပြောကြားသည်။

HIV နှင့် AIDS ဆိုင်ရာ တားဆီးကာကွယ်ရေးလုပ်ဆောင်ရာတွင် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၃၉၁၂ဦးကို သွေးဖောက် စစ်ဆေးခဲ့ရာတွင် မိခင်လောင်း ၂၂ ဦးမှာ ရောဂါပိုးရှိနေသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြောင်း၊ ၎င်းတို့မှမွေးဖွားလာသည့် ကလေးများကို အသက်တစ်လခွဲအချိန် အစောဆုံးရောဂါပိုး စစ်ဆေးမှု (PCRTest) တွင် ရောဂါကူးစက်မှုမရှိခဲ့သည်ကိုတွေ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

“ကံကောင်းစွာနဲ့တစ်ဦးမှ ကူးစက်မှုမရှိခဲ့ပါဘူး” ဟု ဒေါက်တာအေးအေးကျော်က ဆိုသည်။

မိတ္ထီလာမြို့ပေါက်ချောင်းရပ်ကွက်ရှိ ပညာရေးကောလိပ် ပညာရတနာခန်းမတွင် ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

မိတ္ထီလာခရိုင်တွင် ယခုနှစ်အတွင်း HIVနှင့်AIDS ဆိုင်ရာတားဆီးကာကွယ်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးပြည့်တန်ဆာ လေးထောင်ကျော် နှင့် အမျိုးသားချင်းလိင်တူဆက်ဆံသူ ၆၈၀ ဦးကို ပညာပေးနိုင်ခဲ့ကြောင်း၊ ကွန်ဒုံးပေါင်း တစ်သိန်းကိုးသောင်းကျော် ဖြန့်ဝေပေးခဲ့ကြောင်း ဒေါက်တာအေးအေးကျော်က ရှင်းပြသည်။

■R-01

# ကချင်ပြည်နယ် ဟိုပင်မြို့ကို မြို့နယ်အဆင့် သတ်မှတ်ပေးရန်အဆို ရှုံးနိမ့်

**မြစ်ကြီးနား၊ ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဟိုပင်မြို့သည် မြို့နယ်အင်္ဂါရပ်နှင့် ပြည့်စုံသဖြင့် မြို့နယ်အဖြစ် သတ်မှတ်ပေးရန် အဆိုကိုတင်သွင်းခဲ့ပြီး မဲခွဲဆုံးဖြတ်ရာတွင် ရှုံးနိမ့်ခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ဒီဇင်ဘာလ ၅ ရက်နေ့က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် မိုးညှင်းမြို့နယ် အမှတ် ၂ မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက တင်သွင်းခဲ့ခြင်းဖြစ်သည်။

"အခုလက်ရှိ ဒေသခံတွေအနေနဲ့ကတော့ မြို့နယ်အဖြစ်သတ်မှတ်ပေးဖို့ အကြီးမားဆုံးမျှော်လင့်ချက်ပါ။ ဒါပေမဲ့ လွှတ်တော်မှာ မဲခွဲဆုံးဖြတ်တာ ရှုံးနိမ့်တယ်" ဟု ၎င်းကဆိုသည်။

လက်ရှိ ဟိုပင်မြို့သည် မိုးညှင်းမြို့နယ်အောက်တွင်တည်ရှိ၍ ကျေးရွာအုပ်စု ရှစ်ခုရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေအနေအထားနှင့် လျှပ်စစ်တပ်ဆင်ရေးအတွက် ကောင်းမွန်သဖြင့် မြို့နယ်အဖြစ် အဆင့်သတ်မှတ်ပေးရန် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

"ဟိုပင်မြို့ကို မြို့နယ်အဖြစ် သတ်မှတ်ပေးဖို့ကို နယ်မြေသတ်မှတ်ချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လတ်တလော ဖြေကြားခြင်း မရှိဘူး" ဟု ကချင်ပြည်နယ် နယ်စပ်ရေးရာ လုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီး သူရမျိုးတင်က ဆိုသည်။

ကချင်ပြည်နယ်အတွင်း လက်ရှိ မြို့နယ် စုစုပေါင်း ၁၈ မြို့နယ်ရှိကြောင်း ဒေသခံများထံမှ သိရသည်။ ■ R-06



ဓာတ်ပုံ – MMK

# ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ကုန်တင်ယာဉ်က ကိုယ်ပိုင်ယာဉ်ကို ဝင်တိုက်၊ သုံးဦး သေဆုံး

**တောင်ငူ၊ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်ရှိ ရထားသံလမ်းကူးနေရာအနီး ဒီဇင်ဘာလ ၆ ရက် နံနက် ၅နာရီ ၅၀မိနစ်ခန့်က ကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင် မောင်းနှင်လာသော ဟွန်ဒါဖစ် ကိုယ်ပိုင်ယာဉ်တို့ ဝင်တိုက်ရာမှ ကိုယ်ပိုင် ယာဉ်ပေါ် လိုက်ပါလာသူ သုံးဦး သေဆုံးခဲ့ ကြောင်း တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

အမျိုးသားတစ်ဦး မောင်းလာသော ၁၂ ဘီး ကုန်တင်ယာဉ်က နွားလှည်းကို ကျော်တက်ရာမှ ကုန်တင်ယာဉ်နှင့် နွားလှည်းချိတ်မိပြီးနောက် မျက်နှာချင်းဆိုင်တွင် လူလေးဦး တင်ဆောင်ကာ မောင်းလာသော ဟွန်ဒါဖစ် ကိုယ်ပိုင်ယာဉ်ကို ထပ်မံဝင်တိုက်ရာမှ လမ်းဘေးတွင် ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဟွန်ဒါဖစ်တွင် လိုက်ပါလာသည့် အသက် ၆၄နှစ်ရှိဦးခင်မောင်အေး(ခ)စံဖဲ၊ အသက် ၆၂နှစ် အရွယ် ဇနီးဒေါ်စိန်မြင့် အပါအဝင် အမျိုးသား တစ်ဦးသေဆုံးခဲ့သဖြင့် တိမ်းရှောင်နေ သော ကုန်တင်ယာဉ်မောင်းကို ရာဇသတ် ကြီးပုဒ်မ ၃၀၄-က/၃၃၈ဖြင့် အမှုဖွင့် ထားကြောင်း ကျွန်းကုန်း နယ်မြေရဲစခန်းမှ ဒုရဲအုပ်သန်းထွန်းက ပြောကြားသည်။

"သေသွားတဲ့ လင်မယားက မြို့သစ်က ခြံကိုသွားရှင်းမယ်ဆိုပြီး အဖော်နှစ်ယောက်နဲ့ ကားပေါ်မှာ မြက်ရိတ်စက်လိုမျိုး စက်တွေတင်ပြီးသွားတုန်းဖြစ်တာ၊ ဒဏ်ရာရတဲ့ တစ်ယောက်ကလည်း စိုးရိမ်ရတယ်" ဟု သေဆုံးသူ မိသားစုဝင်များနှင့် ရင်းနှီးသူ တောင်ငူမြို့ခံ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

■ R-15

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## NEWS IN BRIEF

### မူးယစ်ဆေးရောင်းသူကို ဖမ်းဆီးရာမှ ရဲအုပ်အပါအဝင် နှစ်ဦး ဒဏ်ရာရ

**ကလေး၊ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ၊ ကလေးမြို့ ထိုမာကျေးရွာတွင် ဒီဇင်ဘာလ ၅ရက်နေ့ ည၉နာရီခွဲက မူးယစ်ဆေးရောင်းသူကို ရဲတပ်ဖွဲ့က ရှာဖွေ ဖမ်းဆီးရာမှ ကတ်ကြေးဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးရာ ရဲအုပ်တစ်ဦး အပါအဝင် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကလေးမြို့မ ရဲစခန်းမှ ဒုရဲအုပ် ဗိုလ်ဗိုလ်ဝင်းထွန်းက ပြောဆိုသည်။

အသက်၆၀ အရွယ်ဦးထွန်းစိန်က လာရောက်ဖမ်းဆီးသူများကို ကတ်ကြေးဖြင့် ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့ဝင်နှင့် သက်သေအဖြစ်လိုက်ပါလာသူတို့ လုံးထွေး ဖမ်းဆီးရာမှ အိမ်အပေါ်ထပ် ဝရန်တာမှ ပြုတ်ကျခဲ့ကြောင်း၊ ပြုတ်ကျမှုကြောင့် ကလေးမြို့မရဲစခန်းမှ ရဲအုပ် သီဟ၏ ညာဘက်နားထင်တွင် ပေါက်ပြဲဒဏ်ရာ၊ သက်သေအဖြစ် လိုက်ပါလာသော အသက် ၄၈နှစ်အရွယ် ဦးမောင်နိုင်၏ ဘယ်ဘက် လက်ပြင်တွင် နာကျင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ မူးယစ်ဆေးရောင်းသူထံမှ ဘိန်းဖြူအနည်းငယ်ကို တွေ့ရှိရသောကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများနှင့် ရာဇသတ်ကြီး ပုဒ်မ ၃၃၃ဖြင့် အမှုဖွင့်ထားကြောင်း ၎င်းကရှင်းပြသည်။ ■ R-20

### ကျောက်တံခါးတွင် ဆိုင်ကယ်နှင့်ခြောက်ဘီးယာဉ်တိုက် တစ်ဦးသေဆုံး

**တောင်ငူ၊ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်- မန္တလေး လမ်းဟောင်း မိုင်တိုင် ၁၁၇ အနီး အိုင်တုံချောင်းကူးတံတားပေါ် ဒီဇင်ဘာလ ၅ ရက်နေ့ ညနေ ၆ နာရီခွဲက ခြောက်ဘီးယာဉ်တစ်စင်းနှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင် တိုက်မိရာမှ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း ကျောက်တံခါး မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောက်တံခါး မြို့တွင်းသို့ ဆိုင်ကယ်မောင်းနှင်လာသော အသက် ၂၄ နှစ်အရွယ်ကိုဟိန်းကျော်စွာလင်းမှာ ယာဉ်မတော်တဆမှု ကြောင့် ခေါင်းတွင် ပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း ၊ ယာဉ်မတော် တဆမှုကြောင့် ခြောက်ဘီးယာဉ်မောင်း ကိုဝင်းကိုကို ရာဇသတ်ကြီးပုဒ် မ ၃၀၄ -က ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း အဆိုပါရဲစခန်းမှုစုံစမ်းသိရှိရသည်။

■ R- 15

# မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ခရိုင် မန်နေဂျာကို သိန်း ၂၇၀၀ကျော် စာရင်းကွာမှုဖြင့် အမှုဖွင့်

**မြဝတီ၊ ဒီဇင်ဘာ ၆**

ကရင်ပြည်နယ်၊ မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်ခရိုင်မန်နေဂျာကို ကျပ်သိန်း ၂၇၀၀ ကျော် စာရင်းကွာသည်ဆိုကာ ဒီဇင်ဘာလ ၄ရက်နေ့က အမှုဖွင့်ထားကြောင်း မြဝတီမြို့မ ရဲစခန်းထံမှ သိရှိရသည်။

အဆိုပါ ဘဏ်မှ ငွေနှင့် စာရင်းများကို ပြည်နယ်ဘဏ်မန်နေဂျာ၊ ဒုတိယပြည်နယ်ဘဏ်မန်နေဂျာ၊ ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာနှင့်အဖွဲ့က ဒီဇင်ဘာလ ၄ရက်နေ့ နံနက်ပိုင်းက မြဝတီမြို့မ ရဲစခန်းဝင်းရှိ ငွေတိုက်တွင် ဘဏ်စာရင်းနှင့် ငွေများကိုစတင် စစ်ဆေးရာမှ ကျပ်သိန်း ၂၇၅၀ ကွာဟနေသောကြောင့် ကိုယ်ကျိုးသုံးစွဲထားသည်ဆို သော မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ခရိုင်မန်နေဂျာ အသက် ၄၂နှစ်အရွယ် ဦးကိုကိုအောင်ကို ရာဇသတ်ကြီး ပုဒ်မ-၄၀၉ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးစစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါ ဘဏ်ငွေကွာဟမှုနှင့် ပတ်သက်၍ ကရင်ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းရန်ကြိုးစားသော်လည်း ဆက်သွယ်၍ မရရှိခဲ့ပေ။

"ခရိုင်တာဝန်ခံတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ကို အခွင့်အရေးယူ အသုံးချတဲ့အတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံရမှာပဲ" ဟု မြဝတီမြို့နေ မြေအကျိုးဆောင် လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းချိုက ပြောဆိုသည်။

■ R-18

## ATM စက်မှ ငွေ ခိုးထုတ်ခဲ့သော ဘူဂေးရီးယားနိုင်ငံသားအမှု အပြီးသတ် လျှောက်လဲချက် တင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကမ္ဘောဇဘဏ်၏အေတီအမ်စက်များတွင် စမတ်ကတ်အတုအသုံးပြု၍ ငွေခိုးထုတ်ခဲ့သော ဘူဂေးရီးယားနိုင်ငံသားအမှုကို ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နှစ်ဖက် ရှေ့နေများမှ အပြီးသတ် လျှောက်လဲချက်တင်ရမည်ဖြစ်ကြောင်း ကမာရွတ်မြို့နယ် တရားရုံးထံ သိရှိရ သည်။

အဆိုပါအမှုကို ဒီဇင်ဘာလ ၆ ရက်နေ့က ကမာရွတ်မြို့နယ် တရားရုံးတွင် နှစ်ရက်ဆက်တိုက်စစ်ဆေးခဲ့ပြီး ဘူဂေးရီးယားနိုင်ငံသား၏ အစ်မဖြစ်သူ Mis. AlesaoraTaseva နှင့် ညီမဖြစ်သူMis. MaliaLachezafova တို့နှစ်ဦးကို တရားခံပြသက်သေအဖြစ် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဘူဂေးရီယားနိုင်ငံကနေ ရောက်ရှိလာတဲ့ အစ်မနဲ့ညီမ တရားခံသက်သေထွက်ဆိုချင်တယ်လို့ တင်ပြလာလို့ ဥပဒေလမ်းကြောင်းအရ လက်ခံစစ်ဆေးပေးတာပါ၊ နှစ်ဦးလုံးက မြန်မာနိုင်ငံမှာ သူတို့မောင်တော်စပ်သူက ကတ်အတုတွေနဲ့ ငွေခိုးထုတ်ခဲ့တာမသိကြဘူး ငြင်းကြပါတယ်" ဟု ၎င်းက ဆိုသည်။

ယင်းအပြင် ဘူဂေးရီယားနိုင်ငံသား Mr. Minel ကို ဟိုတယ်တစ်ခု တွင် ဖမ်းမိခဲ့စဉ်က ၎င်းခရီးဆောင်အိတ်အတွင်းမှ ရဲတပ်ဖွဲ့က သိမ်းဆည်းရရှိခဲ့သောUniCredic ကတ်၊ Master ကတ်၊ Visa ကတ်၊ Bank ကတ်အပါအဝင် Give Card စသောစမတ်ကတ် တံဆိပ်မျိုးစုံ ၂၀၀ ကတ်နီးပါးကို နေပြည်တော်ရှိ CID ရဲတပ်ဖွဲ့ထံပေးပို့ စစ်ဆေးခဲ့ပြီး ရဲတပ်ဖွဲ့၏ ပြန်ကြားချက်တွင် ယင်းနိုင်ငံသားက KBZ ဘဏ်အကောင့်ထဲရှိ လျှို့ဝှက်ကုတ်နံပါတ်အချို့ကို နည်းပညာအကူအညီဖြင့် ရယူကာ ၎င်း၏ စမတ်ကတ်အတွင်းသို့ ထည့်သွင်းထုတ်ယူခဲ့ကြောင်းယင်းရဲတပ်ဖွဲ့မှ တရားလိုပြသက်သေအဖြစ် ပါဝင်သော ရဲအရာရှိတစ်ဦးထံမှ သိရှိရသည်။

စမတ်ကတ်အတုအသုံးပြု၍ ငွေခိုးထုတ်ခဲ့သော ယင်းနိုင်ငံသားကိုအတုပြုလုပ်မှုနှင့် ခိုးယူမှု ပုဒ်မ ၄၆၅ / ၃၈၀ အပြင် လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁) တို့ဖြင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့က တရားစွဲတင်ခဲ့ပြီး ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ မှုခင်းရဲတပ်ဖွဲ့က အီလက်ထရောနစ် ပုဒ်မ ၃၄(ဃ) ဖြင့် တရားစွဲဆိုထားခြင်းဖြစ်ကြောင်း ယင်းတရားရုံးထံမှ သိရှိရသည်။

ယခင်နှစ် နိုဝင်ဘာလ ၈ ရက်တွင် လှည်းတန်းစင်တာနှင့် Junction Square ရှိ ကမ္ဘောဇဘဏ် အေတီအမ်စက်မှ ငွေကျပ် ၁၈ သိန်းကို ကတ်အတုတို့ဖြင့် အသုံးပြုထုတ်ယူသည့်ဟု တာဝန်ရှိသူတို့က တွေ့ရှိခဲ့ခြင်းကြောင့် ယင်းဘဏ်တွင် တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာအချို့ကို စစ်ဆေးစဉ် မသင်္ကာဖွယ် နိုင်ငံခြားတစ်ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့ထံ အသိပေးတိုင်ကြားခဲ့ရာမှ ယင်းသို့ ကျူးလွန်သည်ဟုယူဆသည့် ဘူဂေးရီးယားနိုင်ငံသားကိုကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ City Star ဟိုတယ်၌ မြန်မာငွေကျပ် သိန်းနှစ်ရာကျော် အပါအဝင် ငွေထုတ်ယူရာတွင် အသုံးပြုသောစမတ်ကတ်ပေါင်း ၂၀၀ ကျော်တို့ဖြင့် ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ယင်းအမှုကိုစတင်အမှုဖွင့်တိုင်ကြားခဲ့သော ကမ္ဘောဇဘဏ် အိုင်တီကတ်ဌာနမှ တရားလိုပြုလုပ်ခဲ့ပြီး ၎င်းအပါအဝင် လိုပြသက်သေ ၁၄ ဦးနှင့် တရားခံပြသက်သေနှစ်ဦးတို့ကို စစ်ဆေးခဲ့ပြီးဖြစ်သည်။ ■ J - 17

## မင်္ဂလာဈေးအနီး၌ လက်ကိုင်ဖုန်းများ လုယက်နေသည့်အဖွဲ့ကို ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကလပ်နှင့် KTV အများဆုံးရှိရာ မင်္ဂလာဈေးတွင် လာရောက်ပျော်ပါးသူများ၏ လက်ကိုင်ဖုန်းများကို လုယက်နေသော လူငယ်အဖွဲ့ကို ဖမ်းမိခဲ့သည်။

နိုဝင်ဘာလ ၂၉ ရက် ညသန်းခေါင်ချိန်တွင် ကန်ပတ်လမ်းရှိ ကန်တော်ကြီးဂိတ် (၂) အနီးတွင် မင်္ဂလာဈေးဘက်မှ ပြေးထွက်လာသော လူငယ်နှစ်ဦးကို မသင်္ကာသောကြောင့် လှည့်ကင်းရဲတပ်ဖွဲ့က ပိတ်ဆို့စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ လုယက်လာသော Oppo နှင့် Coolpad လက်ကိုင်ဖုန်း နှစ်လုံးနှင့် ရွှေဆွဲကြိုးတစ်ကုံးကို သိမ်းဆည်းရမိခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းထံမှ သိရသည်။

ဖမ်းမိသူနှစ်ဦးကို စစ်ဆေးရာမှ လုယက်မှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သော လူငယ်လေးဦးကို ထပ်မံဖမ်းမိခဲ့ပြီး ကျူးလွန်ခဲ့သည့် လုယက်မှု ၂၁ မှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

"ခြောက်ယောက်ထဲမှာ နှစ်ယောက်က ခိုးမှုနဲ့ ထောင်ကျပြီး ပြန်လွတ်လာသူတွေ။ မင်္ဂလာဈေးမှာရှိတဲ့ ကလပ်နဲ့ ကန်ပေါင်ပေါ်လာတဲ့ စုံတွဲတွေဆီက လက်ကိုင်ဖုန်းတွေ လိုက်လုယူနေတဲ့အဖွဲ့ပါ" ဟု မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူးက ပြောကြားသည်။

ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်အရေးယူထားသူ ခြောက်ဦးမှာ ဒဂုံမြောက်မြို့နယ်တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် အောင်နီဦး (ခ)သားသား၊ ကျော်ဇင်(ခ)လွှမ်းမိုးအောင်၊ အလုံမြို့နယ်တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် ကိုကိုအောင် (ခ)ကိုကို၊ ဒဂုံတောင်မြို့နယ်တွင် နေထိုင်သော အသက် ၂၃ နှစ်အရွယ် နိုင်လင်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် ကောင်းခန့်၊ အင်းစိန်မြို့နယ်တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် မျိုးသူရတို့ဖြစ်သည်။

အလားတူ နိုဝင်ဘာလကုန်ပိုင်းက မြောက်ဒဂုံမြို့နယ်တွင် လုယက်မှုဖြင့် သံသယရှိသော အမျိုးသားတစ်ဦးကို ခေါ်စစ်ဆေးခဲ့ရာမှ ဆိုင်ကယ်ဖြင့် လှည့်လည်လုယက်နေသော ဂိုဏ်းအဖွဲ့မှ အမျိုးသား ၁၄ ဦးကို ဖမ်းမိခဲ့ပြီး ၎င်းတို့အဖွဲ့ကျူးလွန်ခဲ့သည့် လုယက်မှုပေါင်း ၆၀ ကျော်ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## ဗန်းမော်တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် လူတစ်ဦးကို ဖမ်းဆီး

**ဗန်းမော်၊ ဒီဇင်ဘာ ၆**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ညောင်ပင်ရပ်ကွက်တွင် ၆၆(ဃ)ဖြင့် အမှုဖွင့်ခံထားရသော အသက် ၅၀ကျော် အမျိုးသားကို အမှုဖွင့်ပြီး တစ်လနီးပါးအကြာ ဒီဇင်ဘာလ ၅ရက်နေ့က ဖမ်းဆီးထားကြောင်း ဗန်းမော်မြို့မ ရဲစခန်းထံမှ သိရသည်။

အမှုဖွင့်ခံရသော ဦးမြင့်ကျော်က နိုဝင်ဘာလ ၃ရက်နေ့က ဖေ့စ်ဘုတ် လူမှုကွန်ရက်တွင် Sue Htet Sue အကောင့်ဖြင့် 'ဒီလူ လူလိမ်အများပြည်သူ ဒီလိုလိမ်ညာခံရမှုမျိုးမှ ကင်းဝေးစေရန်' ဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖြန့်ဝေခဲ့ရာတွင် အမှုဖွင့်ခံရသူ၏ ဖခင်ထံမှ အိမ်ဝယ်သူ၏ စာချုပ်စာတမ်းနှင့် ပတ်သက်၍ မဟုတ်မမှန်ပြောဆိုခြင်း၊ ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ အမှုကို ဆောင်ရွက်နေသော တရားသူကြီးကို ခြိမ်းခြောက်မှုများပါ ရေးသားထားသောကြောင့် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် နိုဝင်ဘာလ ၈ ရက်နေ့က အိမ်ဝယ်သူ ဦးရိုးမြင့်က အမှုဖွင့်ထားခြင်းဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ ဗန်းမော်မြို့နယ် ဥပဒေရုံးတွင် ဥပဒေအကြံပြုချက်တောင်းခံထားပြီး ဥပဒေအကြံပြုချက်ရရှိပါက တရားစွဲဆိုမှုကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းရဲစခန်းထံမှသိရသည်။

အလားတူ ဗန်းမော်မြို့တွင် နိုဝင်ဘာလ ၂၈ရက်က ဗန်းမော်ပွင့်သစ် အယ်ဒီတာချုပ် ဦးမျိုးအောင်ကိုက လူမှုကွန်ရက်တွင် ရေးသားဖော်ပြသော ခေးကိုင်ကာ လျှောက်သွားနေသူအား ဖမ်းဆီးထိန်းသိမ်းစေလို၊ သတင်းတွင် သတင်းတင်သူ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန်နှင့် ဂျာနယ်ကို မဟုတ်မမှန် ရေးသားခဲ့သည်ဟုဆိုကာ အမျိုးသမီးတစ်ဦးကို နိုဝင်ဘာလ ၂၈ရက်က ဆက်သွယ်ရေး ပုဒ်မဖြင့် အမှုဖွင့်ခဲ့သည်။

■ R-14

## မှုခင်းသတင်းတိုများ

■ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ င/က ရပ်ကွက်၊ ညီညွတ်ရေးလမ်းတွင် ဒီဇင်ဘာလ ၅ ရက် မွန်းလွဲ ၁ နာရီက အသက် ၁၇ နှစ်အရွယ်မှာ လေဆေးပုလင်းနှင့် အရက်ပျံပုလင်း မှားသောက်မိရာမှ ဗိုက်အောင့်ဝေဒနာ ခံစားရပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် သေဆုံးခဲ့သည်။

■ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃) လမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်းဂိတ်(၁) အနီးတွင် ဒီဇင်ဘာလ ၅ ရက် ညနေ ၆ နာရီက သန်မြန်သူယာဉ်လိုင်း (၇၉) မီနီဘတ်ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး စက်ဘီးတွန်း လမ်းဖြတ်ကူးနေသော အသက် ၁၉ နှစ်အရွယ် အမျိုးသမီးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

■ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ စက်ကန်အမှတ် (၄) တွင် ဒီဇင်ဘာလ ၅ ရက် ညနေ ၄ နာရီက အသက် ၁၈ နှစ်အရွယ် ၁၀ တန်းကျောင်းသားတစ်ဦးမှာ သူငယ်ချင်းများနှင့်အတူ ရေဆင်းကူးရာမှ ရေနစ်သေဆုံးခဲ့သည်။

■ ဒဂုံမြို့နယ်၊ အလုံလမ်းရှိ MY GARDEN ဝင်ပေါက်အရှေ့တွင် ဒီဇင်ဘာလ ၅ ရက် နံနက် ၁၀ နာရီခွဲက ဖီဒါ အမျိုးအစား အငှားယာဉ်တစ်စီးမှ လမ်းဖြတ်ကူးနေသော အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ပေါက်ပြဲဒဏ်ရာများ ရခဲ့သည်။

■ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းရှိ စစ်ကြောရေးနှင့် တည်းခိုရေး တပ်ရှေ့တွင် ဒီဇင်ဘာလ ၅ ရက် ညနေ ၆ နာရီခွဲက သန်မြန်သူ ယာဉ်လိုင်း (၈၆) ဒိုင်နာယာဉ်ပေါ်ပါ အသက် ၃၀ အရွယ် ခရီးသည်အမျိုးသားတစ်ဦး ယာဉ်ပေါ်မှ ပြုတ်ကျပြီး ပေါက်ပြဲဒဏ်ရာများ အပြင်းအထန် ရခဲ့သည်။

S-03

The VOICE Daily CARTOON



**မျက်နှာဖုံး - မဟာမိတ်တပ်ပေါင်းစုကို အကြမ်းဖက်အဖွဲ့အစည်း မှ အဆက်**

ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခဲ့မှုကို တွေ့ရှိရကြောင်း၊ ၎င်းတို့၏လုပ်ရပ်သည် အကြမ်းဖက်လုပ်ဆောင်မှုများ ဖြစ်သဖြင့် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်သွားရန်နှင့် ၎င်းတို့၏လုပ်ဆောင်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချသောကြောင့် ယခုကဲ့သို့ အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း ဦးအောင်သူက ပြောကြားသည်။

“အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်လိုက်မယ်ဆိုရင် တပ်မတော်ကတော့ အကြမ်းဖက်အဖွဲ့အဖြစ် ချေမှုန်းရေး အလုပ်အနေနဲ့ လုပ်ရင်လုပ်မှာ။ လုပ်တဲ့အခါ ကျ တိုက်ပွဲတွေ ဒီထက်ပိုပြီးပြင်းထန်နိုင်တဲ့ အခြေအနေရှိတာပေါ့” ဟု သီပေါ မဲဆန္ဒနယ် အမှတ် ၂ မှ စိုင်းခမ်းအောင်က ဆိုသည်။

ကလော မဲဆန္ဒနယ်အမှတ် ၂ မှ ဦးသန်းထိုက်က ယင်းအဆိုကိုကန့်ကွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(က) အရ အစည်းအဝေးတက်ရောက်မဲဆန္ဒပေးသည့် လွှတ်တော်ကိုယ်စားလှယ်များက မဲခွဲဆုံးဖြတ်ရာ အစည်းအဝေးတက်ရောက်သူ ၁၁၅ ဦးရှိသည့်အနက် ၁၁၄ ဦး မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူ ၆၁ ဦးရှိသောကြောင့် ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန် အတည်ပြုခဲ့ပြီး ယင်းအဆိုကို ယခုဒီဇင်ဘာလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပလျက်ရှိသည့် အရေးပေါ်အစည်းအဝေးတွင် လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်များထံမှ သိရသည်။

မဟာမိတ်တပ်ပေါင်းစုကို အကြမ်းဖက်အဖွဲ့အစည်းသတ်မှတ်ရန် အရေးကြီးအဆိုတင်ခဲ့ရာတွင် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များဟုသာ သုံးနှုန်းထားပြီး AA ကိုထည့်သွင်းဖော်ပြထားခြင်းမရှိခဲ့ပေ။

ယင်းသို့ မဟာမိတ်တပ်ပေါင်းစုကို အကြမ်းဖက်အဖွဲ့အဖြစ် အဆိုတင်သွင်းရာတွင် AA မပါဝင်သည့်အပေါ် လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲနယ်မြေသည် AA(ရက္ခိုင့်တပ်မတော်)၏ နယ်မြေမဟုတ်သောကြောင့် ယင်းအဖွဲ့ပါဝင် ပတ်သက်ခြင်းမရှိနိုင်ဟု အဆိုတင်သွင်းသူက ယူဆပြီး AA အဖွဲ့ကို မထည့်သွင်းခြင်းဖြစ်နိုင်ကြောင်း သီပေါ မဲဆန္ဒနယ် အမှတ် ၂ မှ စိုင်းခမ်းအောင်က သုံးသပ်ပြောဆိုသည်။

“ကိုးကန့်ကိစ္စတုန်းက သူတို့ပါတယ်။ ဒီဒေသမှာလှုပ်ရှားနေတယ်။ ဒီနယ်မြေတွေက သူတို့(KIA၊TNLA၊ MNDAA) နဲ့ ဆက်စပ်နယ်မြေတွေလေ အဓိကအဖွဲ့တွေထည့်ထားတဲ့သဘောပေါ့။ ရက္ခိုင့်တပ်မတော်ဆိုတာ ရခိုင်ဘက် အဓိကနယ်မြေပေါ့” ဟု ၎င်းကဆိုသည်။ ■ R-10

**မျက်နှာဖုံး - ရခိုင်အရေးသည် အာဆီယံနိုင်ငံ မှ အဆက်**

အနေတွေကြောင့် အာဆီယံနိုင်ငံ အချင်းချင်း မတည်ငြိမ်မှုတွေဘက်ကို ဦးတည်မသွားနိုင်ဘူး။ ဒီလိုအခြေအနေတွေကို ထိန်းချုပ်ပြီး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နိုင်မယ်လို့ အကြံပေးကော်မရှင်က မျှော်လင့်ပါတယ်။ နယ်စပ်ထိန်းချုပ်ရေး လုပ်ငန်းတွေနဲ့ဆိုင်တဲ့ နယ်စပ်ဖြတ်ကျော်တဲ့ ကိစ္စတွေမှာ အိမ်နီးချင်းနိုင်ငံ အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်”ဟု ကိုဖီအာနန်က ဆိုသည်။

ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်နေသော ဘင်္ဂါလီအရေးကိစ္စအပေါ် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ် ဦးဆောင်ဆန္ဒပြခြင်းကို မြန်မာနိုင်ငံရှိ အစ္စလာမ်အဖွဲ့များက ဒီဇင်ဘာလ ၅ရက်တွင် ကန့်ကွက်စာထုတ်ပြန်ခြင်း မြန်မာနိုင်ငံရှိ အစ္စလာမ်ဘာသာဝင်များသည် မြန်မာနိုင်ငံသားများနှင့်တစ်သားတည်းရှိနေခြင်းကိုပြသခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် အကြံပေးအဖွဲ့ဝင်များက သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

မစ္စတာကိုဖီအာနန်သည် ရခိုင်ပြည်နယ်ခရီးစဉ်အပြီး ဒီဇင်ဘာလ ၅ရက်နှင့်၆ရက်တို့တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံမှုအပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ဒီဇင်ဘာလ ၆ ရက် သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိအကြမ်းဖက်အဖွဲ့များကို ရှင်းလင်းရေးဆောင်ရွက်ရာတွင် တပ်မတော်က မုဒိမ်းမှု၊ မီးရှို့မှုများ လုပ်ဆောင်ခြင်းမရှိကြောင်း၊ ထို့နောက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့်ပတ်သက်ပြီး တပ်မတော်က အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဘင်္ဂါလီများအနေနှင့် IDP Camp တွင် စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှသာ Registration လုပ်ငန်းများနှင့် Identify လုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

ကိုဖီအာနန်သည် နိုဝင်ဘာလ ၂၉ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဒီဇင်ဘာလ ၂ ရက်မှ၄ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ ဘူးသီးတောင်နှင့် မောင်တောမြို့များသို့ သွားရောက်ခဲ့ပြီး ဒီဇင်ဘာလ ၇ ရက် တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၀ဦးကျဆုံးခဲ့သဖြင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် တပ်မတော်မှဗိုလ်မှူး တစ်ဦး ထပ်မံကျဆုံးခဲ့ကြောင်း၊ အောက်တိုဘာလ ၉ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ အဆိုပါအဖွဲ့နှင့် ပါဝင်ပတ်သက်သူ ၁၂၃၁ဦးကို ဥပဒေအရ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံးက ထုတ်ပြန်သည်။ ■ J-07


**The Voice Daily**

လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ





# မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၌ MMA ပြိုင်ပွဲ နှစ်ကြိမ် ကျင်းပမည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံသုံး တိုက်ခိုက်ရေးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည့် စင်ကာပူအခြေစိုက် One Championship ကုမ္ပဏီက ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ MMA ပြိုင်ပွဲ နှစ်ကြိမ်ကျင်းပမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၆ ရက်က ထုတ်ပြန်လိုက်သည်။

အဆိုပါ One Championship အနေနှင့် ၂၀၁၇ ခုနှစ်အတွင်းတွင် တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ မြန်မာ အစရှိသည့်နိုင်ငံများတွင် ပြိုင်ပွဲပေါင်း ၁၈ ပွဲခန့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်မူ နှစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါဝင်သည်။

“One Championship အနေနဲ့ ၂၀၁၆ ခုနှစ်မှာလည်း ပြိုင်ပွဲပေါင်းများစွာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို လာမယ့် ၂၀၁၇ ခုနှစ်မှာလည်း အဲဒီထက်ပိုမိုစိတ်လှုပ်ရှားဖို့ကောင်းတဲ့ပွဲတွေကို ကျင်းပပေးနိုင်မယ်လို့ ကတိပေးပါတယ် ”ဟု One Championship ၏ CEO ဗစ်တာချူးက ဆိုသည်။

၂၀၁၇ ခုနှစ်အတွင်း ပထမဦးဆုံးအဖြစ် ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် One Championship ပြိုင်ပွဲကို ကျင်းပခွင့်ရရှိထားပြီး ပြိုင်ပွဲရက်များကို ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ဇူလိုင်လ ၁၄ ရက်နှင့် နိုဝင်ဘာလ ၃ ရက်များတွင် ကျင်းပရန်ရှိပြီး စတုတ္ထနှင့် ပဉ္စမ အကြိမ်မြောက် ပြိုင်ပွဲများအဖြစ် ကျင်းပခွင့်ရရှိထားခြင်းဖြစ်သည်။

အဆိုပါ MMA ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပခဲ့ပြီး ယင်းနောက်တွင် ၂၀၁၆ မတ်လ၊ အောက်တိုဘာလတွင် ကချင်တိုင်းရင်းသား နာမည်ကြီး MMA ကစားသမား အောင်လအန်ဆိုင်း လာရောက်ထိုးသတ်ခဲ့သည့်အတွက် ပရိသတ်များ၏ အားပေးမှုကို ရရှိခဲ့သည်။

■ J-04

# ဒူးအရွတ်ဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ ရာသီကုန်ဆုံးချိန်ထိတိုင် ဘိုလာဆီ နားရမည်

**လီဗာပူး၊ ဒီဇင်ဘာ ၆**

အဲဗာတန်အသင်း တိုက်စစ်မှူး ဘိုလာဆီသည် မန်ယူနှင့် အဲဗာတန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူရတော့မည်ဖြစ်၍ လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်ထိတိုင် အနားယူရတော့မည်ဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဘိုလာဆီသည် ပွဲကစားချိန် ၆၈ မိနစ်တွင် အဆိုပါဒဏ်ရာကို ရရှိသွားခဲ့ခြင်းဖြစ်ပြီး ဆေးစစ်ချက်အဖြေများအရ ဘိုလာဆီ၏ဒဏ်ရာကို ခွဲစိတ်ကုသရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း အဲဗာတန်အသင်း ဆေးအဖွဲ့က အတည်ပြုလိုက်ပြီလည်းဖြစ်သည်။

ဒီအာရ်ကွန်ဂိုလက်ရွေးစင်အသင်း တိုက်စစ်မှူး ဘိုလာဆီသည် လွန်ခဲ့သည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ခရစ္စတယ်ပဲလေ့စ်မှနေ၍ အဲဗာတန်ထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ဒဏ်ရာအခြေအနေအရ လာမည့်ဇန်နဝါရီလတွင် ဂါဘွန်နိုင်ငံ၌ ကျင်းပမည့် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကိုလည်း ဘိုလာဆီက လွဲချော်ရတော့မည်ဖြစ်သည်။

ဘိုလာဆီသည် လက်ရှိဘောလုံးရာသီတွင် အဲဗာတန်အတွက် ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၁၅ ပွဲ ပါဝင်ကစားပေးထားပြီးဖြစ်ကာ ဘိုလာဆီ ရာသီကုန်အထိ နားရတော့မည်ဖြစ်၍ တိုက်စစ်ပိုင်းဆိုင်ရာတွင် အခက်အခဲများရှိလာတော့မည်ကို အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းက စိုးရိမ်ပူပန်နေပြီလည်းဖြစ်သည်။

ရော်နယ်ကိုးမန်းသည် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းအတွက် ကစားသမားသစ်ငါးဦး ခေါ်ယူအားဖြည့်လိုကြောင်း ဒါရိုက်တာဘုတ်အဖွဲ့ထံသို့ တရားဝင်တင်ပြတောင်းဆိုထားပြီဖြစ်ကာ လက်ရှိအခြေအနေများအရ ဘိုလာဆီနေရာကို အစားဖြည့်ရန်အတွက် မန်ယူတိုက်စစ်တောင်ပံကစားသမား ဒီပေးကို အငှားခေါ်ယူခွင့်ရနိုင်ရန် ရော်နယ်ကိုးမန်းက အရှိန်မြှင့် ဆောင်ရွက်သွားဖွယ်ရှိနေပြီလည်းဖြစ်သည်။

■ E-11





# အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ မဲခွဲထုတ်ပြန်

**လန်ဒန်၊ ဒီဇင်ဘာ ၆**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) သည် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ လက်ရှိချန်ပီယံ မန်ယူအသင်းမှာ ချန်ပီယံရှစ်ကလပ် ရက်ဒင်းအသင်းနှင့် မဲကျသွားခဲ့ပြီး ယင်းပွဲစဉ်ကို မန်ယူက အိမ်ကွင်းပွဲစဉ်အဖြစ် လက်ခံကစားသွားရလိမ့်မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ရက်ဒင်းအသင်းကို နည်းပြအဖြစ် ဦးဆောင်နေသော မန်ယူနောက်ခံကစားသမားဟောင်း ယပ်စတမ်းသည် အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်ရန်အတွက် အိုးလ်ထရက်ဖို့ဒ်သို့ လာရောက်ရတော့မည်ဖြစ်ကာ ယမန်နှစ်ဘော လုံးရာသီ အက်ဖ်အေဖလားဗိုလ်လုပွဲ၌ မန်ယူကို အရေးနိမ့်ကာ ဒုတိယဖြင့်သာကျေနပ်လိုက်ရသော ခရစ္စတယ်ပဲ လေ့စ်မှာမူ အက်ဖ်အေဖလားတတိယအဆင့်၌ ချန်ပီယံရှစ်ကလပ် ဘော်လ်တန်ကို အဝေးကွင်းတွင် သွားရောက် ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

အက်ဖ်အေဖလားတတိယအဆင့်တွင် ပရီးမီးယားလိဂ်အသင်း အချင်းချင်း ထိပ်တိုက်တွေ့သည့်ပွဲစဉ် လေးပွဲသာ ပါဝင်ခဲ့ပြီး အဆိုပါပွဲစဉ်များမှာ ဆန်းဒါးလန်းနှင့် ဘန်လေ၊ ဟားလ်စီးတီးနှင့် ဆွမ်ဆီး၊ ဝက်စ်ဟမ်းနှင့် မန်စီးတီး၊ အဲဗာတန်နှင့် လက်စတာတို့ ထိပ်တိုက်တွေ့သည့်ပွဲစဉ်များဖြစ်ကြသည်။

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်များတွင် သရေရလဒ်များထွက်ပေါ်ခဲ့သည့်ပွဲများကို ပြန်ကန်ပွဲများ ပြန်လည်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ယခုနှစ်အက်ဖ်အေဖလားပြိုင်ပွဲတွင် ပြန်ကန်ပွဲစနစ်မှာ တစ်ဆင့်ထပ်မံလျော့သွားပြီလည်း ဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် လွန်ခဲ့သည့်ဘောလုံးရာသီများ၌ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲနှင့် ဆီမီး ဖိုင်နယ်ပွဲစဉ်များကိုသာ တစ်ကျော့တည်းစနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး လက်ရှိဘောလုံးရာသီတွင်မူ ကွာတားဖိုင်နယ်အဆင့်ကိုလည်း တစ်ကျော့တည်းစနစ်ဖြင့် ကျင်းပသွားမည်ဟု အက်ဖ်အေက ဆုံးဖြတ်ထားပြီဖြစ်သည်။

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်များကို လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှနေ၍ ၉ ရက်နေ့တိုင်သည်အထိ ကျင်းပသွားမည်ဖြစ်သည်။ ■ E-11



**အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ**

| | | |
|---|---|---|
| အစ်ဆွစ်ချ် | - | လင်ကွန်း |
| မန်ယူ | - | ရက်ဒင်း |
| ဆန်းဒါးလန်း | - | ဘန်လေ |
| မီဝေါလ် | - | ဘုန်းမောက် |
| ဘရိုက်တန် | - | အမ်ကေဒွန်းစ် (သို့)ချာလ်တန် |
| ဝီဂန် | - | နော်တင်ဟမ် |
| ချယ်လ်ဆီး | - | ပီတာဘရော့(သို့) နော့စ်ကောင်တီ |
| ဝက်စ်ဘရွန်း | - | ဒါဘီ |
| လီဗာပူး | - | နယူးပေါ့တ်(သို့) ပလိုင်းမောက် |
| ဝက်ဖို့ဒ် | - | ဘာတန် |
| ကာဒစ်ဖ် | - | ဖူလ်ဟမ် |
| ကမ်းဘရစ်ချ် | - | လိဒ်စ်ယူနိုက်တက် |
| ဟတ်ဒါးစဖီးလ် | - | ပေါ့တ်ဗေးလ် |
| ဘရန့်ဖို့ဒ် | - | ဟာလီဖက်စ်(သို့) အိတ်စ်လိုင်းဂျ် |
| နော့ဝစ်ချ် | - | ဆောက်သမ်တန် |
| အက်ကရင်တန် | - | လူတန် |
| ဘာရီး | - | ရော့ချ်ဒေးလ် |
| ဟားလ်စီးတီး | - | ဆွမ်ဆီး |
| ကျူပီအာ | - | ဘလက်ဘန်း |
| ဝက်စ်ဟမ်း | - | မန်စီးတီး |
| ဘလက်ပူးလ် | - | ဘန်စလေ |
| ဘာမင်ဂမ် | - | နယူးကာဆယ် |
| မစ်ဒယ်ဘရော့ | - | ရှက်ဖီးဝမ်းနက်စ်ဒေး |
| အဲဗာတန် | - | လက်စတာ |
| ဝိုင်ကွမ်ဘီ | - | နော်သမ်တန်(သို့) စတိုအာဘရစ်ချ် |
| ပရက်စတန် | - | အာဆင်နယ် |
| စတုတ်စီးတီး | - | ဝုလ်ဗာဟမ်တန် |
| ဘရစ္စတိုးစီးတီး | - | ရှရူးဘူရီ(သို့) ဖလက်ဝုဒ် |
| စပါး | - | အက်စတွန်ဗီလာ |
| ဘော်လ်တန် | - | ခရစ္စတယ်ပဲလေ့စ် |
| ဆပ်တန်ယူနိုက်တက် | - | ဝင်ဘယ်လ်ဒန် |
| ရိုသာဟမ် | - | အောက်စဖို့ဒ်(သို့) မက္ကလက်စ်ဖီးလ် |

# လက်ရွေးစင် ဖူဆယ်အသင်းများ အတွက် နိုင်ငံခြားသားနည်းပြများ ခေါ်ယူမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

၂၀၁၇ ခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့်နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မည့်မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး ဖူဆယ်အသင်းများအတွက် နိုင်ငံခြားသားနည်းပြများကို ခေါ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ပြောကြားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းသည် လက်ရှိတွင် နည်းပြလစ်လပ်လျက်ရှိပြီး အမျိုးသမီးအသင်းနည်းပြချုပ် ဦးဌေးမြင့်က ယာယီနည်းပြချုပ်အဖြစ် နှစ်သင်းလုံးကို ပူးတွဲတာဝန်ယူလျက်ရှိကြောင်း၊ လာရောက်လျှောက်ထားသည့်နည်းပြများရှိနေပြီဖြစ်သော်လည်း အလောတကြီး ခန့်အပ်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“နိုင်ငံခြားသားနည်းပြတွေ ခန့်ဖို့ လျှောက်လွှာတွေလည်း ရထားပါတယ်။ ဒါပေမဲ့ အဲဒီထဲကမှ အသင်းနဲ့ သင့်တော်တဲ့သူကို ပြန်ရွေးဖို့ နည်းစနစ်အဖွဲ့တွေ၊ ဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေ တိုင်ပင်ဆွေးနွေးတာတွေ လုပ်ပြီးမှ ခန့်မှာပါ”ဟု ဦးကြည်မင်းသိန်းက ဆိုသည်။

မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ထိုင်းဘုရင်ကွယ်လွန်ခဲ့သည့်အတွက် ကျင်းပရန် ရက်ရွှေ့ခဲ့သည့် ၂၀၁၆ ခုနှစ် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်ဇန်နဝါရီလအတွင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယှဉ်ပြိုင်ရန်ရှိနေပြီး ယင်းအသင်းကိုမူ နည်းပြချုပ်အဖြစ် ဦးဌေးမြင့်ကိုသာ တာဝန်ယူစေမည်ဖြစ်ကြောင်း အဆိုပါကော်မတီနှင့်နီးစပ်သူများထံက သိရှိရသည်။

မြန်မာနိုင်ငံ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီအနေနှင့် ၂၀၁၇ ခုနှစ်အတွင်းတွင် မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်ရှိနေရာ အမျိုးသား၊ အမျိုးသမီး နှစ်သင်းလုံး ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရေးအတွက် နိုင်ငံခြားသားနည်းပြများ ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု ယင်းကော်မတီ က ထုတ်ပြန်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းကို အီရန်နိုင်ငံသားနည်းပြ ဆာအိက ၂၀၁၆ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး အောင်မြင်မှုတစ်စုံတစ်ရာ မရရှိခဲ့ဘဲ အမျိုးသမီးလက်ရွေးစင်အသင်းကိုလည်း ဂျပန်နိုင်ငံသားနည်းပြတစ်ဦးက ၂၀၁၃ ခုနှစ် SEA Games အထိ နောက်ဆုံးတာဝန်ယူခဲ့ဖူးသည်။

■ J-04

# ရီးရဲလ်မက်ဒရစ်နဲ့ ဒေါ့မွန်တို့ရဲ့ အုပ်စုဗိုလ်နေရာလုပွဲ ဘယ်အသင်း အောင်ပွဲခံမလဲ

## ယနေ့ည ယှဉ်ပြိုင်ကစားမည့်ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၆) ဒုတိယညပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဒီကနေ့ည ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်တွေထဲမှာ အုပ်စု(ဆ)ရဲ့ပွဲစဉ်နှစ်ပွဲက စိတ်ဝင်စားစရာကောင်းလို့နေပါတယ်။ ပေါ်တိုနဲ့ လက်စတာ၊ ဘရုဂေးနဲ့ ကိုပင်ဟေဂင်တို့ အားပြိုင်ကြမယ့်ပွဲစဉ်တွေဟာ ပေါ်တိုနဲ့ ကိုပင်ဟေဂင်အနက် ဘယ်အသင်းက နောက်တစ်ဆင့်တက်ခွင့် ရသွားလေမလဲ ဆိုတာကို အဆုံးအဖြတ်ပေးသွားမှာပါ။ ရီးရဲလ်မက်ဒရစ်နဲ့ ဒေါ့မွန်တို့ အုပ်စုဗိုလ်နေရာလုမယ့်ပွဲစဉ်ကလည်း ရင်ခုန်ချင်စရာပါပဲ။ စပါး၊ စီအက်စ်ကေအေမော်စကို၊ စပို့တင်းလစ္စဘွန်းနဲ့ လီဂီယာဝါဆောတို့ကတော့ ယူရိုပါလိဂ်ဆက်လက်ကစားခွင့်ရနိုင်ရေးအတွက် တိုက်ပွဲဝင်ကြရဦးမှာဖြစ်ပါတယ်။


DPA

### ဂျူဗင်တပ် - ဒိုင်နမိုဇာဂရက်

ဒိုင်နမိုဇာဂရက်ဟာ ကစားခဲ့ပြီးတဲ့ အုပ်စုပွဲစဉ်ငါးပွဲလုံး ရှုံးနိမ့်ထားသလို အဲ့ဒီပွဲစဉ်ငါးပွဲမှာ ၁၃ ဂိုးအထိ ပေးထားရပါတယ်။ အုပ်စုပထမနေရာကို အရယူဖို့အတွက် ဂျူဗင်တပ်က ဒီပွဲကို အနိုင်ကန်သွားမှာပါ။ ဒါပေမဲ့ သုံးဂိုးပြတ်ဖို့ကတော့ ခက်နိုင်တယ်လို့ယူဆမိပါတယ်။ တိုရီနိုနဲ့ ကစားရမယ့် တူရင်ဒါဘီ၊ ရိုးမားနဲ့အားပြိုင်ရမယ့် ပွဲကျပ်တွေဟာ စီးရီးအေမှာ ဂျူဗင်တပ်ကို စောင့်ကြိုနေတာ သတိပြုသင့်ပါတယ်။ ဒိုင်နမိုဇာဂရက်ကို ရွေးမယ်။

### လိုင်ယွန် - ဆီဗီလာ

လိုင်ယွန်ဟာ နောက်တစ်ဆင့်တက်ခွင့်ကို အရယူဖို့အတွက် အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ပြီး ကစားသွားပါလိမ့်မယ်။ ဒါပေမဲ့ ဆီဗီလာဟာ သရေတစ်မှတ်ရရုံနဲ့ လုံလောက်သွားဖို့ရှိနေတာကို မဖြစ်မနေ ထည့်တွက်ကြရမှာပါ။ နှစ်သင်းလုံးအတွက် သရေဟာ အမျှတဆုံးသောရလဒ်ပါပဲ။ ဆီဗီလာကို အားပေးမယ်။

### ပေါ်တို - လက်စတာ

လက်စတာအတွက်က ရှုံးရှုံးနိုင်နိုင် အုပ်စုပထမနေရာကနေပြီး ရွေ့သွားဖို့ ရှိမနေတော့ပါဘူး။ ပေါ်တိုကတော့ ဒီပွဲမှာ သူတို့ရှုံးပြီး အခြားတစ်ဖက်မှာ ကိုပင်ဟေဂင်နိုင်သွားခဲ့ရင် နောက်တစ်ဆင့်တက်ခွင့်ကို လက်လွှတ်လိုက်ရမှာပါ။ အိမ်ရှင်အခွင့်အရေးကို လက်ကိုင်ပြုပြီး ခြေကုန်ထုတ် ရှန်းကန်သွားမယ့် ပေါ်တိုကို အကြိုက်တွေ့မိတယ်။

### ဘရုဂေး - ကိုပင်ဟေဂင်

ဘရုဂေးက ကစားခဲ့ပြီးတဲ့ အုပ်စုအဆင့်ပွဲစဉ်ငါးပွဲလုံး ရှုံးနိမ့်ထားတဲ့ အသင်းပါ။ တိုက်စစ်လုပ်အားနှုန်းက အားရစရာမကောင်းလှသလို ခံစစ်ကလည်း ပွင့်ထွက်လွန်းတာမို့ အိမ်ရှင်ဖြစ်နေပေမယ့် ကိုပင်ဟေဂင်ကို ဘရုဂေး အသာစီးယူနိုင်ဖို့က ခက်လှပါတယ်။ ကိုပင်ဟေဂင်နဲ့ပဲ စွန့်စားခန်းဖွင့်လိုက်ကြရအောင်။

### လီဂီယာဝါဆော - စပို့တင်းလစ္စဘွန်း

လီဂီယာဝါဆောဟာ အနိုင်ရလဒ်ကို ရယူနိုင်ခဲ့မယ်ဆိုရင် ယူရိုပါလိဂ်ဆီ သွားရောက်ကစားခွင့်ရနိုင်ဖို့ အခွင့်အရေး ကျန်ရှိနေဆဲပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကစားခဲ့ပြီးတဲ့ အုပ်စုပွဲစဉ် ငါးပွဲမှာ ပေးဂိုး ၂၄ ဂိုးအထိ ရှိထားတဲ့ လီဂီယာဝါဆော ခံစစ်ကြောင်းကို မယုံရဲပါဘူး။ စပို့တင်းလစ္စဘွန်းနဲ့ပဲ လက်တွဲထားလိုက်ရအောင်။

### ရီးရဲလ်မက်ဒရစ် - ဒေါ့မွန်

အုပ်စုဗိုလ်နေရာအတွက် သူတင်ကိုယ်တင် အပြိုင်ကျဲကြရမယ့်ပွဲစဉ်ပါပဲ။ ဒေါ့မွန်အတွက် သရေရရုံနဲ့တင် လုံလောက်ပေမယ့် ရီးရဲလ်မက်ဒရစ်အတွက်ကတော့ အနိုင်ရလဒ် လိုအပ်နေပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူးကွင်းမှာတော့ ဒေါ့မွန် အစွမ်းမပြနိုင်လောက်ပါဘူး။ ရီးရဲလ်မက်ဒရစ် ကပ်နိုင်သွားပါလိမ့်မယ်။

### စပါး - စီအက်စ်ကေအေမော်စကို

စပါးဟာ ယူရိုပါလိဂ်ဆက်လက်ကစားခွင့်အတွက် အနိမ့်ဆုံးအဖြစ် သရေရလဒ် ရယူနိုင်ဖို့ လိုအပ်နေပါတယ်။ စီအက်စ်ကေအေရဲ့ တစ်ပွဲသရေကျပြီးရင် တစ်ပွဲရှုံးတတ်လေ့ရှိတဲ့ရစ်သမ်သာ ဆက်လက်မှန်ကန်နေဦးမယ်ဆိုရင် ဒီပွဲက စပါး ရလဒ်ကောင်းမယ့်ပွဲပါပဲ။ စပါးကို အားပေးကြည့်ဖို့ ဆုံးဖြတ်ထားတယ်။

### လေဗာကူဆင် - မိုနာကို

ဒီပွဲစဉ်က အရေးမပါတော့ဘူးလို့တောင် ဆိုနိုင်ပါတယ်။ ဘယ်အသင်းပဲနိုင်နိုင် မိုနာကိုက အုပ်စုပထမ၊ လေဗာကူဆင်က အုပ်စုဒုတိယ ဆိုတဲ့ ရပ်တည်မှုက ပြောင်းလဲသွားဖို့ ရှိမနေတော့ပါဘူး။ သရေဟာ နှစ်သင်းလုံးအတွက် မျှတတဲ့ရလဒ်လို့ ယူဆမိပါတယ်။ မိုနာကိုနဲ့ စွန့်စားခန်းဖွင့်လိုက်ကြရအောင်။

■E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၇-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) ဆူဇူကီးဖလား ဆီမီးဖိုင်နယ်(ဒုတိယအကျော့)**

| | |
|---|---|
| ည ၆း၃၀ နာရီ | ဗီယက်နမ် - အင်ဒိုနီးရှား |

**၈-၁၂-၂၀၁၆(ကြာသပတေးနေ့) ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၆)**

| | |
|---|---|
| နံနက် ၂း၁၅ နာရီ | စပါး - CSKA မော်စကို |
| နံနက် ၂း၁၅ နာရီ | လေဗာကူဆင် - မိုနာကို |
| နံနက် ၂း၁၅ နာရီ | လီဂီယာဝါဆော - စပို့တင်းလစ္စဘွန်း |
| နံနက် ၂း၁၅ နာရီ | ရီးရဲလ်မက်ဒရစ် - ဒေါ့မွန် |
| နံနက် ၂း၁၅ နာရီ | ဘရုဂေး - ကိုပင်ဟေဂင် |
| နံနက် ၂း၁၅ နာရီ | ပေါ်တို - လက်စတာ |
| နံနက် ၂း၁၅ နာရီ | ဂျူဗင်တပ် - ဒိုင်နမိုဇာဂရက် |
| နံနက် ၂း၁၅ နာရီ | လိုင်ယွန် - ဆီဗီလာ |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးအများဆုံးသွင်းထားကြသူများ

| ကစားသမားအမည် | အသင်း | သွင်းဂိုးအရေအတွက် |
|---|---|---|
| မက်ဆီ | ဘာစီလိုနာ | ၉ ဂိုး |
| ကာဗာနီ | ပီအက်စ်ဂျီ | ၅ ဂိုး |
| လီဝန်ဒေါ့စကီး | ဘိုင်ယန်မြူးနစ် | ၄ ဂိုး |
| မာရက်ဇ် | လက်စတာ | ၄ ဂိုး |
| အိုဇေးလ် | အာဆင်နယ် | ၄ ဂိုး |
| အဂူရို | မန်စီးတီး | ၃ ဂိုး |
| ကွာရက်စ်မာ | ဘက်ဆစ်တပ် | ၃ ဂိုး |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးဖန်တီးမှုအများဆုံးလုပ်ဆောင်ထားကြသူများ

| ကစားသမား | အသင်း | ဂိုးဖန်တီးမှုအကြိမ် |
|---|---|---|
| နေမာ | ဘာစီလိုနာ | ၇ ကြိမ် |
| ဒမ်ဘီလီ | ဒေါ့မွန် | ၅ ကြိမ် |
| စီရော်နယ်ဒို | ရီးရဲလ်မက်ဒရစ် | ၄ ကြိမ် |
| အဲလ်ဗက်စ် | ဂျူဗင်တပ် | ၂ ကြိမ် |
| ကွာရက်စ်မာ | ဘက်ဆစ်တပ် | ၂ ကြိမ် |
| မာရီယာနို | ဆီဗီလာ | ၂ ကြိမ် |
| လာမယ်လာ | စပါး | ၂ ကြိမ် |
| မက်ဆီ | ဘာစီလိုနာ | ၂ ကြိမ် |

### ပထမအကျော့ရလဒ်များ

| | | |
|---|---|---|
| မိုနာကို | ၁ - ၁ | လေဗာကူဆင် |
| စီအက်စ်ကေအေမော်စကို | ၀ - ၁ | စပါး |
| ဒေါ့မွန် | ၂ - ၂ | ရီးရဲလ်မက်ဒရစ် |
| စပို့တင်းလစ္စဘွန်း | ၂ - ၀ | လီဂီယာဝါဆော |
| လက်စတာ | ၁ - ၀ | ပေါ်တို |
| ကိုပင်ဟေဂင် | ၄ - ၀ | ဘရုဂေး |
| ဒိုင်နမိုဇာဂရက် | ၀ - ၄ | ဂျူဗင်တပ် |
| ဆီဗီလာ | ၁ - ၀ | လိုင်ယွန် |

### ယနေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုများ ရပ်တည်မှုအခြေအနေ

**အုပ်စု(င)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မိုနာကို | ၅ | ၃ | ၂ | ၀ | ၉ | ၄ | ၁၁ |
| လေဗာကူဆင် | ၅ | ၁ | ၄ | ၀ | ၅ | ၄ | ၇ |
| စပါး | ၅ | ၁ | ၁ | ၃ | ၃ | ၅ | ၄ |
| စီအက်စ်ကေအေ | ၅ | ၀ | ၃ | ၂ | ၄ | ၈ | ၃ |

**အုပ်စု(စ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဒေါ့မွန် | ၅ | ၄ | ၁ | ၀ | ၁၉ | ၇ | ၁၃ |
| ရီးရဲလ်မက်ဒရစ် | ၅ | ၃ | ၂ | ၀ | ၁၄ | ၈ | ၁၁ |
| စပို့တင်းလစ္စဘွန်း | ၅ | ၁ | ၀ | ၄ | ၅ | ၇ | ၃ |
| လီဂီယာဝါဆော | ၅ | ၀ | ၁ | ၄ | ၈ | ၂၄ | ၁ |

**အုပ်စု(ဆ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| လက်စတာ | ၅ | ၄ | ၁ | ၀ | ၇ | ၁ | ၁၃ |
| ပေါ်တို | ၅ | ၂ | ၂ | ၁ | ၄ | ၃ | ၈ |
| ကိုပင်ဟေဂင် | ၅ | ၁ | ၃ | ၁ | ၅ | ၂ | ၆ |
| ဘရုဂေး | ၅ | ၀ | ၀ | ၅ | ၂ | ၁၂ | ၀ |

**အုပ်စု(ဇ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဂျူဗင်တပ် | ၅ | ၃ | ၂ | ၀ | ၉ | ၂ | ၁၁ |
| ဆီဗီလာ | ၅ | ၃ | ၁ | ၁ | ၇ | ၃ | ၁၀ |
| လိုင်ယွန် | ၅ | ၂ | ၁ | ၂ | ၅ | ၃ | ၇ |
| ဒိုင်နမိုဇာဂရက် | ၅ | ၀ | ၀ | ၅ | ၀ | ၁၃ | ၀ |

# အင်တာမီလန်ကို တာဝန်ယူလိမ့်မည်ဟု သားဖြစ်သူ၏ ပြောကြားချက်မှာ မှန်ကန်ကြောင်း ဆီမြွန်နီ ဝန်ခံ

**မီလန်၊ ဒီဇင်ဘာ ၆**

အက်သလက်တီကိုနည်းပြ ဒီယေဂို ဆီမြွန်နီသည် ၎င်း၏သားဖြစ်သူက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် စီးရီးအေကလပ် အင်တာမီလန်အသင်းကို ၎င်းတာဝန်ယူ ကိုင်တွယ်လိမ့်မည်ဟု ပြောကြားသွားခြင်းမှာ ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သည်ဟု Marca က ဖော်ပြထားသည်။

ဆီမြွန်နီနှင့် အက်သလက်တီကို အသင်းအကြားတွင် ချုပ်ဆိုထားသည့် စာချုပ်သည် လာမည့် ၂၀၁၈ ခုနှစ် ဇွန်လသို့ ရောက်ရှိချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ အင်တာမီလန်အသင်းတာဝန်ရှိသူများဘက်ကလည်း ဆီမြွန်နီကို အသင်းနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးရန် စိတ်ဝင်စားမှုရှိကြောင်းကို ထုတ်ဖော်ဝန်ခံထားပြီဖြစ်သည်။

ဆီမြွန်နီသည် လက်ရှိစာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် အက်သလက်တီကိုကို ကျောခိုင်းစွန့်ခွာတော့မည်ဖြစ်ကြောင်း အသိပေးထားပြီးဖြစ်ကာ ၎င်းကစားသမားဘဝဖြတ်သန်းခဲ့ရာ အင်တာမီလန်ထံသို့ နည်းပြအဖြစ် တစ်ကျော့ပြန်လည်သွားရောက်လိုသည်ကို မိသားစုဝင်အားလုံးသိရှိကြောင်းလည်း ဆီမြွန်နီက ပြောကြားထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဆီမြွန်နီက "ကျွန်တော့်သား ပြောခဲ့တဲ့စကားတွေက အမှန်တရားတွေပါပဲ။ အနာဂတ်မှာ အင်တာမီလန်ကို ကျွန်တော်နည်းပြချင်တာ တစ်မိသားစုလုံး သိပြီးသားပါ။ အခုအချိန်မှာတော့ အနာဂတ်နဲ့ပတ်သက်ပြီး ဘာအကြောင်းမှပြောဖို့ မရှိသေးပါဘူး။ သေချာတာက တစ်နေ့နေ့ရောက်လို့ မျှော်လင့်ထားတဲ့အတိုင်း အခွင့်အရေးရလာခဲ့မယ်ဆိုရင် အင်တာမီလန်ကို ကျွန်တော် ဦးဆောင်သွားမယ်ဆိုတာပါပဲ"ဟု ရှင်းပြသွားခဲ့သည်။

ဆီမြွန်နီ၏သားဖြစ်သူ ဂျီအိုဗန်နီသည် လက်ရှိတွင် စီးရီးအေကလပ် ဂျီနိုအာထံ၌ ကစားသမားဘဝဖြတ်သန်းလျက်ရှိပြီး အင်တာမီလန်အသင်းကို တာဝန်ယူရန် ၎င်း၏ဖခင်ဖြစ်သူက ဆန္ဒရှိနေကြောင်းကို များမကြာမီက သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဂျီအိုဗန်နီက အသိပေးသွားခဲ့ခြင်းဖြစ်သည်။ ■ E-11






# ချာပီကိုအန်ဆီကို ကိုပါဆူဒါမီရိကာနာဖလား ချန်ပီယံအသင်းအဖြစ် သတ်မှတ်

**ချာပီကို၊ ဒီဇင်ဘာ ၆**

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်သည် လေယာဉ်ပျက်ကျမှုကြောင့် အသင်းကစားသမား ၁၉ ဦး ဆုံးရှုံးလိုက်ရသည့် ဘရာဇီးကလပ် ချာပီအိုအန်ဆီအသင်းကို ကိုပါဆူဒါမီရိကာနာဖလားပြိုင်ပွဲ ချန်ပီယံအသင်းအဖြစ် သတ်မှတ်ပေးလိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

ချာပီကိုအန်ဆီအသင်းသည် လွန်ခဲ့သည့် နိုဝင်ဘာလ ၂၈ ရက်နေ့၌ ကိုလံဘီယာနိုင်ငံသို့ ကိုလံဘီယာကလပ် အက်သလက်တီကို နေစီယွန်နယ်နှင့် ကိုပါဆူပါမီရိကာနာဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် လာရောက်ခဲ့ရာတွင် လေယာဉ်ပျက်ကျမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး အဆိုပါ လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် လူပေါင်း ၇၁ ဦး အသက်ဆုံးရှုံးခဲ့ကြရသည်။

ချာပီကိုအန်ဆီအသင်းသည် ကစားသမား ၁၉ ဦးအပြင် နည်းပြအဖွဲ့ဝင်များနှင့် အသင်းအုပ်ချုပ်သူများကိုလည်း ဆုံးရှုံးလိုက်ရပြီး လေယာဉ်ပျက်ကျမှု ဖြစ်ပွားပြီး တစ်ရက်အကြာ၌ပင် ချာပီကိုအန်ဆီကို ကိုပါဆူဒါမီရိကာနာဖလားပြိုင်ပွဲ၏ချန်ပီယံအဖြစ် သတ်မှတ်ပေးပါရန် တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်ထံသို့ အက်သလက်တီကို နေစီယွန်နယ်အသင်းက အကြောင်းကြားစာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို နေစီယွန်နယ်သည် ဘောလုံးတစ်ရာသီအတွင်း ကိုပါလီဘာတာဒိုးစ်နှင့် ကိုပါဆူဒါမီရိကာနာဖလား ပြိုင်ပွဲ နှစ်ရပ်လုံး(တောင်အမေရိကတိုက်တွင် အချို့သောအသင်းများမှာ ယင်းကဲ့သို့ပင် ပြိုင်ပွဲနှစ်ရပ်လုံးကို ပါဝင်ကစားခွင့်ရရှိကြသည်)တွင် ဗိုလ်စွဲသည့်အသင်းအဖြစ် သမိုင်းမှတ်တမ်းရေးထိုးနိုင်မည့် အခွင့်အရေးကို လက်လွှတ်၍ ချာပီကိုအန်ဆီကို ချန်ပီယံအသင်းအဖြစ် သတ်မှတ်ပေးပါရန် တောင်းဆိုခဲ့ခြင်းဖြစ်ကာ ၎င်းတို့၏ တောင်းဆိုမှုကို တောင်အမေရိကဘောလုံးအဖွဲ့ချုပ်ဘက်က လိုက်လျောသဘောတူညီပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း အက်သလက်တီကို နေစီယွန်နယ်အသင်းက ထုတ်ပြန်ကြေညာသွားခဲ့သည်။

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်သည် ချာပီကိုအန်ဆီကို ၂၀၁၆ ခုနှစ် ကိုပါဆူဒါမီရိကာနာဖလားပြိုင်ပွဲ၏ ဂုဏ်ထူးဆောင်ချန်ပီယံအသင်းအဖြစ် သတ်မှတ်ပေးခဲ့ကာ အက်သလက်တီကို နေစီယွန်နယ်အသင်းကိုမူ ၎င်းတို့၏စွန့်လွှတ်မှုအတွက် အသန့်ရှင်းဆုံးဆု(Fair Play Award) ပေးအပ်သွားမည်ဖြစ်ကြောင်း တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာသွားခဲ့သည်။

ချာပီကိုအန်ဆီသည် ကိုပါဆူဒါမီရိကာနာဖလားပြိုင်ပွဲ၏ချန်ပီယံအသင်းအဖြစ် သတ်မှတ်ခံလိုက်ရသည့်အတွက် လာမည့် ဘောလုံးရာသီတွင် ကိုပါလီဘာတာဒိုးစ်ဖလားပြိုင်ပွဲကို တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရသွားခဲ့ပြီလည်းဖြစ်သည်။ ■ E-11

# TODAY UPDATE NEWS

- ဘရာဇီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ကိုလံဘီယာလက်ရွေးစင်ဘောလုံးအသင်းတို့သည် ဘရာဇီးကလပ် ချာပီအိုအန်ဆီအသင်းကစားသမားများအပါအဝင် လူပေါင်း ၇၁ ဦး အသက်ဆုံးရှုံးခဲ့ရသည့် လေယာဉ်ပျက်ကျမှုဖြစ်စဉ်အတွက် လာမည့် ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်တွင် ရန်ပုံငွေရှာဖွေရေး ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်ကစားပေးရန် သဘောတူညီလိုက်ကြပြီဖြစ်ပြီး ယင်းပွဲစဉ်မှရရှိသည့် ကွင်းဝင်ကြေးများကို လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့ကြရသူများ၏ကျန်ရစ်သူမိသားစုဝင်များကို ခွဲဝေပေးသွားမည်ဟု သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များက ကြေညာချက်ထုတ်ပြန်ထားကြောင်း Reuters က ဖော်ပြထားသည်။

- လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့ရသည့် ချာပီကိုအန်ဆီအသင်း ကစားသမားများ၊ နည်းပြအဖွဲ့ဝင်များနှင့် အသင်းအုပ်ချုပ်သူများ၏ရုပ်အလောင်းများသည် အသင်းအခြေစိုက်ရာ ဘရာဇီးနိုင်ငံ ချာပီကိုမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကာ ရုပ်အလောင်းထည့်ထားသည့် အခေါင်းများကို ချာပီကိုအန်ဆီအသင်း၏အထိမ်းအမှတ်ဖြစ်သည့် အစိမ်းရောင်နှင့် အဖြူရောင်အဝတ်များလွှမ်းခြုံ၍ သယ်ဆောင်လာခဲ့သည်ဟု BBC က ဖော်ပြထားသည်။ ချာပီကိုမြို့သို့ပြန်လည်ရောက်ရှိလာသည့် အဆိုပါရုပ်အလောင်းများကို မြို့ခံ ၁၃,၀၀၀ ကျော်က အသင်းအခြေစိုက်ရာ ဘောလုံးကွင်းသို့လာရောက်၍ ဂါရဝပြုခဲ့ကြသည်။

- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အဲဗာတန်နှင့် မန်ယူတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အဲဗာတန်နောက်ခံလူ ကိုးလ်မန်း၏ဦးခေါင်းကို ခြေထောက်ဖြင့် ကန်ကျောက်သကဲ့သို့ ဖြစ်သွားခဲ့သည့် မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်နှင့် ချယ်လ်ဆီးက မန်စီးတီးကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်စီးတီးကွင်းလယ်လူ ဖာနန်ဒင်ညိုနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သော ချယ်လ်ဆီးကွင်းလယ်လူ ဖာဘရီဂတ်စ်တို့ကို အရေးမယူရန် ဆုံးဖြတ်လိုက်ကြောင်း The FA က ဖော်ပြထားသည်။ အက်ဖ်အေစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မန်စီးတီး၊ ချယ်လ်ဆီး၊ ဝက်စ်ဘရွန်းနှင့် ဝက်ဖို့ဒ်တို့ကိုမူ နှစ်ဖက်ကစားသမားများအကြား ရန်ပွဲဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ၌ ကစားသမားများကို ထိန်းသိမ်းနိုင်စွမ်း ကင်းမဲ့ခဲ့မှုဖြင့် စွဲချက်တင်ထားသည်။

# ဆန်းချက်ဇ်ထံသို့ ဖုန်းခေါ်ဆိုခြင်းမရှိခဲ့ကြောင်း ဂွါဒီယိုလာရှင်းလင်း

**မန်ချက်စတာ၊ ဒီဇင်ဘာ ၆**


AP

မန်စီးတီးနည်းပြဂွါဒီယိုလာသည် အာဆင်နယ်က ဝက်စ်ဟမ်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် ယင်းပွဲစဉ်၌ အာဆင်နယ်အသင်းအတွက် ဟက်ထရစ်သွင်းယူပေးခဲ့သော တိုက်စစ်မှူးဆန်းချက်ဇ်ထံသို့ ဖုန်းခေါ်ဆို၍၎င်းတို့နှစ်ဦးအကြား အချိန်အတန်ကြာ ဖုန်းပြောခဲ့သည်ဟူသော သတင်းဖော်ပြချက်များကို ငြင်းဆိုလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

ဂွါဒီယိုလာသည် ဆန်းချက်ဇ်ကို ခေါ်ယူရန် မန်စီးတီးက ကမ်းလှမ်းဆက်သွယ်ခဲ့သည်ဟူသော သတင်းဖော်ပြချက်များမှာ အလိမ်အညာများသာဖြစ်သည်ဟု အတိအလင်းပြောကြားလိုက်ပြီး ဆန်းချက်ဇ်မှာ မည်သည့်အသင်းတွင်ဖြစ်စေ အံဝင်စွာကစားနိုင်စွမ်းရှိသည့် ကစားသမားမျိုးဖြစ်သော်လည်း မန်စီးတီးအတွက် မလိုအပ်ဟု ဂွါဒီယိုလာက ရှင်းပြသွားခဲ့သည်။

ဆန်းချက်ဇ်သည် လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်အတွက် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၁၃ ဂိုးအထိ ရယူပေးထားပြီဖြစ်ကာ အာဆင်နယ်ထံတွင် ကစားသမားဘဝဖြတ်သန်းမှု ဘောလုံးရာသီသုံးရာသီအတွင်း ပရီးမီးယားလိဂ်ပွဲစဉ်ပေါင်း ၇၅ ပွဲကို ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ရာ၌ ဆန်းချက်ဇ်ရယူပေးခဲ့သည့် သွင်း ဂိုးအရေအတွက်မှာ ၄၀ အထိ ရှိနေပြီဖြစ်သည်။

ဆန်းချက်ဇ်နှင့် အာဆင်နယ်အသင်းအကြားတွင် ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သည် လာမည့် ၂၀၁၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ အာဆင်နယ်ဘက်က စာချုပ်သစ်ချုပ်ဆိုရန် ဆန်းချက်ဇ်ကို ကမ်းလှမ်းထားပြီဖြစ်သော်လည်း နှစ်ဦးနှစ်ဖက်အကြား လုပ်ခလစာဆွေးနွေးရာတွင် သဘောတူညီမှု မရသေးသည့်အတွက် စာချုပ်သစ် အထမြောက်အကောင်အထည်ပေါ်ရေးမှာ နှောင့်နှေးနေဆဲ ဖြစ်သည်။

ဆန်းချက်ဇ်သည် စာချုပ်သစ်လက်မှတ်ရေးထိုးပြီးပါက အာဆင်နယ်၏ လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ရပ်တည်ခွင့်ရလိုလျက်ရှိပြီး ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသည့် မန်ယူနောက်ခံလူ ဖာဒီနန်ကလည်း ဆန်းချက်ဇ်မှာ အာဆင်နယ်တိုက်စစ်အတွက် မရှိမဖြစ် ကစားသမားတစ်ဦးဖြစ်နေသည့်အတွက် ယင်းသို့သော အကျိုးခံစားခွင့်ကို ရရှိသင့်ကြောင်း ထောက်ခံသွားခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် ဆဲလ်တစ်တိုက်စစ်မှူး ဒမ်ဘီလီကိုခေါ်ယူရန် စောင့်ကြည့်အကဲခတ်နေသည်ဟူသည့် သတင်းဖော်ပြချက်များကိုလည်း ငြင်းဆန်ပယ်ချထားပြီး ဒမ်ဘီလီမှာ ကစားသမားကောင်းတစ်ဦး ဖြစ်သည်ဆိုခြင်းကိုမူ ၎င်းအနေနှင့် ခြွင်းချက်မရှိလက်ခံကြောင်း ဂွါဒီယိုလာက ပြောကြားသွားခဲ့သည်။

အသက် ၂၀ အရွယ်ရှိဒမ်ဘီလီသည် လက်ရှိဘောလုံးရာသီတွင် ဆဲလ်တစ်အတွက် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၁၇ ဂိုး ရယူပေးထားပြီဖြစ်ကာ ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၃၀ နှင့်အထက် ဈေးခေါ်ထားသော ၎င်းကို ခေါ်ယူရန် လီဗာပူး၊ မန်ယူနှင့် ပီအက်စ်ဂျီတို့က အပြိုင်အဆိုင် စိတ်ဝင်စားနေကြသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂွါဒီယိုလာက "မန်စီးတီးအသင်းကို ကျွန်တော်စတင်တာဝန်ယူခဲ့တဲ့ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက သတင်းစာတွေဟာ ဟိုကစားသမားကိုကျွန်တော်ဆက်သွယ်နေပြီ၊ ဒီကစားသမားကို ကျွန်တော် ဝယ်တော့မယ်ဆိုပြီး သတင်းတွေ အဆက်မပြတ် ဖော်ပြခဲ့ပါတယ်။ အမှတ်မမှားဘူးဆိုရင် သူတို့ဖော်ပြခဲ့တာ ကစားသမား ၁၂၆ ယောက်လောက်ရှိနေပါပြီ။ အဲ့ဒီအထဲမှာ ဆန်းချက်ဇ်လည်း ပါတယ်။ ဒမ်ဘီလီလည်း ပါခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေက သတင်းမှန်တွေ မဟုတ်ပါဘူး။ အားလုံးအလိမ်အညာတွေချည်းပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# FOREIGN AFFAIRS




ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ လွှတ်တော်၌ ကျမ်းသစ္စာကျိန်ဆိုနေစဉ်

## တောင်ကိုရီးယား ခြစားမှုအရှုပ်တော်ပုံအတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို လွှတ်တော်သို့ ခေါ်ယူကြားနာ

**ဆိုးလ်၊ ဒီဇင်ဘာ ၆**

တောင်ကိုရီးယား ခြစားမှုအရှုပ်တော်ပုံကြီး စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံတွင် အကြီးဆုံးစီးပွားရေးလုပ်ငန်းစုကြီးများ၏ခေါင်းဆောင်များကို လွှတ်တော်သို့ခေါ်ယူကြားနာခဲ့ပြီး ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ဆမ်ဆောင်း၊ ဟွန်ဒိုင်းမော်တာနှင့် အခြား လုပ်ငန်းစုကြီးခြောက်ခုသည် အခွင့်အရေးရရှိရန်အလို့ငှာ သမ္မတပတ်ဂွမ်ဟီးနှင့် အချိတ်အဆက်ရှိသော ရန်ပုံငွေအဖွဲ့များကို ဒေါ်လာသန်းနှင့်ချီ ပေးအပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

သမ္မတပတ်ဂွမ်ဟီးကိုယ်တိုင်လည်း ယခုအရှုပ်တော်ပုံအတွက် စွပ်စွဲပြစ်တင် နိုင်ရေး စစ်ဆေးမှုနှင့်ရင်ဆိုင်နေရသည်။ သမ္မတနုတ်ထွက်ပေးရန် ဆန္ဒပြပွဲကြီးများလည်း ပိတ်ရက်များတွင် ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

စီးပွားရေးလုပ်ငန်းစုကြီးများ၏ အဓိကတာဝန်ရှိသူများကို ပါတီစုံမှ အမတ်များပါဝင်သောကော်မတီက ခေါ်ယူစစ်မေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကော်မတီတွင် ပြစ်ဒဏ်ချမှတ်ရန် အခွင့်အာဏာမရှိသော်လည်း ကော်မတီဥက္ကဋ္ဌက ယခုကြားနာမှုသည် တောင်းပန်မှုပြုရန် နေရာတစ်ခုဖြစ်ကြောင်း ပြောကြားထားသည်။

စီးပွားရေးလုပ်ငန်းစုကြီးများ အားလုံးလိုလိုသည် သမ္မတပတ်၏မိတ်ဆွေဖြစ်သူ နတ်ဆရာမဟု စွပ်စွဲခံရသူ ချွိုင်ဆွန်ဆီလ်၏ အကျိုးအမြတ်မယူသော ဖောင်ဒေးရှင်းများသို့ လှူဒါန်းမှုကြီးများ ပြုလုပ်ခဲ့ကြသည်။ ချွိုင်ကိုလည်း ခြိမ်းခြောက်တောင်းခံခြင်းနှင့် မသမာမှုပြုလုပ်ရန်ကြိုးပမ်းခြင်းတို့ဖြင့် စွဲချက်တင်ထားသည်။

နိုင်ငံရေးအရ မျက်နှာသာပေးခံရစေရန် အတုံ့အလှည့်အနေနှင့် ယခုကဲ့သို့ လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဟု အစိုးရရှေ့နေများက စွပ်စွဲထားပြီး ယင်းလုပ်ငန်းစုကြီးများနှင့် ဆက်စပ်အစိုးရ အဖွဲ့အစည်းများကိုလည်း အကြိမ်ကြိမ်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

ယခုအရှုပ်တော်ပုံတွင် သမ္မတပတ်ကိုယ်တိုင်ကြံရာပါအဖြစ် ပါဝင်နေသည်ဟု စွပ်စွဲခံထားရသော်လည်း သမ္မတဘက်မှ ငြင်းဆိုထားသည်။

လွှတ်တော်တွင် လာရောက်ဖြေဆိုခဲ့ရသည့် လုပ်ငန်းစုကြီးများ၏ အကြီးအကဲများမှာ ပုံမှန်အားဖြင့် လူရှေ့ထွက်လေ့မရှိဘဲ နောက်ကွယ်တွင်သာ ကြိုးကိုင်ခြယ်လှယ်သူများဖြစ်သည်ဟု BBC ၏ ဆိုးလ်သတင်းထောက် စတီဖင်အီဗန်စ်က သုံးသပ်သည်။

ယခုကြားနာမှုတွင် ညာဘက်လက်များ မြှောက်ပြီး အမှန်ကိုဖြေဆိုပါမည်ဟု ကျမ်းကျိန်ခဲ့ရသလို အလေ့အကျင့်မရှိသည့် ပုံမှန်အားဖြင့် ရိုင်းပျသည်ဟု ထင်စရာရှိသောမေးခွန်းများကိုပါ ဖြေဆိုပေးခဲ့ရသည်။

သတင်းထောက်များကိုပါ အနီးကပ်သတင်းရယူ ဓာတ်ပုံရိုက်ခွင့်ပေးထားခဲ့သလို တစ်နိုင်ငံလုံး တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

ဆမ်ဆောင်းအုပ်စု၏ယာယီဦးဆောင်သူဖြစ်သော လီဂျေယောင်းမှာ မေးခွန်းများအတွက် မသက်မသာဖြစ်နေပုံကို ဖုံးကွယ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ အိပ်ရာထဲလဲနေသည့် ဖခင်ဖြစ်သူအကြောင်း ရည်ညွှန်းပြောကြားချိန်တွင် မျက်ရည်ဝဲနေခဲ့သည်။

အမေးခွန်းမည်မျှ ဆောင်ထားပါသနည်းဆိုသော မေးခွန်းကို သူမသိဟုသာ ဖြေကြားသွားခဲ့သည်။ သမ္မတ၏ မိတ်ဆွေထိန်းချုပ်ထားသော ရန်ပုံငွေအဖွဲ့များကို လှူဒါန်းမှုနှင့် ပတ်သက်၍လည်း ခုခံပြောကြားခဲ့သည်။

သူ့ကုမ္ပဏီသည် အများကောင်းကျိုးလုပ်သည်ဟု ယူဆသည့်အဖွဲ့အစည်းများကို မကြာခဏ လှူဒါန်းလေ့ရှိကြောင်း ဖြေဆိုသွားခဲ့သည်။

ယခုကြားနာမှုတွင် လွှတ်တော်အမတ်များမှာ လီဂျေယောင်းကို အဓိကထား မေးခွန်းထုတ်ခဲ့ကြသည်။ ဆမ်ဆောင်းအုပ်စုအတွင်း လီဂျေယောင်း၏ အင်အားခိုင်မာသွားစေသည့် အငြင်းပွားဖွယ်ကုမ္ပဏီချင်း ပေါင်းစပ်မှုတစ်ခုအတွက် ထောက်ခံမှုရစေရန် အပြန်အလှန်အနေနှင့် လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

"ယဉ်ကျေးမှုနဲ့ အားကစားအပါအဝင် လူ့အဖွဲ့အစည်း ကဏ္ဍစုံကနေ ဒီလိုမျိုး အလှူခံတာတွေရှိတတ်ပါတယ်။ ကျွန်တော်တို့တစ်ခါမှ အကျိုးလိုလို့ ညှောင်ရေလောင်းခဲ့တာ (quid pro quo) မျိုး မရှိခဲ့ပါဘူး။ ဒီဖြစ်စဉ်မှာလည်း အတူတူပါပဲ" ဟု လီက ပြောကြားခဲ့သည်။

ချီဘိုးလ်ဟု ထင်ရှားသည့် တောင်ကိုရီးယား၏ မိသားစုအနည်းငယ်ကသာ ချုပ်ကိုင်ထားသော လုပ်ငန်းစုကြီးများမှာ ဘဝင်မြင့်ကာ ဥပဒေကို လက်တစ်လုံးခြား လုပ်နေကြသူများအဖြစ် ဝေဖန်ခံနေရပြီး တောင်ကိုရီးယား ပြည်သူအများစု၏ အမျက်ဒေါသနှင့် ရင်ဆိုင်နေရသည်။

အရှုပ်တော်ပုံကြောင့် ရာထူးမှနုတ်ထွက်ရန် တောင်းဆိုခံနေရသည့် သမ္မတပတ်သည် သူမည်သည့်အချိန်တွင် မည်သည့်ပုံစံဖြင့် ရာထူးမှဆင်းပေးရမည်ဆိုခြင်းကို လွှတ်တော်ကသာ ဆုံးဖြတ်ပေးပါရန် ပြီးခဲ့သည့်အပတ်က တောင်းဆိုခဲ့သည်။

■ F-03

## ALSO IN NEWS

### သမ္မတအလုပ်ဆိုတာ ကျွန်တော်ထင်ထားတာထက် ပိုကြီးသကိုးဗျ

သမ္မတအလုပ်ဆိုတာ ထင်သလောက် မလွယ်ပါဘူးလို့ ဒေါ်နယ်ထရမ့်က ဝန်ခံပြောကြားခဲ့တယ်လို့ ထိပ်တန်းရီပတ်ဘလစ်ကန်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်တဲ့ ဂျင်းဂရစ်ဂျ်က ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဒေါ်နယ်ထရမ့်နဲ့တွေ့ဆုံခဲ့ပြီးနောက်မှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဘီလျံနာ စီးပွားရေးသမားကြီးက ဘဲဥပုံရုံးခန်း (အမေရိကန်သမ္မတရုံးခန်း) ရဲ့ ခက်ခဲကြီးလေးတဲ့ တာဝန်တွေကို စပြီး အသိအမှတ်ပြုတာဖြစ်ပါတယ်။

"ကျွန်တော်ထင်ထားတာထက် ပိုကြီးတဲ့အလုပ်ဖြစ်ပါတယ်"လို့ သူက မှတ်ချက်ပြုခဲ့ပါတယ်။ "ဒါဟာ ကောင်းပါတယ်။ သူ ဒီလိုပဲ တွေးသင့်ပါတယ်"လို့ ဂျင်းဂရစ်ဂျ် က ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့သမ္မတတစ်ယောက်အနေနဲ့ စစ်ပွဲရော၊ ငြိမ်းချမ်းရေးရော လက်ထဲမှာရှိနေပါတယ်။ အာဏာကြီးကြီးမားမားရှိပါတယ်။ ဒီအရာဟာ သမ္မတရုံးကိုရော၊ သင့်ဆီကိုရော ကျရောက်လာမှာဖြစ်ပါတယ်လို့ လွှတ်တော်ဥက္ကဋ္ဌဟောင်းက ပြောကြားခဲ့ပါတယ်။ အိုဘားမားနဲ့ လာရောက်တွေ့ဆုံပြီးတဲ့နောက်မှာ ဒေါ်နယ်ထရမ့်ဟာ သမ္မတတာဝန်ရဲ့ကြီးလေးများပြားမှုတွေကို စိတ်လေးလံသွားခဲ့ပုံရပါတယ်တဲ့။ ဒေါ်နယ်ထရမ့်ဟာ သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလက ပြောချင်တိုင်းပြောခဲ့ပေမယ့် ရွေးကောက်ပွဲနိုင်ပြီးနောက်ပိုင်း သတိထားပြောဆိုလာတာကို တွေ့ရပါသတဲ့။

■F-02



### တရားခံတစ်ဦးကို လိုက်ဖမ်းတဲ့ ယူကရိန်းရဲတွေ မှားပြီး အချင်းချင်းပစ်မိလို့ ငါးဦးသေ

ခါးပြဂိုဏ်းတစ်ဂိုဏ်းကို လိုက်ဖြိုခွင်းတဲ့ရဲတွေဟာ ဒီဇင်ဘာလ ၄ ရက်နေ့က အချင်းချင်း မှားယွင်းပစ်ခတ်မိလို့ တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားခဲ့တယ်လို့ ယူကရိန်းပြည်တွင်းမီဒီယာတွေက ဖော်ပြထားကြပါတယ်။ မြို့တော်ရဲ့အနောက်ပိုင်း ၁၅ ကီလိုမီတာအကွာက ကန်ယက်ဇ်ချီရွာမှာ အဲဒီမတော်တဆမှု ဖြစ်ပွားခဲ့တာပါ။

ဒီဖြစ်ရပ်ဟာ မနက်ခင်း ၄ နာရီအစောပိုင်းမှာ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က ခါးပြဂိုဏ်းတစ်ဂိုဏ်းကို လက်ရဖမ်းဖို့ ကြိုးစားရာက ဖြစ်ပွားခဲ့တာပါ။ အိမ်တစ်အိမ်ကို ခါးပြတိုက်မယ့်သတင်းကို ရဲက ကြိုရထားပြီး ခါးပြတွေကို ထောင်ဖမ်းဖို့ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဆောက်လက်စအိမ်တစ်ခုထဲဝင်ပုန်းပြီး စောင့်ဆိုင်းနေတဲ့ ဒုစရိုက်နှိမ်နင်းရေး ရဲနှစ်ဦးဟာ ခါးပြတွေလာခဲ့ရင် အချက်ပြရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အနီးအနားအိမ်တစ်လုံးက အချက်ပေးစနစ်က အသံထမြည်ခဲ့ပြီး တခြားရဲတပ်ဖွဲ့တစ်ဖွဲ့က ရောက်လာကာ နှင်းပေါ်ကခြေရာတွေကို ခြေရာခံပြီးတော့ ဆောက်လက်စအိမ်ထဲမှာပုန်းနေတဲ့ ဒုစရိုက်နှိမ်နင်းရေး ရဲနှစ်ဦးကို ဖမ်းဆီးခဲ့ပါတယ်။

အသင့်စောင့်နေတဲ့ ဒုစရိုက်နှိမ်နင်းရေးရဲတွေက ခါးပြတွေရောက်လာပြီး သူတို့ရဲနှစ်ဦးကို ဖမ်းသွားပြီလို့ထင်ပြီး ပစ်ခတ်ပြီး ဝင်ကယ်ကြပါတယ်။ တကယ်က အားလုံးက ရဲတွေပါပဲ။ စခန်းရဲတွေနဲ့ ဒုစရိုက်နှိမ်နင်းရေးရဲတွေရဲ့တိုက်ပွဲက ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပါတယ်။ ဒီအချိန်မှာ တကယ့်ခါးပြတွေရောက်လာပြီး သေနတ်သံတွေကြားလို့ ထွက်ပြေးသွားခဲ့ပါတယ်။ နောက်ပိုင်း သူတို့ကို ပြန်မိပါတယ်လို့ ရဲတပ်ဖွဲ့က ထုတ်ပြန်ထားပါတယ်။

Ref: UPI ■ F-02

